


www.burmeseclassic.com
လုံးချင်းဝတ္ထုသစ်
သဇင်မြတ်နိုး
ကမ္ဘာမတူတဲ့ချစ်သူ
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးကျော်ဆန်း (မြဲ-၀၉၃၂)<br>ရဲအောင်စာပေ၊ အမှတ်(၂)၊<br>ချွန်း(၁)လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျော်ရှင် (မြဲ-၁၀၀၉၈)<br>(ရွှေခြင်္သေ့ပုံနှိပ်တိုက်)<br>အမှတ်-၁၇၇၊ ၃၁လမ်း (၁၁)ရပ်ကွက်<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၄ ခုနှစ်၊ မတ်လ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဖိုးလပြည့်စာပေ<br>အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉ ၅၁၆၃၇၆၄ ၀၉-၅၀၀၉၈၉၄ |

၈၉၅-၈၃

သင်မြတ်နိုး

ကမ္ဘာမတုတဲ့ချစ်သူ/သင်မြတ်နိုး၊ ရန်ကုန်၊

ရဲအောင်စာပေ၊ ၂၀၁၄။

(၂၅၆)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) ကမ္ဘာမတုတဲ့ချစ်သူ


BURMESE CLASSIC

## အခန်း ( ၁ )

နာမည်က မိုးစက်ပွင့် ...

ဒါပေမဲ့ ...

အိမ်ဖော်မကြီး ဒေါ်အေးတင်ရဲ့ မြေးတစ်ယောက်အဖြစ် ကြီးပြင်းလာခဲ့ရသည်။

မိဘတွေကိုတော့ သိခွင့်မရှိခဲ့။

"မြေး မိဘတွေ ဘယ်သူလဲဆိုတာတော့ ဘယ်တော့မှ မေးခွင့်မရှိဘူးနော် မိုးစက်ပွင့် ... "

ဖွားအေးက သူမအား မိုးစက်ပွင့်ဟုပဲ အမြဲတမ်း ခေါ်ဝေါ် သုံးစွဲတတ်သည်။

အိမ်ဖော်မကြီးရဲ့ မြေးနာမည်က မိုးစက်ပွင့်ဆိုတော့ ရယ်မောနောက်ပြောင်ချင်စရာတစ်ခု ဖြစ်တော့၏။

"မိုးစက်ပွင့်"

**ဖိုးလပြည့်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

"ညည်း ပညာတတ်တစ်ယောက်ဖြစ်အောင် ကြိုးစားရမယ်၊ ဖွားအေးရဲ့ ဘဝမျိုးနဲ့ညည်းဘဝတစ်လျှောက်လုံး အဆုံးသတ်မသွားစေရဘူး"

ဖွားအေးကတော့ သူမအား အစေအပါးတစ်ယောက်အဖြစ် အမြဲဆက်လက်ရပ်တည်သွားမှာကို မလိုလားနိုင်ပေ။

"ငယ်စဉ်က သူများအိမ်မှာ ခိုကပ်နေရတဲ့ မိုးစက်ပွင့်က ကြီးပြင်းလာတဲ့တစ်နေ့မှာ အရှင်သခင်မ တစ်ယောက်ဖြစ်လာနိုင်တာပဲ၊ မြေး ဘာမှအားမငယ်နဲ့၊ မြေးဘဝမှာ အင်အားတွေပြည့်နေအောင် ဖွားအေး လေ့ကျင့်ပေးမယ် ..."

ဖွားအေးက အိမ်မှုကိစ္စတွေထက် ပညာရေးကိုသာ မိုးစက်ပွင့် သင်ကြားလေ့ကျင့်နေခဲ့ရသည်။

မိုးစက်ပွင့် လုပ်ရမယ့်အလုပ်တွေကို ဖွားအေး ဒိုင်ခံလုပ်ခဲ့၏။

"ရှင့်မြေးကိုလည်း နည်းနည်းပါးပါးမှုပြီး ခိုင်းသင့်တယ်၊ မအေးတင် ညည်း အသက်ကြီးပြီနော် ..."

အိမ်ရှင် ဒေါ်မမနှင်းကတော့ မိုးစက်ပွင့်အား မလိုလားတဲ့ မျက်ဝန်းတွေနှင့်ကြည့်ကာ အမြဲတမ်း နှိမ့်ချဆက်ဆံချင်သည်။

"ကျွန်မမြေးကို ကျွန်မလိုဘဝမျိုးမှာတော့ ဘယ်တော့မှ အရောက်မခံဘူး မမနှင်း၊ အလုပ်ကထွက်ဆိုလည်း ထွက်မယ်"





ဖွားအေး အလုပ်ကထွက်သွားမှာတော့ ဒေါ်မမနှင်း အကြောက်ဆုံးဖြစ်သည်။

ဘာကြောင့်မှန်းမသိ။

သူမနှင့်ပတ်သက်တာတွေ ဘယ်တော့မှ ပြောဆိုကန့်ကွက်ခြင်း မရှိတော့။

ကျေနပ်ပုံတော့မရ။

ဖွားအေး လစ်လျှင်လစ်သလို ဆူပူကြိမ်းမောင်းတက်သည်။

"မမနှင်းဆိုတဲ့မိန်းမက စိတ်ပုပ်တယ် မိုးစက်ပွင့်၊ မြေးလေး သူနဲ့ဝေးအောင်နေ"

သူမနှင့် ဖွားအေးက တိုက်ကြီးရဲ့ အနောက်ကျကျမှာ ဆောက်ထားတဲ့ အစေခံ တန်းလျားမှာ နေထိုင်ကြရသည်။

ထမင်းနှင့်ဟင်းကိုတော့ ဖွားအေးက ချက်ပြုတ်ပြီး ယူဆောင်ကျွေးတတ်၏။

"အိမ်ကြီးထဲမှာ သူတို့စားပြီးသား အကြွင်းအကျန် မုန့်တွေ စားသောက်စရာတွေတော့ ရှိတယ်မြေး၊ ဖွားအေးက တမင်ယူမကျွေးတာ၊ အကြွင်းအကျန် စားရတယ်ဆိုတဲ့ဘဝထက် ဘာမှမစားရတာက ဂုဏ်ရှိတယ် မိုးစက်ပွင့် ..."

ဖွားအေးက မရှိသေးကြီးတဲ့ မာန်မာနတွေနှင့် သူမအား လေ့ကျင့်ပေးကာ ကြီးပြင်းလာစေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှုကိစ္စတွေအားလုံးကို ဖွားအေးတစ်ယောက်တည်း ဒိုင်ခံလုပ်စေခဲ့သည်။

"မိုးစက်ပွင့်လည်း ဝိုင်းကူပြီး လုပ်ပေးပါရစေဦး၊ ဖွားအေးလဲ အသက်ကြီးပြီလေ၊ ပင်ပန်းလွန်းပါတယ်"

"မလုပ်ရဘူး မိုးစက်ပွင့်၊ ညည်းစိတ်တွေကို ခပ်မြင့်မြင့်ထားစမ်းပါ ... ညည်း သာမန် မိန်းကလေးတစ်ယောက်အဖြစ် ဘဝကို ရပ်တည်သွားစေချင်လို့ပါ"

ဖွားအေးရဲ့ ချစ်ခြင်းမေတ္တာတွေနှင့် သံယောဇဉ်တွေက ကြီးမားလွန်းသည်။

မိုးစက်ပွင့်က ဖွားအေးကို ကူညီချင်ပေမယ့် လက်မခံ။

ခါးခါးသီးသီးပင် ငြင်းဆန်နေတော့သည်။

"မြေးလေးက အရမ်းချောတယ်၊ တစ်နေ့ကျရင် တော်ကောက်ခံရမယ့် မိန်းကလေးပဲ"

"တော်ကောက်တယ်ဆိုတာ ဘာလဲဟင် ဖွား ..."

"တစ်နေ့တော့ မြေးလေး နားလည်လာမှာပါ"

ဖွားအေးက သူမနှင့်ပတ်သက်တာတွေ လုံးဝ ရေငုံနှုတ်ပိတ်နေခဲ့သည်။

မိဘတွေအကြောင်း လုံးဝမေးမြန်းစုံစမ်းခွင့် မရှိ။

ပြောလည်း မပြောပေ။





"ဖွားအေး ..."

"ပြော ..."

"မိုးစက်ပွင့်ကို ဖွားအေးက ပညာတတ်ကြီးဖြစ်စေချင်တာ ဖွားမှာ သင်ပေးနိုင်တဲ့ ပိုက်ဆံ ရှိလို့လား"

ဖွားအေး မျက်ဝန်းတွေက အရောင်တောက်ပစွာ ခပ်စိမ်းစိမ်း စိုက်ကြည့်သည်။

"ညည်းသိပ်ပြီး အမေးအမြန်းထူတာပဲ မိုးစက်ပွင့်၊ အရေးကြီးတာက ညည်းပညာကို ကြိုးစားဖို့ပဲ၊ ဖွားအေး မျက်စိမမှိတ်ခင် မြေးဘဝလေး အေးချမ်းနေတာ ဖွားမြင်ပါရစေ"

မိုးစက်ပွင့်ကလည်း ဖွားအေးဆန္ဒတွေ ပြည့်ဝစေခဲ့သည်။

ပညာ ကြိုးစား၏။

ဖွားအေး သွင်းတဲ့ပုံစံခွက်ထဲသို့ တစ်ထပ်တည်း ဝင်သွားခဲ့သည်။

အိမ်ဖော်မကြီးရဲ့ မြေး။

မာနကြီးသည်။

ဣန္ဒြေသိက္ခာ ကြီးမားလွန်းစွာဖြင့် ဘဝကို ဖြတ်သန်းကြီးပြင်းစေ၏။

အခုဆိုရင် ...

မိုးစက်ပွင့် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲကို ဂုဏ်ထူးများစွာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အောင်မြင်ခဲ့သည်။

ဝမ်းမြောက်ဝမ်းသာ ဖြစ်ရဆုံးက ဖွားအေးပဲ ဖြစ်၏။

သူမ အောင်စာရင်းထွက်သည့်နေ့က ဖွားအေး မျက်ရည်တွေ စီးကျလာတဲ့အထိ ဝမ်းသာပီတိတွေ ဖြစ်ခဲ့ရသည်။

ခက်တာက ...

သူမ ကျောင်းစရိတ်အတွက်ပင်။

"ဖွားအေး ..."

"ပြော ..."

"မိုး ကျောင်းစရိတ်အတွက် ဘယ်ကရမလဲ၊ သမီးဆေးတက္က သိုလ်တက်ရင်ပဲဖြစ်ဖြစ်၊ UFL English တက်ရင်ပဲဖြစ်ဖြစ်လေ"

ဖွားအေးက အပြုံးမပျက်ဘဲ ရှိသည်ဟု ပြောလိုက်သဖြင့် မိုး စက်ပွင့် တအံ့တသြ ဖြစ်သွားမိသည်။

စဉ်းစားကြည့်လေ ...

ဖွားအေးလခ စုဆောင်းထားတာပဲထား။

ကျောင်းဆက်တက်ရမည့်နှစ်က မလွယ်ပေ။

"မိုး သိရသလောက် တစ်နှစ် တစ်နှစ်ကုန်ကျငွေက မနည်း ဘူးနော်ဖွား ... နှစ်က အကြာကြီးတက်ရမှာ"

အိမ်ကြီးရှင် ဒေါ်မမနှင်းကလည်း သိပ်ကြည်လင်တာ မဟုတ်။





အဖက်မတန်သလို နေသည်။

သူမ ရှိနေတာပင် မလိုလားပေ။

ဒေါ်မမနှင်းတွင် သူမထက်ကြီးသော သားတစ်ယောက်ရှိ နေသည်။

သားအား သူမနှင့်နီးစပ်မှာစိုး၍ မိုးစက်ပွင့်တို့မြေးအဖွား နေသည့် အစေခံတန်းလျားသို့ သွားမလည်ပတ်စေရန် တားမြစ် ထားသည်။

သူမသားကလည်း တစ်ခါတစ်ရံမှသာ လာလည်သည်။

"ကျွန်မသား လာလည်တဲ့အခါကျရင် ဒေါ်အေးတင်မြေးကို အခန်းထဲကနေ မထွက်စေနဲ့ ..."

ဒေါ်မမနှင်းက အမိန့်ပေးထားခဲ့သည်။

ဖွားအေးကလည်း မာနကြီး၏။

မိုးစက်ပွင့်ကို ဘယ်တော့မှ အခန်းထဲမှ မထွက်စေခဲ့ရ။

"တစ်နေ့ကျရင် ဒင်းတို့သားထက်သာတဲ့ ယောကျ်ားတစ် ယောက်ကို ညည်းရွေးချယ်လက်ထပ်ရမယ်"

ဖွားအေးက မာနတကြီးနှင့် ပြောဆိုနေတတ်သည်။

"ဖွားအေးမှာ သမီးကိုမွေးစားမယ့် လူတစ်ယောက်ရှိတယ် မိုးစက်ပွင့် ..."

"ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



သူမ တအံ့တသြနှင့် ဖွားအေးအား စိုက်ကြည့်နေမိသည်။

ဖွားအေး စကားတွေကို သူမ နားကြားလွဲသွားတာလားဟု ထင်မိ၏။

"သမီးကို မွေးစားမယ့်သူရှိနေတယ် ဟုတ်လား ..."

"ဟုတ်တယ် မြေး ... သူက အရမ်းချမ်းသာတဲ့ လူတစ်ယောက်ပဲ၊ အသက်အရွယ်ကတော့ လူလတ်ပိုင်းလောက်ပေါ့ကွယ်"

"ရှင် ..."

အံ့သြပြီးရင်း အံ့သြသွားရတော့သည်။

ဖွားအေးကတော့ ဆေးပေါ့လိပ်ကို ဖွာရင်း ပြုံးနေ၏။

"မိုးစက်ပွင့်"

"ရှင် ..."

"မြေးဟာ မကြာခင် လူတကာမော်ကြည့်ရတဲ့ ရွှေအိမ်စံ အရှင်သခင်မလေး ဖြစ်တော့မယ်"

"ဟင် ..."

ဖွားအေးပြောနေတာတွေကို သူမ နားမလည်နိုင်သဖြင့် ငေးကြောင်စွာ ကြည့်မိနေ၏။

"သမီးကို မွေးစားမယ့် မောင်စစ်မျိုးပိုင်က အရမ်းချမ်းသာတယ်၊ မိဘတွေက မကြာခင်ကမှ ကွယ်လွန်သွားရှာတယ်၊ သမီးလိုပဲ တစ်ကောင်ကြွက်"





ဒီလူက ဘယ်လိုလူမျိုးလဲ။

သဘောရော ကောင်းပါ့မလား။

စစ်မျိုးပိုင်တဲ့။

"အရမ်းချမ်းသာတယ်၊ အမဆိုလို့ ယင်မတောင် မသန်းဘူးသေးတဲ့ လူပျိုကြီးတစ်ယောက်ပဲ မိုးစက်ပွင့် ..."

ဖွားအေးစကားရဲ့ ဦးတည်ချက်တွေကို သူမ နားလည်မိနေသလိုလိုပင်။

အပြုံးတွေက ရွှန်းလဲ့တောက်ပစွာ ချိုရီနေသည်။

"ဖွား ..."

"နေဦး ... ညည်းသိချင်တာတွေကို ကျုပ်ပြောပြမယ် မိုးစက်ပွင့်"

ဖွားက ရွှတ်နောက်နောက်နှင့် သူမကိုပြောသည်။

စိတ်တော့ ညစ်သွားသလိုပဲ။

သူမက မာနရှိသည်။

ဖွားပဲ မာနရှိရမယ်တဲ့။

မိန်းကလေးဆိုတာ ဣန္ဒြေသိက္ခာ ကြီးမားစွာနဲ့ ကိုယ့်တန်ဖိုးကို အမြင့်ဆုံးတင်ထားနိုင်ရမယ်တဲ့။

"မောင်စစ်မျိုးပိုင်က ညည်းလေးကို စာမေးပွဲအောင်စာရင်းထွက်တဲ့နေ့ကမှ စတွေ့တာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

"ပတ်ဝန်းကျင်မှာ စုံစမ်းကြည့်တော့ ညည်းအကြောင်းတွေ သိတာတဲ့"

"ဖွားနဲ့က ..."

"ကုပ်ဈေးသွားဝယ်တော့ မောင်စစ်မှူးပိုင်က ကျုပ်ကို လာဆက်သွယ်တယ်၊ ဖြစ်နိုင်မယ်ဆိုရင် သူက ညည်းပညာရေး အတွက် ထောက်ပံ့ပါရစေတဲ့"

"ဖွားက ချက်ချင်းကြီးပဲ လက်ခံလိုက်လားဟင်"

စိတ်ပျက်စွာဖြင့် မေးမိသည်။

"လက်မခံသေးပါဘူး ... ဖွားက ဝမ်းသာသွားတယ် မိုးစက်ပွင့် ... မြေး စဉ်းစားကြည့်လေ၊ ဒီမှာ အနှိမ်ခံဘဝနဲ့ ဖွားမြေးနေခဲ့ရတာပဲ"

အိမ်ကြီးရှင်တွေက တိုက်ကြီးပေါ်တက်ခွင့်မပေး။

"ဖွားမြေးကို ဒင်းတို့ထက်သာတဲ့ ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်စေချင်တာ"

"ဖွား စိတ်ကူးယဉ်နေတာပဲ၊ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကိုလည်း ဖွားစဉ်းစားပါဦး ..."

"သမီးကညာ အခါမလင့်စေနဲ့တဲ့၊ မြေး စဉ်းစားကြည့်စမ်း၊ မောင်စစ်မှူးပိုင်က မြေးကို မြင်မြင်ချင်း တန်းတန်းစွဲဖြစ်ပြီး စုံစမ်း





ခဲ့တာပဲ၊ ပြီးတော့ ... ဖွားတို့ မြေးအဖွားနှစ်ယောက်လုံး သူ့တိုက်မှာ အေးအေးချမ်းချမ်း လာနေပါတဲ့"

"ဟင် ..."

"မဟင်နဲ့လေ ... ဖွားကတော့ လက်ခံမယ်၊ မြေးရဲ့ပညာရေး အတွက်ရော၊ အနာဂတ်သာယာရေးအတွက်ရော ..."

"မိုးက အိမ်ဖော်မကြီးတစ်ယောက်ရဲ့ မြေးပါအဖွား၊ သူက မြေးကို အထင်ကြီးမှာတဲ့လား"

"အဲဒါတော့ ဖွားတို့စောင့်ကြည့်မှာပေါ့၊ ကောင်လေးက မဆိုး ပါဘူး၊ ဖွားအပေါ် တရိုတသေ ဆက်ဆံပါတယ်"

သူမဘဝအတွက် အနာဂတ်လှပရေးထက် လောလောဆယ် ဂုဏ်သိက္ခာမဲ့စွာ ယောကျ်ားတစ်ယောက်အိမ် သွားနေရမယ့် အဖြစ် တွေကို သူမ စဉ်းစားမရ ဖြစ်နေသည်။

အရှက်သိက္ခာမဲ့တဲ့အဖြစ်အပျက်တွေဟု တွေးနေမိ၏။

"မြေး သဘောမတူဘူး"

ဖွားအေးရဲ့ ဝင်းလက်နေတဲ့မျက်နှာက မှိုင်းညို့သွားတော့ သည်။

အိုစာသွား၏။

"ဖွား အသက်ကြီးလာလို့ ကျုပ်ဆန္ဒတွေနဲ့ ဆန့်ကျင်ဘက် လုပ်တာလား မိုးစက်ပွင့်"



www.burmeseclassic.com

www.burmeseclassic.com



ဖွားလေသံတွေက သူမတစ်သက် ဒီလောက်အထိ တင်းမာခက်ထန်သွားတာ မတွေ့မမြင်ဖူးခဲ့ဘူးလေ။

ဆတ်ခနဲ ကြည့်သည်။

"ညည်း လက်ခံရမယ်၊ ဒီမှာဆက်နေရင် ကျုပ်ဘယ်လို ပညာသင်ရမလဲ၊ ကျုပ် တွေ့မြင်ချင်တဲ့ ပညာတတ်ကြီးတစ်ယောက် ဖြစ်လာမလဲ"

ဖွားစကားတွေကို ဆန့်ကျင်ပြောဆိုရန် ရုတ်တရက် ခက်သွားရသည်။

"မိုးစက်ပွင့် ..."

ညို့မှိုင်းရင့်ရော်နေတဲ့ မျက်ဝန်းအစုံက အသနားခံခြင်းတွေလည်း ရောစွက်နေသည်ဟု ထင်မိသည်။

"ညည်း လက်ခံရမယ်၊ သူက ညည်းကိုမွေးစားမယ့်သဘောပါ။ ပညာဆုံးခန်းတိုင်တဲ့အထိ ထောက်ပံ့သွားမှာပါ။ မမနှင်းကပြောတယ်၊ သူသွားပြန်လာတော့မှာမို့လို့ မိုးစက်ပွင့်ကို ဘော်ဒါဆောင်မှာ ထားပါတဲ့"

"ဟင်"

"ကြောင်အိုတော့ ကြွက်မလေးတော့ဘူးပေါ့ မိုးစက်ပွင့်၊ ဖွားက အသက်ကြီးနေပြီ၊ အလုပ်မလုပ်နိုင်တော့ဘူး ... ကျုပ်မရှိလဲ ဒင်းတို့အရေးမကြီးတော့တာပဲလေ ..."





အရင်ကတော့ ဖွားကို ငယ်မွေးခြံပေါက်၊ သစ္စာရှိတဲ့လူယုံအဖြစ် လက်သပ်မွေးထားခဲ့တာလည်း ပါသည်။

တခြားအကြောင်းအရာတစ်ခုလည်း ရှိသေးသည်ဟု ပြောၓ်။

"မမနှင်းက အဆင့်အတန်းခွဲခြားတတ်တဲ့ မိန်းမတစ်ယောက်ပဲ မိုးစက်ပွင့် ... လောဘရမ္မက်လဲကြီးတယ်"

"ဖွား"

"ပြော"

"မိုး ... မိဘတွေရော ..."

"တိတ်စမ်း ... ညည်းမိဘတွေ သေပြီလို့ ကျုပ်ငယ်ငယ်လေးကတည်းက ပြောထားပြီးပြီပဲ၊ ဘာမှဆက်မမေးနဲ့တော့"

ဖွား စိတ်အနှောက်အယှက်ဖြစ်မှာကိုတော့ သူမ လုံးဝမလိုလားမိ။

အသက်အရွယ် ရနေပြီပဲ။

သူမဘဝရှေ့ရေးအတွက် ကျိုးရှန်းအလုပ်လုပ်ကာ မြေတောင်မြှောက်ပေးခဲ့သော ဖွားရဲ့စိတ်ချမ်းသာမှုကိုတော့ မလွဲမသွေ သူမ ပေးစွမ်းရမည်ဖြစ်သည်။

"မိုးစက်ပွင့်"

"ရှင် ..."

"ဖွားတို့ မြေးအဖွား နားခိုရာ အရိပ်မဲ့နေပြီ၊ မမနှင်းက မလို



www.burmeseclassic.com

www.burmeseclassic.com



လားတော့ဘူး၊ ကျုပ်က ဒင်းတို့ထက်သာတဲ့ လူတွေ့လို့ အရမ်းဝမ်းသာကျေနပ်နေတာလေ"

ဖွားဆန့်တွေကို ဆန့်ကျင်နိုင်တဲ့အင်အားတွေ မဲ့သွားတော့သည်။

"ညည်း လက်ခံပါ"

သူမ တိတ်ဆိတ်နေလိုက်သည်။

"ဘဝအတွက် အရှက်သိက္ခာကို ရင်းရတာပဲဟာ၊ ရင်းရကျိုးနပ်မယ်ဆိုရင်တော့ ရင်းရလိမ့်မယ် မိုးစက်ပွင့် ... "

ဖွားအေးသည် တစ်ခါတရံတော့လည်း ထူးဆန်းအံ့သြစရာကောင်းသောအယူအဆတွေနှင့် ပြုမူဆောင်ရွက်တတ်သည်။

ဥပမာဆိုရင် ...

သူမအား အိမ်ဖော်မကြီး မြေးကို အိမ်ဖော်မလေးဖြစ်မလာစေရန် ဆန့်ကျင်တွန်းလှန်ပစ်တာမျိုး။

နောက် ...

အတိတ်နိမိတ်ယူပြီး အကြွင်းအကျန်တွေ မစားစေခဲ့တာမျိုး။

ပညာတတ် မိန်းကလေးတစ်ယောက်ဖြစ်စေရန် လမ်းပြညွှန်ကြားပေးတတ်တာမျိုးတွေ ဖြစ်သည်။

❖--------❖

အခန်း ( ၂ )

မမနှင်းကို ဒေါ်အေးတင် ခေါင်းကိုမော့ ရင်ကိုမတ်ကာ ရင်ဆိုင်လိုက်သည်။

မိဘတွေ လက်ထက်ကတည်းက သစ္စာရှိ လူယုံတော်ကြီးတစ်ယောက်အဖြစ် မမနှင်းကို ရိုကျိုးစွာ ဆက်ဆံစရာမလိုတော့။

"ကျုပ်တို့မြေးအဖွား အိမ်ပြောင်းတော့မယ် မမနှင်း"

"ကောင်းတယ် ... ဒေါ်အေးတင်၊ ရှင့်အနေနဲ့ မမနှင်းမိဘတွေရဲ့ မျက်နှာထောက်ထားပြီး အေးအေးဆေးဆေး ထွက်သွားပေးတာပဲ ကျေးဇူးတင်ပါတယ်"

အေးစက်စက် မျက်ဝန်းတွေနှင့် ရင်ဆိုင်လိုက်သည်။

"ရှင့်မြေးက ရုပ်ချောလေးရှိတော့ လင်ကောင်းသားကောင်းရမှာပါ၊ ရှင်လဲ အသက်ကြီးပြီ၊ သူ့ကို ယောကျ်ားသာပေးစားလိုက်"

မိမိတို့ မြေးအဖွား ဘယ်ကိုပြောင်းမယ်၊ ဘာတွေလုပ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မမနှင်း မသိသေးဘဲ နှိမ်ချစကားတွေ ပြောနေသည်။

"မမနှင်း ..."

"ဘာလဲ ဒေါ်အေးတင်"

"ကျုပ်မြေးလေးက ဘယ်သူ့သွေးလဲဆိုတာ ညည်းသိတယ် နော်"

"ရှင်ကြီး ကာတိအတိုင်း ဟိုဟာမလေးကို လုံးဝမပြောလိုက် နဲ့နော်"

ဒေါ်မမနှင်း အကြောက်ဆုံးက မိုးစက်ပွင့်ဆိုတဲ့ ကောင်မလေးကို ဒေါ်အေးတင် အတိတ်အကြောင်းတွေ ပြောလိုက်မှာကို ပဲဖြစ်သည်။

"ကိုကျော်စံလည်း မကြာခင် နိုင်ငံခြားကနေ ပြန်လာတော့မယ် ဒေါ်အေးတင် ... သူ့သမီး သေပြီလို့ ပြောထားတာ"

လွန်ခဲ့သော ဆယ်နှစ်ခန့်ကမှ ကိုကျော်စံ နိုင်ငံခြားကို အလုပ်လုပ်ရန် ထွက်ခွာသွားခဲ့သည်။

မမနှင်းက သားသံယောဇဉ်နှင့် မလိုက်။

"ရှင်ကြီး မမနှင်းတို့မိဘတွေ မျက်နှာထောက်ထားပြီး သစ္စာရှိပါ ..."

"စိတ်ချပါ မမနှင်း ... ကျုပ်ထိန်းသိမ်းစောင့်ရှောက်ရင်း ကာတိအတိုင်း သစ္စာရှိခဲ့တာပဲဟာ"





ဒေါ်အေးတင်ကတော့ မမနှင်းတို့အပေါ် သစ္စာရှိပါရဲ့။

စိတ်ပူနေမိသည်။

ကိုကျော်စံ ပြန်လာတော့မှာပဲ ဖြစ်၏။

ဘာပဲပြောပြော ...

မမနှင်းကြောင့်သာ သမီးဖြစ်သူ အိမ်ဖော်မကြီး ဒေါ်အေးတင်ရဲ့ ထိန်းသိမ်းစောင့်ရှောက်မှုအောက်မှာ ထားတာ။

သံယောဇဉ်ရှိသည်။

မင်း ပြည့်ပြည့်စုံစုံ ထောက်ပံ့ပေးထားပါ မမနှင်းဟု ပြောတတ်၏။

ဒီကောင်မလေးကြောင့် သားကို အဖွားအိမ်မှာထားသည်။

အခုတော့ ...

ကိုကျော်စံရော သားရော ပြန်လာနေကြတော့မည်။

မိုးစက်ပွင့်ကိုတော့ သားနှင့်အနီးအစပ် မခံနိုင်ပေ။

"ဒေါ်အေးတင် ကိုယ်ချင်းစာကြည့်လေ၊ မမနှင်းသားက ရွှေခွန်စားပြီးမွေးတာ၊ ရွှေလင်ပန်းနဲ့ အချင်းဆေးတာ"

မမနှင်းက အဆင့်အတန်းခွဲခြားတတ်သော မိန်းမတစ်ယောက်ပဲ။

မပြောချင် ...

ကျေးဇူးတရားတွေက ထောက်ထားစရာ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်အေးတင်"

"ဟင် ..."

"ရှင်တို့ ဘယ်မှာနေမှာလဲ"

"မမတို့ တိုက်ထက် သာမယ်ထင်တယ်"

"ဒီကောင်မလေးအပေါ် မမနှင်းတို့ထက် သံယောဇဉ်မကြီးသင့်ပါဘူး"

ဒေါ်အေးတင်ဘဝမှာ မိဘမဲ့၊ နားခိုရာ ကင်းမဲ့နေသောအချိန်တွင် မမနှင်းမိဘတွေက ခေါ်ယူကျွေးမွေးစောင့်ရှောက်ခဲ့သည်။

မမနှင်းထက် နှစ်နှစ်လောက်ပဲ ကြီးမည်ဖြစ်၏။

"သွားမယ် မမနှင်း ..."

"ကျွန်မတို့အပေါ်တော့ ရှင်သစ္စာရှိပါ"

"စိတ်ချ"

မမနှင်းအပေါ် စေတနာမဲ့ပေမယ့် မမနှင်း မိဘတွေကတော့ ကျေးဇူးတရားတွေ ကြီးမားခဲ့ကြသည်။

ဒေါ်အေးတင် ထောက်ထားနေ၍ သစ္စာရှိနေခြင်း ဖြစ်၏။

မိုးစက်ပွင့် ...

အတိတ်ကို ပြန်တွေးမိသည်။

မမနှင်းနှင့် မောင်ကျော်စံ လက်ထပ်တော့ မမနှင်းက သားတစ်ယောက်အမေ မုဆိုးမ ဖြစ်၏။





မောင်ကျော်စံက လူပျို။

ဒါပေမဲ့ ...

ဆင်းရဲနွမ်းပါးတဲ့ ကောင်မလေးတစ်ယောက်နှင့်ငြိပြီး ထိုမိန်းကလေးမှာ ကိုယ်ဝန်ရှိသွားတော့သည်။

မောင်ကျော်စံက ထိုမိန်းကလေးအား လက်ထပ်ယူပေမယ့် မိဘတွေက ဇွတ်အတင်းခွဲကာ မမနှင်းနှင့် လက်ထပ်ပေးကြ၏။

ထိုမိန်းကလေးမှာ သမီးမိန်းကလေးတစ်ယောက် မွေးပြီး ဆုံးသွားသည်။

မောင်ကျော်စံက ထိုသမီးလေးအား မွေးချင်၏။

ဆွေမျိုးတွေနှင့် မမနှင်းက လက်မခံခဲ့ပေ။

စွန့်ပစ်ဖို့ စီစဉ်ကြသည်။

မောင်ကျော်စံက လက်မခံ။

မမနှင်းကိုပင် ကွာရှင်းပြတ်စဲဖို့ ကြိုးစားလာတော့သည်။

မိုးစက်ပွင့်ကို မောင်ကျော်စံ ရှိနေစဉ်ကတော့ မမနှင်းက ဘာမှမပြောရဲဘဲ ငွေကြေးကအစ ပြည့်ပြည့်စုံစုံ ထောက်ပံ့၏။

မောင်ကျော်စံ နိုင်ငံခြားသွားပြီး အလုပ်လုပ်ဟဲ့အချိန်တွင် မမနှင်းက စေတနာ မရှိတော့ပေ။

သားကိုပင် မိုးစက်ပွင့်နှင့် နီးစပ်မှာစိုး၍ အဝေးမှာသွားထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်ပွင့် ဆယ့်တစ်နှစ် သမီးအရွယ်တွင် မောင်ကျော်စံအား သမီးလေး ဆုံးပြီဟု အကြောင်းကြားခဲ့၏။

ဒေါ်အေးတင်ကို အကျပ်ကိုင်ပြီး ထောက်ခံခိုင်းခဲ့သည်။

မမနှင်းမိဘတွေကြောင့် မိမိလည်း ဟုတ်မှန်ကြောင်းပြောလိုက်ရသည်။

သမီးလေး မိုးစက်ပွင့် ဘဝပဲ။

ထိုအကြောင်းတွေကို သမီးလေး မိုးစက်ပွင့် လုံးဝမသိစေရ။

အိမ်ဖော်မကြီးရဲ့ မြေးတစ်ယောက်ဘဝနှင့် ဘဝကိုရှေ့ဆက်ရမည်။

ဒါပေမဲ့ ...

ဒေါ်အေးတင်က မရှိဆင်းရဲသားချင်း ကိုယ်ချင်းစာစွာ မိုးစက်ပွင့်လေးအား သူများအနှိမ်ခံဘဝမှ လွတ်မြောက်စေရန် ကြိုးစားလေ့ကျင့်ပေးခဲ့သည်။

အောင်မြင်ခဲ့၏။

မိုးစက်ပွင့်လေး ဘဝရဲ့ တောက်ပတော့မည့်အချိန် ရောက်လာရသည်။

မောင်စစ်မှူးပိုင်တဲ့။

ဒေါ်အေးတင် ဈေးဝယ်ပြီးအပြန်တွင် နောက်ဆုံးပေါ်ကားတစ်စီးက မိမိအနားမှာထိုးရပ်ပြီး လူရွယ်တစ်ယောက် ဆင်းလာ





သည်။

“ဒေါ်လေးက မိုးစက်ပွင့်ရဲ့ အဖွားနော်”

“ဟုတ်ပါတယ်ကွယ်”

“ကျွန်တော့်နာမည်က မောင်စစ်မှူးပိုင်ပါ”

တော်တော်လေး ချမ်းသာပုံရသည်ဟု ဒေါ်အေးတင် စဉ်းစားမိသည်။

သမီးလေး ချစ်သူများလား။

ပြောသံလည်း မကြားပါဘူး။

မိုးစက်ပွင့်က ပညာရေးကလွဲပြီး ဘာကိုမှ စိတ်ဝင်စားခြင်းမရှိ။

“ဒေါ်လေး”

“ပြော ... ”

“အေးအေးဆေးဆေး စကားပြောပါရစေ”

ဒေါ်အေးတင်ကို သူနေထိုင်ရာခြံကြီးထဲ ခေါ်သွားသည်။

ကြီးကျယ်ခမ်းနားတဲ့ တိုက်ကြီးတစ်လုံးရဲ့ ဧည့်ခန်းဆောင်ထဲက ထိနင်းရက်စရာ မရှိအောင် ခမ်းနားနေ၏။

မမနှင်းတို့ထက် ချမ်းသာတဲ့ လူတွေပဲ။

ဧည့်ခန်းကြီးထဲမှ အိစက်နေတဲ့ ဆိုဖာထိုင်ခုံတစ်လုံးပေါ်တွင် ထိုင်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ ဒေါ်လေး …"

မိမိအနေနှင့် ဘာမှနားမလည်နိုင်အောင် ဖြစ်သွားရသည်။

အရောင်အသွေး လှပလွန်းသော ကောဇောအိအိကြီးတွေကို ခြေထောက်နှင့်နင်းရမှာပင် တွန့်နေမိ၏။

"ဒေါ်လေးအေး …"

မိမိနာမည်အား တရိုတသေခေါ်နေ၍ ဒေါ်အေးတင်ပင် အံ့သြသွားမိသည်။

"ပြောပါ မောင်ရင် …"

"တခြားတော့ မဟုတ်ပါဘူး၊ မိုးစက်ပွင့် ပညာရေးအတွက် တာဝန်ယူပေးချင်လို့ပါ ဒေါ်လေးအေး …"

"ဟင် …"

မိုးစက်ပွင့်ကို အထက်တန်းကျောင်းသူဘဝမှာပင် သူတွေ့ခဲ့ကြောင်း ပြောသည်။

"မိုးစက်ပွင့်ကို စတွေ့တည်းက ကျွန်တော် စိတ်ဝင်စားခဲ့တာပါ ဒေါ်လေး"

မိုးစက်ပွင့်ကို လေ့လာတော့ အိမ်ဖော်မကြီးရဲ့မြေးတစ်ယောက်အဖြစ် သိလိုက်ရသည်။

"မောင်ရင်က ဘာဖြစ်ချင်တာလဲကွယ်"

"ဒေါ်လေးအေးနဲ့ မိုးစက်ပွင့် ကျွန်တော်နဲ့လာနေဖို့ပါပဲ"





"မြေးက သဘောတူလက်ခံပါ့မလား မောင်ရင် …"

မြေး မိုးစက်ပွင့်က ယောကျ်ားတစ်ယောက်ရဲ့အထောက်အပံ့ကို လက်ခံမှာမဟုတ်တာတော့ သေချာသည်။

မိမိက ငယ်စဉ်လေးကတည်းကပင် မာန်မာနရှိစေရန် လေ့ကျင့်ပေးထားခဲ့၏။

မမနှင်းက အကြွင်းအကျန်တွေကျွေးပေမယ့် မိမိကမကျွေး။

မောင်ကျော်စံရှိစဉ်ကတော့ ငွေကြေး ပြည့်စုံစွာ ပေးခဲ့သည်။

သမီးလေး မိုးစက်ပွင့်အား အဆင့်အတန်းရှိရှိ ထား၏။

နောက်ပိုင်း မတတ်နိုင်တော့။

မမနှင်းက သေဆုံးသွားပြီဟု ပြောလိုက်တဲ့အချိန်တွင် ငွေကြေး ထောက်ပံ့မှု နည်းပါးသွားခြင်းကြောင့် မိုးစက်ပွင့် ဆင်းရဲသွားရသည်။

မိမိကလည်း မမနှင်းဆန္ဒတွေကို မလွန်ဆန်နိုင်တဲ့အခြေအနေဖြစ်နေ၏။

"မောင်ရင် …"

"ဟုတ် … ပြောပါ"

"မောင်ရင်က ကျုပ်မြေးမကို မွေးစားချင်တာလား"

လက်ထပ်ဖို့ဆန္ဒရှိတာလားဟု မိမိ မမေးချင်၍ ဖြစ်သည်။

"ကျွန်တော် ကူညီထောက်ပံ့ချင်တာပါ၊ ဒေါ်လေးအေးတို့



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်နှစ်သက်သလို ယူဆလို့ ရပါတယ်"

"ကောင်းပြီလေ … ကျုပ်မြေးကို တိုင်ပင်ကြည့်တယ်"

"ဒေါ်လေး … "

"ပြော … "

"ဒေါ်လေးရဲ့ အမိန့်အာဏာနဲ့မှ မိုးစက်ပွင့်က လက်ခံမယ် ထင်တယ်"

"အင်း … မြေးက မာနရှိတယ် မောင်ရင် … ယောကျ်ား လေးတစ်ယောက်ရဲ့ အထောက်အပံ့ကို လက်ခံဖို့ဆိုတာ မလွယ် ဘူး"

မိုးစက်ပွင့်နှင့်ပတ်သက်ပြီး တန်ဖိုးတစ်ခုကို တင်ပေးလိုက် ရသည်။

ယောကျ်ားလေးတစ်ယောက်ရဲ့ ထောက်ပံ့မှုက ဘာလဲ။

ရှင်းနေသည်။

လက်ထပ်ယူဖို့ပါပဲ။

မောင်စစ်မှူးပိုင်က ချမ်းသာကြွယ်ဝပြီး လူကြီးလူကောင်း တစ်ယောက်ဖြစ်၍ ဟန်ဆောင်ကောင်းတာမျိုးပဲ ဖြစ်နိုင်သည်။

"မိုးစက်ပွင့် လက်ခံလာအောင်တော့ ဒေါ်လေး တာဝန်ယူ စေချင်တယ်"

"ကျုပ် အတင်းအကျပ်ပြောရမယ် ထင်တယ်ကွယ်"





မိုးစက်ပွင့်ကိုယ်တိုင်လည်း ထိုကိစ္စအား လက်ခံမှာမဟုတ်။

သေချာတာက ငြင်းဆန်မှာပဲ။

ပညာဆက်မသင်ဘဲ အလုပ်လေးတစ်ခုလုပ်ပြီး မြေးအဖွား နှစ်ယောက် သင့်တော်မည့် အိမ်လေးတစ်လုံး ငှားနေရန်ဖြစ်သည်။

"မိုး … ဆင်းရဲတာထက် သူများအိမ်မှာကပ်မနေချင်ဘူး အဖွား"

မြေးရဲ့စိတ်ကို သိနေသဖြင့် အဖြေပေးရခက်နေသည်။

"ကျုပ်စဉ်းစားမယ် မောင်ရင် … အရေးကြီးတာက သမီး လေး ပညာဆက်သင်ဖို့ပါပဲကွယ်"

သမီးလေး မိုးစက်ပွင့် ပညာဆက်သင်ရေးကိုတော့ အတတ် နိုင်ဆုံး ကြိုးစားလုပ်ဆောင်ရမည်သာ ဖြစ်သည်။

အိမ်ပြန်ရောက်တော့ မမနှင်းက ခေါ်ပြော၏။

"မမနှင်း ယောကျ်ားရော၊ သားပါ ပြန်လာနေကြတော့မယ် ဒေါ်အေးတင် … ရှင်ကြီး ဘာဆက်လုပ်မလဲ"

"ကျုပ် ဘာလုပ်ပေးရမလဲ မမနှင်း … "

"ကိုကျော်က သမီးသေပြီလို့ သိထားတော့ ဒေါ်အေးတင် တို့ပဲ ဒီကနေ ထွက်သွားပါ"

"ဟင် … "

နေစရာမဲ့သဖြင့် ခိုကပ်နေရတဲ့လူတွေ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မမနှင်းကိုလည်း မလွန်ဆန်နိုင်တဲ့ အခြေအနေဖြစ်၏။

မွေးစားမိဘသဖွယ်ဖြစ်ခဲ့ရသော မမနှင်းမိဘတွေမျက်နှာ ထောက်ထားရဦးမည် ဖြစ်သည်။

"အတော်ပဲ မမနှင်း ... ငါတို့မြေးအဖွားအတွက် နားခိုရာ ရပါပြီ"

"ဘယ်မှာလဲဟင်"

"လောလောဆယ်တော့ ကျုပ်မပြောချင်သေးဘူး မမနှင်း"

ဒေါ်အေးတင်အတွက်ကတော့ မောင်စစ်မှူးပိုင်ရဲ့ဆန္ဒတွေကို လက်ခံရတော့မည် အခြေအနေ ဖြစ်ခဲ့ရသည်။

မမနှင်းက လက်မခံတော့တာပဲ။

သမီးလေး မိုးစက်ပွင့်ကို အခြေအနေတွေအားလုံး ဖွင့်ပြောရ၏။

"ဒေါ်မမနှင်း မိုးစက်ပွင့်အပေါ် ဘာဖြစ်လို့ ဒီလောက်အထိ မုန်းတီးနေရတာလဲ"

ဒေါ်အေးတင် မကျေမနပ်မေးသည်။

"မမနှင်းရဲ့ အဆင့်အတန်းခွဲခြားတတ်တဲ့ စိတ်တွေကြောင့်ပဲလေ"

မမနှင်းယောက်ျားနှင့် ပတ်သက်နေသော မိန်းကလေးဖြစ်တာတော့ မိုးစက်ပွင့် လုံးဝ မသိစေခဲ့ရပေ။





မောင်ကျော်စံက သမီးလေးအရွယ်ရောက်လာတဲ့အချိန်တွင် အဖြစ်မှန်တွေကို ဖွင့်ပြောပြရမည်ဟု ပြောထားခဲ့သည်။

မမနှင်းနှင့် မိသားစုအသိုင်းအဝိုင်းတွေက လက်မခံကြပေ။

"မအေးတင်၊ ငါ့ကျေးဇူးတွေကို ထောက်ထားပြီး သမီး မမနှင်း စိတ်ချမ်းသာအောင်ပဲ ညည်းကူညီပါ ... "

ဒေါ်အေးတင် ဘယ်လိုမှ ငြင်းဆန်၍မရသော အကြောင်းအချက်တွေဖြစ်သည်။

"ဒီဟာမလေးကို သေပြီလို့ ပြောလိုက်တာ ကိစ္စပြတ်တယ် ဒေါ်အေးတင်"

မမနှင်းဆန္ဒတွေကိုပဲ လိုက်လျောရန် ကတိပေးထားပြီး ဖြစ်သည်။

မတတ်နိုင်တော့။

မောင်ကျော်စံက ဖုန်းဖြင့် နိုင်ငံခြားမှ လှမ်းမေးခဲ့သည်။

"သမီး ဘာဖြစ်လို့ ဆုံးသွားရတာလဲ ဒေါ်အေးတင်"

"အဖျားတွေအရမ်းကြီးပြီး ဦးနှောက်ထဲ ပိုးဝင်သွားတာ မောင်ကျော်စံ ... "

"ဆေးမကုကြဘူးလားဗျာ"

"ဆေးကုတာပဲကွယ် ... ကံအကြောင်းတရားကြောင့်ပဲလေ၊ မတတ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မောင်ကျော်စံ စိတ်နာပြီး ဓနီးထံသို့ လုံးဝပြန်မလာတော့ပေ။

"ကျွန်တော့်ချစ်သူက ကျွန်တော့်ကြောင့် ဆင်းရဲဒုက္ခရောက်ပြီးသေရတယ်၊ အခု သမီးလဲ ဆုံးရပြီ ... ကျွန်တော့်ဘဝ ဘာအဓိပ္ပါယ်မှ မရှိတော့ဘူးဗျာ"

မောင်ကျော်စံကို အမှန်တရားတွေ ပြောပြခွင့်မရှိခဲ့။

ကျေးဇူးတွေ ထောက်ထားရမည် ဖြစ်သည်။

မောင်စစ်မှူးပိုင်နှင့် တွေ့ဆုံခဲ့ရတာလည်း အိပ်မက်ပမာပင်ဖြစ်ရ၏။

ကံကြမ္မာပဲပေါ့။

မြေး မိုးစက်ပွင့်ကိုတော့ တစ်ချက်လွှတ်အမိန့်နှင့် လက်ခံစေခဲ့ရတော့သည်။

❖........❖

အခန်း ( ၃ )

"မောင်စစ်မှူးပိုင်ဆိုတာပဲ မိုးစက်ပွင့်"

သူ့မျက်ဝန်းတွေက တောက်ပစွာဖြင့် သူမကိုကြည့်နေသည်။

အကဲခတ် စူးစမ်းလေ့လာနေပုံပင်။

ရှင် ...

ကျွန်မကို ရွေးချယ်နေတာလား။

နွားတစ်ကောင်ဝယ်သလို ကျွန်မကို ရွေးချယ်ဝယ်ချင်တာလား။

"ကျွန်မ မိုးစက်ပွင့်ပါ"

ကျွန်မဘဝမှာ မှီခိုနားနေရာ အရိပ်မဲ့နေပြီဆိုတာ ရှင်သိမှာပါ။

ဖွားကပြောတယ်။

ရှင်က ကျွန်မအကြောင်းတွေကို အစောကြီးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



လေ့လာထားတာတဲ့။

"ကိုယ်က မင်းကို ကူညီထောက်ပံ့မှုတွေ ပေးချင်တာပါ မိုးစက်ပွင့်"

"ရှင် …"

"အထူးသဖြင့် မင်းရဲ့ပညာရေးပဲ"

ဒေါ်မမနှင်းက သူမအား ဆက်လက်နေထိုင်ခြင်းကို ခွင့်မပြုနိုင်တော့ကြောင်း ပွင့်လင်းစွာ ပြောလာသည်။

မနာလိုဝန်တိုလွန်းသော ဒေါ်မမနှင်းအကြည့်တွေကို သူမ နားမလည်နိုင်။

ငယ်စဉ်လေးကတည်းက သူမအပေါ်တွင် စေတနာမဲ့နေခဲ့သည်။

"ငပျင်းမလေး ဘာအလုပ်မှမလုပ်ချင်ဘူး … မျိုးရိုးကိုက နိမ့်ကျလွန်းပါတယ်"

လူကြီးနှင့်မလိုက်ဖက်စွာ သူမအား ပြောဆိုတတ်သည်။

"နင့်ကိုယ်နင် သူဌေးသမီးလို့ ထင်မနေနဲ့နော် … ကောင်မလေး"

မသိ နားမလည်သော ငယ်ရွယ်သူမိန်းကလေးကို တမင်အနားခေါ်ပြီး ပြောဆိုနေတတ်သည်။

သူမ ဘဝအား အမြဲတမ်း မေ့လျော့ထားရန် ဖွားအေးက





သင်ပေး၏။

"ဖွားအိမ်ဖော်မကြီးဖြစ်တာ ညည်းလေးနဲ့ဘာမှမဆိုင်ဘူးနော် မိုးစက်ပွင့် … ဒီဘဝကို မေ့ပစ်ထား၊ လူဆိုတာ ကံကြမ္မာအရဖြစ်ပျက်နေတာပဲ၊ တစ်နေ့ … ဒင်းတို့ထက် ‿ သာဘူးလို့ ပြောနိုင်မလား"

ကျွန်မက ရုပ်ရည်ချောမောလွန်းသည်ဟု ဖွားကပြောသည်။

"မြေးကို တစ်နေ့ကျရင် တော်ကောက်မခံရဘူးလို့ ပြောနိုင်လား"

သူမကတော့ သူမဘဝ တိုးတက်ရေးအတွက်ပဲ အလေးအနက်ထားသည်။

ကိုယ့်ကိုယ်ကို တန်ဖိုးထားတတ်အောင်တော့ သူမအမြဲတမ်း ဂရုစိုက် လေ့ကျင့်နေလေ့ရှိ၏။

ကိုစစ်မှူးပိုင်ဆိုင်တဲ့လူက သူမအား လေ့လာစူးစမ်းနေတာကို သူမ သဘောမကျမိပေ။

ရှက်နေမိသည်။

မျက်နှာပူလိုက်တာ။

အမှန်အတိုင်း ဝန်ခံရရင်တော့ သူမယောကျ်ားတစ်ယောက်ရဲ့ အထောက်အပံ့ကို လက်မခံနိုင်ပေ။

ဘယ်လောက်အထိ ရှက်ရလဲဆိုရင် သူ့အကြည့်တွေအောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကျွန်မ တစ်ကိုယ်လုံး မီးလောင်ပြာကျသွားတော့မတတ် ထူပူနေမိသည်။

"မိုးစက်ပွင့်"

"ရှင် ..."

"မင်း ဘာဖြစ်ချင်လဲ"

"ကျွန်မ ဘာဖြစ်ချင်လဲဆိုတဲ့မေးခွန်းကို ကျွန်မ ဖြေနိုင်မှာ မဟုတ်ဘူး ကိုစစ်မှူးပိုင်"

ဖွားအေးက သူမကိုကြည့်သည်။

သူမ စကားသံတွေက နည်းနည်းတော့ တင်းမာပြတ်တောက်သလို ဖြစ်နေ၏။

"ဘာဖြစ်လို့ မဖြေနိုင်တာလဲ မိုးစက်ပွင့်"

"ကိုစစ်မှူးပိုင်ဆီကို ဖွားဖြစ်ချင်တာဖြစ်စေဖို့ ကျွန်မ လာခဲ့တာပါ"

မိုးစက်ပွင့်ရဲ့ မျက်နှာလေးကို သူစူးစိုက်စွာ ကြည့်သည်။

မာနတော့ ရှိ၏။

အထူးသဖြင့် ... မျက်ဝန်းလေးတွေပဲ။

ဆန့်ကျင်ဘက် ယောကျ်ားလေးတစ်ယောက်ကို ညှို့ယူဖမ်းစားနိုင်သည်ဟု သူ့စိတ်ထဲမှာ ထင်နေမိသည်။

"ထားပါတော့လေ ... မင်း ဒီမှာဘာမှ အားနာစရာမလိုဘဲ





နေပါ။ ကျုပ်ညီမလေးအဖြစ်ပေါ့ မိုးစက်ပွင့် ..."

သူမ ...

ငြိမ်သက်နေသည်။

မင်းမျက်ဝန်းလေးတွေထဲမှာ ဘာဖြစ်လို့ ပျော်ရွှင်ကျေနပ်မှုတွေ ရှိမနေတာလဲ မိုးစက်ပွင့်ရယ်။

ကိုယ်က မင်းကိုပျော်မယ်ထင်တာ။

နိမ့်ကျလွန်းတဲ့ မင်းဘဝလေးကို သိရလို့ ကိုယ်စိတ်ထိခိုက်ရတယ်။

မင်းကို တွေ့တွေ့ချင်းပဲ ကိုယ်စိတ်ဝင်စားသွားခဲ့ရတာပဲ။

စုံစမ်းလိုက်တော့ မင်းဘဝလေးကို သိခဲ့ရသည်။

သူများအိမ်မှာ ခိုကပ်နေရတဲ့ မိန်းမချောလေးတစ်ယောက်။

ပညာတော်လွန်းပြီး ရှေ့ဆက်ပညာသင်ကြားရန် အခက်တွေ့နေတဲ့ မိုးစက်ပွင့်။

ကိုယ် ဘယ်လိုမှ မနေနိုင်တော့လောက်အောင် မင်းကိုစွဲလမ်းချစ်မြတ်နိုးသွားရတာပဲ။

ခက်နေတာက ...

ကိုယ့်ရဲ့ ဂုဏ်သိက္ခာတွေ။

အသိုင်းအဝိုင်းတွေ။

အသက်အရွယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အောင်မြင်တောက်ပမှုတွေက ကိုယ့်စိတ်ဓာတ်တွေကို ဘွဲ့ဝေစေတာပဲ။

အမှန်အတိုင်း ကိုယ်ဝန်ခံမယ်။

မင်းကို လက်ထပ်ချင်တယ်။

ကိုယ့်ရင်ခွင်ထဲမှာ မင်းကိုထွေးပိုက်ထားချင်တယ်။

ပိုင်ဆိုင်ချင်တယ်။

ကိုယ့်ရဲ့ချမ်းသာမှုတွေကို မင်းခံစားစေချင်တယ်။

ခက်နေတာက ...

ကိုယ့်အခြေအနေပဲ။

ဒါကြောင့်လည်း ကိုယ်ဒီအစီအစဉ်ကို ချမှတ်ခဲ့တာ။

မင်းကို ပညာသင်ပေးမယ်။

ကိုယ်နဲ့တူညီတဲ့ အခြေအနေတစ်ခုကို ဖန်တီးမယ်။

ပြီးမှ ...

မင်းနဲ့လက်ထပ်မယ်။

"ဖွားအေးနဲ့မင်းအတွက် အခန်းတွေ ပြင်ဆင်ထားပြီးပြီ မိုးစက်ပွင့် ..."

"ဟုတ်ကဲ့ ..."

"မင်းအတွက်က အပေါ်ထပ်က အခန်းတစ်ခု စီစဉ်ထားတယ်၊ ဖွားအေးက အသက်ကြီးတော့ အောက်မှာပဲနေပါစေ"





"ရပါတယ် မောင်စစ်မှူးပိုင် ... ဖွားအေးတို့ မြေးအဖွားအတွက် တာဝန်ကြီးတစ်ခု မဖြစ်ပါစေနဲ့"

သူ ဘာမှမပြောတော့။

ဒေါ်အေးတင်အား လိုက်ပို့ရန် အိမ်ဖော်မလေးဝါဝါကို တာဝန်ပေးလိုက်သည်။

"ဖွားအေး လိုက်သွားပါ"

"မြေးကရော ..."

"ကျွန်တော်ကိုယ်တိုင် လိုက်ပို့ပါ့မယ်"

"အေးကွယ် ..."

ဖွားအေး လိုက်သွားသည်။

"မင်းကိုတော့ ကိုယ်လိုက်ပို့ပေးမယ် မိုးစက်ပွင့်"

"ဟုတ်ကဲ့"

သူမ အဝတ်အစားထည့်ထားသော အိတ်ကို သူမကဆွဲသည်။

"ထားလိုက် ... ဝါဝါ သယ်လိမ့်မယ်"

သူ ...

ရှေ့မှ ထွက်လာခဲ့သည်။

သူမ လိုက်လာ၏။

ကိုယ့်လုပ်ရပ်တွေကို မင်းလက်ခံနိုင်မှာတော့ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းပဲ လုပ်ရမယ်လေ။

အစေခံတန်းလျားမှာပဲ နေကျင့်ရှိခဲ့တဲ့ မင်းရဲ့သေးသိမ်မှုတွေကို အရင်ဆုံးပြောင်းလဲပစ်ရမယ် မိုးစက်ပွင့်။

ကိုယ့်အဆင့်အတန်း ကိုယ့်အသိုင်းအဝိုင်းထဲမှာ မင်းဝင်ဆန့်နိုင်ဖို့တော့ လိုအပ်မယ်။

အပေါ်ထပ်သို့ တက်လာခဲ့ကြသည်။

"အပေါ်ထပ်မှာ ကိုယ်နဲ့မင်းပဲနေတယ်"

"ရှင် ..."

"တစ်ယောက်တစ်ခန်းစီပါ မိုးစက်ပွင့်"

ဒုက္ခပါပဲ ...

ရှင် ဘာသဘောနဲ့ ဒီလောက်အထိ ကျွန်မကိုနေရာပေးရတာလဲ။

အိမ်ကြီးရဲ့ ကြီးကျယ်ခမ်းနားမှုတွေကတော့ သူမတုန်လှုပ်ချောက်ချားရတဲ့အထိ အဖိုးတန်ကြီးမားသော အသုံးဆောင်ပစ္စည်းတွေနှင့် ဆင်ယင်ထားသည်။

တစ်ခြား အသုံးဆောင်ပစ္စည်းတွေရဲ့ တန်ဖိုးကို မဖြတ်နိုင်ဟု ထင်မိသည်။

သူမအား သီးသန့်ထားတာကိုက စဉ်းစားစရာဖြစ်နေရာမှ အပေါ်ထပ် ရောက်လာသည်။





"ကိုယ့်အခန်း"

သူမ ခြေလှမ်းတွေကိုဆက်ပြီး လှမ်းလိုက်ရမှာပင် တွန့်ဆုတ်နေရသည်။

အိပ်မက်ပမာပါပဲ။

"ဒီမှာ မင်းရဲ့အိပ်ခန်း ..."

သူက တံခါးကို ဖွင့်ပြလိုက်သည်နှင့် သူမ အသက်ရှူသွားဖို့ပင် တခဏလောက် မေ့လျော့သွားရသည်။

သူမ ဒီအိပ်ခန်းကြီးထဲမှာ နေရမှာလား။

"ကံကြမ္မာ အလှည့်အပြောင်းဆိုတာ ကြောက်စရာကောင်းတယ် မိုးစက်ပွင့် ... ညည်းရော တစ်နေ့ ဒင်းတို့ထက်သာတဲ့အနေအထားမျိုး မရောက်ဘူးလို့ မပြောနိုင်ဘူး"

ဖွားအေး ပြောတတ်တဲ့စကားတွေကို သူမ ကြားယောင်မိသွားသည်။

ကျွန်မ အိပ်မက် မက်နေတာ။

"မြေးလေးက မင်းကတော် စိုးကတော်ရုပ်ရည်လက္ခဏာရှိပါတယ်၊ ဖွားအေး ဗေဒင်တွက်ထားပြီးပြီ"

အိပ်ခန်းဝတွင် ခြေစုံရပ်ပြီး သူမ ငေးကြောင်နေမိသည်။

"ဝင်လေ"

အိပ်ခန်းကြီးထဲ ဝင်ရမှာပင် သူမ ခြေလှမ်းတွေက တွန့်ဆုတ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

မဝင်ရဲပေ။

ကျွန်မက ခြံထောင့်မှာရှိတဲ့ အစေခံတန်းလျားမှာနေထိုင်ကြီးပြင်းလာခဲ့တဲ့ မိန်းကလေးပါ ကိုစစ်မှူးပိုင်။

ဖွားအေးက ကျွန်မကို အဆင့်မြင့်ပေးတဲ့အနေနဲ့ ခုတင်တွေ၊ မွေ့ရာတွေနဲ့ပဲ အိပ်စေခဲ့တယ်။

"ကိုယ်ထင် ခုတင်ရွှေနန်းတဲ့ မြေး ... ကိုယ့်စိတ်ကူးတွေကိုတော့ မနှိမ်ချထားလိုက်နဲ့နော်"

ခုတင်နှင့်မွေ့ရာနှင့် အိပ်ခဲ့ရသော သူမစိတ်တွေ ဘဝင်မြင့်ခဲ့ရသည်။

သူမ အိပ်ခန်းကိုပင် ခမ်းနားလွန်းလှသည်ဟု ထင်မှတ်ခဲ့၏။

"မိုးစက်ပွင့်"

"ရှင်"

"ဝင်လေ ..."

"ဟုတ်ကဲ့"

လှပခမ်းနားလွန်းတဲ့ အိပ်ခန်းကြီးထဲ သူမဝင်လာခဲ့မိသည်။

အိပ်မက်မဟုတ်။

ကိုစစ်မှူးပိုင်က သူမအနားမှာ ရပ်နေ၏။

"မင်း အံ့သြနေလား"





"အင်း ..."

"မင်းကို လှပခမ်းနားတဲ့ အတွေ့အထိတွေ၊ အသုံးအဆောင်တွေကို ကိုင်တွယ်သုံးစွဲတတ်စေချင်လို့လေ"

"ရှင်"

သူ့ကို ကြည့်မိသည်။

ရှင် ဘာသဘောနဲ့ ပြောရတာလဲဟင်။

ကျွန်မ ဘာဖြစ်လို့ ဒီလိုအဆင့်အတန်း မြင့်မားစွာနေထိုင်တတ်အောင် ရှင်က ဖန်တီးပေးနေခဲ့ရတာလဲ။

"မိုးစက်ပွင့်"

"ရှင် ..."

"လောလောဆယ်တော့ မင်းသိပ်နားလည်နိုင်မှာ မဟုတ်ဘူး"

သူ့အကြံအစည်တွေကို ရုတ်တရက်ကြီး ဖွင့်မပြောချင်သေးပေ။

အသုံးအဆောင်ပစ္စည်းတွေကို သုံးတတ်အောင် သင်ပေးနေသည်။

"ကျွန်မအတွက် ဒီလောက်အထိ ကြီးကျယ်ခမ်းနားနေဖို့ မလိုအပ်ထူးထင်တာပဲ ကိုစစ်မှူးပိုင်"

"မိုး ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ရုတ်တရက် အခေါ်အဝေါ်ကို သူ့ဘက်မှ စတင်၍ပြောင်းလဲလိုက်သည်။

သူမ မျက်ခုံးသွယ်သွယ်တန်းတန်းလေးက ဆတ်ခနဲ မြင့်တက်သွား၏။

"ကိုယ့်ကို ကိုကိုလို့ မင်းခေါ်ရလိမ့်မယ် မိုး ... "

ကိုကိုတဲ့ ...

မခေါ်ရဲပါဘူး။

ယောကျ်ားလေးတစ်ယောက်နှင့် သူငယ်ချင်းမိတ်ဆွေအဆင့်ပင် သူမ ပတ်သက်ဆက်ဆံခဲ့ဖူးခြင်း မရှိခဲ့။

"မင်းကိုယ်မင်းလည်း မိုးလို့သုံးရမယ်"

ရှင် ကျွန်မကို ဘာဖြစ်လို့ လေ့ကျင့်သင်ကြားပေးနေရတာလဲ။

"မိုး"

"ရှင်"

"ကိုကိုလို့ခေါ်လေ"

"ကျွန်မ ... ကျွန်မ ... "

"ကိုယ့်အစ်ကိုတစ်ယောက်လိုပဲ သဘောထားပြီး ကိုကိုလို့ခေါ်ပါ"





သူမ နှုတ်ခမ်းသားလေးတွေက တဆတ်ဆတ်တုန်ရီလာတဲ့အထိ တုန်လှုပ်ချောက်ချားနေမိသည်။

ရှက်တယ်။

ကျွန်မ တစ်ကိုယ်လုံး ထူပူနေပြီ ကိုစစ်မှူးပိုင်။

အဲ ...

ကိုကို ...

စိတ်ထဲမှာ ကိုကိုဟု ခေါ်လိုက်ရတာပင် တွန့်ဆုတ်နေမိသည်။

ကျွန်မ ခေါ်ရမှာပဲ။

ရှင့်သဘောဆန္ဒတွေကို ကျွန်မ လွန်ဆန်လို့မှ မဖြစ်တာ။

မိုးနိုတွယ်တာ အားကိုးရာက ရှင့်အရိပ်ပဲ ရှိတယ်။

ကျွန်မ ငိုချင်လာတယ်။

ကြေကွဲဝမ်းနည်းမှုတွေ ရင်ထဲကို လှိုက်ခုန်လာသည်။

ကိုကို ...

ကိုကို ...

ကိုကို ...

ထိုကဲ့သို့ပင် အဆက်မပြတ် သူမရင်ထဲမှာ ခေါ်ပစ်လိုက်မိသည်။

"မင်းကို ဂုဏ်သိက္ခာရှိတဲ့ မိန်းကလေးတစ်ယောက် ချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာကြွယ်ဝတဲ့ အသိုင်းအဝိုင်းထဲက မိန်းကလေးတစ်ယောက်အဖြစ် နေထိုင်တတ်စေချင်တယ်”

“ရှင် ...”

“အဲဒီလို နုံအအ အူကြောင်ကြောင် အမူအကျင့်တွေရှိနေတာကို ကိုကို လုံးဝသဘောမကျတာဘဲ”

ပိုင်စိုးပိုင်နင်း သူမကို မကျေမနပ်ပြောနေသည်။

“အများကြီး လိုသေးတာပဲ”

ရှင် ဘာတွေပြောနေတာလဲဆိုတာ ကျွန်မ နားမလည်မိတာ အမှန်ပဲ။

အိမ်စေတန်းလျားမှာနေရတဲ့ ဆင်းရဲနွမ်းပါးတဲ့ ကျွန်မကို ရုတ်တရက်ကြီး ပြောင်းလဲမှုတွေ လုပ်နေတယ်။

လိုသေးတယ်လို့ပြောပြီး ရှင်မကျေမနပ်ဖြစ်နေတာ အံ့သြစရာ။

“ကောင်မလေး ...”

“ရှင်”

“မင်းကို ထက်ထက်မြက်မြက် ကောင်မလေးတစ်ယောက်ဖြစ်စေချင်တယ်”

ရှင်နဲ့ကျွန်မ တွေ့တာသိပ်စောနေသေးတယ်ဆိုတာ ရှင်ဘာဖြစ်လို့ မတွေးဘဲ နေရတာလဲ။





ကျွန်မဆက်ပြီး မနေနိုင်တော့ဘူးဟု ပြောပစ်လိုက်ချင်တဲ့ ဆန္ဒတွေကို ချုပ်ထိန်းထားပစ်လိုက်ရသည်။

နားခိုရာမဲ့နေတဲ့ သူမဘဝ။

ဖွားအေး ...

အသက်ကြီးမှ သူမကြောင့် ဆင်းရဲပင်ပန်းမှာမလိုလားမိ။ ငြိမ်းအေးစေချင်မိသည်။

စိတ်ချမ်းသာစွာ နေထိုင်စားသောက်ပါစေဟု တွေးမိ၏။

“ကိုကိုလို့ခေါ်လေ ...”

အင်အားတွေကို စုစည်းလိုက်သည်။

သူက သူမအစ်ကိုအရွယ်ပဲ။

ယောက်ျားတစ်ယောက်ကို သူမဘက်မှ စတင်၍ မြူဆွယ်ဖြားယောင်းတာမှ မဟုတ်တာဟု စိတ်ကိုဖြေရသည်။

နှုတ်ခမ်းသားလေးတွေ ပွင့်ဟလာအောင် အတော်လေး သတ္တိမွေးရ၏။

“ကိုကို”

“ဟုတ်ပြီ ... ကိုကိုနော် ... မင်းကိုယ်မင်း မိုးလို့ပြောရမယ်၊ ကိုကို့အဆင့်အတန်းနဲ့ လိုက်လျောညီထွေနေတတ်အောင် မင်းလေ့ကျင့်ထားရမယ်မိုး ...”

သူ ... ပြန်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲသို့ အတွေးတစ်ခုက ဖျတ်ခနဲ ဝင်လာ၏။

ရှင် ...

တစ်နေ့နေ့မှာ ကျွန်မကို လက်ထပ်ဖို့ ရည်ရွယ်ထားပြီ မဟုတ်လား။

သူမ နှလုံးသားတွေထဲတွင် နာကျင်စူးရှတဲ့ ဝေဒနာနုနုလေး တိုးဝင်သွားသည်။

❖........❖

အခန်း ( ၄ )

"ဖွားအေး ..."

"ဟင် ..."

"မိုးက သူ့ကို ကိုကိုလို့ခေါ်ရမယ်တဲ့"

"ကောင်းတာပဲ"

"သူ မိုးကို လက်ထပ်ဖို့အထိ ရည်ရွယ်ထားပုံလည်းရတယ် ဖွားအေး"

"သူက သူဌေးတစ်ယောက်ပဲမိုး ... ဖွားအေးကတော့ ကျေနပ်တယ်"

ဒေါ်အေးတင် မျှော်လင့်ချက်တွေ ဝင်းလက်တောက်ပလာပြီဖြစ်သည်။

မမနှင်း ...

ညည်း ဘာတတ်နိုင်သေးလဲ။

မိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မြေးက ပဏ္ဏမြားမှန်တော့ နှံမနစ်ပါဘူးအေ။

ဒင်းသားနှင့် ငြိစွန်းမှာစိုးရိမ်ပြီး အတူမနေရအောင် စီစဉ်ခဲ့သည်။

မိုးစက်ပွင့်ကလည်း ခပ်ညံ့ညံ့သွေးထဲက မဟုတ်ပါဘူး။

“မြေးကို ဖွား ပြောမယ်နော် ... မောင်စစ်မှူးပိုင် သဘောဆန္ဒတွေအတိုင်းပဲ နေထိုင်ပြောဆိုပါ”

“မိုး စိတ်ညစ်တယ် ... ရှက်တယ်၊ မိုးကို စိတ်တိုင်းကျပုံစံသွင်းပြီးမှ လက်ထပ်တာမျိုး ဖြစ်နေပြီ”

“သူ့ဂုဏ်ဒြပ်နဲ့ ညီညွတ်အောင် နေမှာပေါ့ မိုး ... ဘာဖြစ်လဲ”

ဖွားအေးကတော့ သူ့မြေး ကောင်းစားရေးအတွက်ဟုပဲ တွက်ချက်မှာပါ။

အမှန်တကယ် ပြန်တွေးကြည့်လျှင် ကျွန်မရဲ့ဂုဏ်သိက္ခာတွေကို ရှင် ဖော်ကားလိုက်တာပဲ။

ဆင်းရဲနွမ်းပါးပြီး ဂုဏ်ဒြပ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ကို ရှင် လက်မထပ်ချင်ဘူး မဟုတ်လား။

ကျွန်မ မာနကို ထိပါးတာပဲ။

“မိုး”

“ရှင်”

“ညည်းလေးအတွက် ဘာတစ်ခုမှ နစ်နာစရာမရှိဘူးနော်





ကြည့်စမ်း ... ဘယ်လောက်ခမ်းနားလဲ၊ ညည်းဘဝအတွက် အိပ်မက်ပမာပဲလေ”

ကျွန်မကတော့ သူ့ပုံစံခွက်ထဲက ဖရောင်းရည်မျိုး အဖြစ်မခံနိုင်ဘူး။

ရှင့်မှာ ချစ်ခြင်းမေတ္တာရှိတယ်ပဲထားပါဦး။

ဖြူစင်ရိုးသားမှု၊ သတ္တိရှိရှိ ရင်ဆိုင်လက်တွဲမှုတွေ မရှိဘူး။

ကျွန်မလို အတန်းအစားမိန်းမတစ်ယောက်နဲ့ လက်ထပ်ရင် ရှင့်ကို ပတ်ဝန်းကျင်က ကဲ့ရဲ့ဝေဖန်ပြောဆိုကြမှာ ရှင်တုန်လှုပ်ချောက်ချားနေတယ်လေ။

အချစ်ဆိုတာ ဘာလဲဟင်။

ရယူပိုင်ဆိုင်ချင်တယ်ဆိုရင် အနစ်နာခံမှုတော့ ရှိသင့်တယ်။

ဂုဏ်ပကာသနတွေ ပိုင်းရုံပြီး ကျွန်မကို မာနတွေနဲ့ဆက်ဆံချင်တဲ့ ရှင့်မျက်ဝန်းတွေက မရိုးသားတာဘဲ။

“မိုးနော် ... ဒီအခွင့်အရေးမျိုးကို လက်လွှတ်မခံချင်နဲ့၊ မောင်စစ်မှူးပိုင် အထင်ကြီးစေမယ့် မိန်းကလေးမျိုးဖြစ်အောင် ညည်း ကြိုးစား ...”

ဖွားအေးကိုတော့ ကျွန်မ ဆန့်ကျင်နိုင်ခြင်း မရှိပါဘူး။

သူမဘဝတစ်လျှောက်လုံး အနစ်နာခံပြီး ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးရှင်အဖွားပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဖွားစကားတွေကို နားထောင်ပါ၊ မောင်စစ်မှူးပိုင် ဖြစ်စေချင်တဲ့ပုံစံဝင်ပါစေ၊ အထူးသဖြင့် မမနှင်းရဲ့ အထင်သေးနှိမ်ချတာ ဖွား မခံချင်ဆုံးပဲ"

မိုးစက်ပွင့်က သာမန်လူတစ်ယောက်ရဲ့ သွေးသားမဟုတ်ပေ။

မောင်ကျော်စံရဲ့သွေး။

ဒင်းတို့ ကျိုက်ကျိုတက်ချမ်းသာနေတာ မောင်ကျော်စံကြောင့်ပဲဟာ။

မမနှင်းက အပျိုစင်မဟုတ်။

မုဆိုးမ ...

ကလေးတစ်ယောက်အမေ။

မောင်ကျော်စံလိုလူမျိုးက လက်ထပ်ယူတာပဲ ဒင်းက မာန်မာနတွေ ထောင်လွှားမောက်မာနေသည်။

ဒင်းကြောင့် ...

"ဖွားအေး"

"ဟင် ..."

"မြေးတစ်ခုလောက်တော့ ဖွားအေးကို ပြောချင်တယ်"

"ပြော"

"မိုး အလုပ်တစ်ခုခု ဝင်လုပ်လိုက်ရင်လဲ မြေးအဖွားနှင့်





ယောက် အတူနေနိုင်မယ်ထင်တယ်"

"မိုး ... ညည်းပြောလေ ကဲလေပါပဲလား၊ ဘာဖြစ်လို့ ဆင်းဆင်းရဲရဲနေချင်ရတာလဲ၊ ကျုပ်က ညည်းဘဝကို အနိမ့်ကျမခံချင်လို့ အခွင့်အရေးတစ်ခုရတုန်း လက်လွှတ်မခံစေချင်ဘူး"

"မိုးက အိမ်ဖော်မကြီးရဲ့ မြေးဖြစ်တဲ့အပြင် ဒို့လိုအောက်တန်းကျတဲ့အလုပ်တွေကို လုပ်ရမလားဖွား ..."

ညည်းစိတ်ဓာတ်တွေ မြင့်မားပါပေ့ ... တွေးမိသည်။

ခက်တာက ...

မောင်စစ်မှူးပိုင်ကိုယ်တိုင် မြေးကို နှစ်သက်နေတာပဲ။

မမနှင်းထက် မြေးကို သာစေချင်လို့ပါ။

"မောင်စစ်မှူးပိုင်ကိုယ်တိုင် မြေးကို နှစ်သက်နေတာပဲ"

သူ့အချစ်တွေက မဖြူစင်နိုင်ဘူးဟု သူမ ထင်နေမိသည်။

အချစ်စစ်စစ် မဖြစ်နိုင်။

သူမသာ သူသွင်းတဲ့ပုံစံခွက်ထဲ မဝင်ရင် သူက စွန့်ပစ်လိုက်မှာလား။

"ယောက်ျားတစ်ယောက်ကို ဖြူစင်သန့်ရှင်းတဲ့ ချစ်ခြင်းမေတ္တာမျိုးနဲ့ပဲ မိုးလက်ထပ်ချင်တယ်"

"မိုး ... မင်းဆင်ခြေတွေ ပေးမနေစမ်းပါနဲ့ မိုးစက်ပွင့်၊ ဖွားအသက်ကြီးပြီ၊ ညည်းလေးကို ဆက်ပြီး တာဝန်ယူဖို့ခက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိုး ခြေထောက်အပေါ် မိုးခွန်အားတွေနဲ့ ရပ်တည်နိုင်အောင် ကြိုးစားစေချင်တယ်"

မိုးစက်ပွင့်ရဲ့ စိတ်ဓာတ်ကိုတော့ မိမိလေးစားမိသည်။

ဒါပေမဲ့ …

အလို မလိုက်နိုင်။

မောင်စစ်မှူးပိုင်နဲ့ လက်ထပ်စေရမယ်။

"ဖွား လက်မခံဘူး"

"ဖွား …"

"မောင်စစ်မှူးပိုင် စီစဉ်တဲ့အတိုင်း လိုက်နာဆောင်ရွက်ပါ"

"မိုး"

"တိတ်စမ်း"

ဒေါ်အေးတင် စကားပြောရင်းကနေ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားသည်။

"အား … ကျွတ် … ကျွတ်"

"ဟင် … ဖွား ဘာဖြစ်တာလဲ"

သူမ အထိတ်တလန့်နှင့် ဖွားကို ဖက်ထားမိသည်။

"မူးတယ်ကွယ် … ဘာဖြစ်လဲ မသိဘူး၊ အသက်ရှူရတာမဝသလိုဘဲ မိုးစက်ပွင့်ရယ် …"

ရင်ထဲမှာ မွန်းကျပ်ပြီး အသက်ရှူမဝတော့ပေ။





"ဖွား စိတ်မညစ်သွားပါနဲ့နော်၊ မိုး ကိုစစ်မှူးပိုင်ကို လက်ထပ်ပါ့မယ်"

ဖွားအေး စိတ်မထိခိုက်စေရန် ပြောလိုက်မိသည်။

"ဖွား"

"မိုးစက်ပွင့်"

"ရှင်"

"ဖွား စိတ်ချသွားရအောင် ဖွားစကားတွေကို မြေဝယ်မကျနားထောင်စမ်းပါ"

"ဟုတ်ကဲ့ ဖွား … မိုးနားလည်ပါတယ်၊ ဖွားအေး စိတ်သောကရောက်အောင် ဘယ်တော့မှ မလုပ်တော့ပါဘူး"

ဆရာဝန်နှင့်အတူ ကိုစစ်မှူးပိုင်ပါ ရောက်လာသည်။

"ဘယ်လိုဖြစ်သွားတာလဲ မိုး …"

"စကားပြောရင်း မူးတယ်ပြောတာပဲ"

ကိုစစ်မှူးပိုင်က အကောင်းဆုံး အထူးကုဆေးရုံကြီးတွင် တင်ရန် အစီအစဉ် ချက်ချင်းလုပ်သည်။

ဖွားအေးက အိမ်ဖော်မကြီးတစ်ယောက်ဖြစ်ပေမယ့် ကိုစစ်မှူးပိုင်က အဆင့်မနှိမ်ထားပေ။

အထူးကု သမားတော်ကြီးတွေနှင့် ကြပ်မတ်ကုသသည်။

"မိုး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ဖွား"

"ဖွား ... လူ့လောကကြီးထဲမှာ ကြာကြာနေရမယ်မထင်တော့ဘူးကွယ်"

"ဟင် ... "

သူမ စိတ်ထိခိုက်ကြေကွဲစွာဖြင့် ငိုကြွေးနေမိ၏။

"ဖွားကိုချစ်ရင် မောင်စစ်မှူးပိုင်ကို လက်ထပ်ပါ"

ဖွားအေး တတွတ်တွတ်မှာကြားရင်း လူ့လောကကြီးထဲမှ ထွက်ခွာသွားတော့သည်။

အိမ်ဖော်မကြီးအဖြစ် ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ရသော ဒဏ်တွေကြောင့်ပဲ ဖြစ်၏။

အထူးသဖြင့် ...

မိုးစက်ပွင့်အတွက်ပဲ။

ဖွားအေး ဘယ်လောက်အထိ ပင်ပန်းခက်ခဲရလဲဆိုတာ မိုးအသိဆုံးဖြစ်နေသည်။

တစ်ခုပဲ ဖြေစရာရှိ၏။

ဖွားရဲ့ နောက်ဆုံးခရီးသည် ကိုစစ်မှူးပိုင်ရဲ့ကျေးဇူးကြောင့် တင့်တယ်ခမ်းနားမှုရှိနေခြင်းပဲ ဖြစ်သည်။

❖ ------- ❖

အခန်း ( ၅ )

သူမ သဘောမကျ။

ကိုစစ်မှူးပိုင်ရဲ့ ကြီးကျယ်ခမ်းနားမှုတွေကို မနှစ်သက်ပါ။

မိန်းကလေးတစ်ယောက်ကို လက်ထပ်ရန် သတ္တိကြောင်နေခြင်းပင် ဖြစ်သည်။

ကျွန်မရဲ့အတိတ်တွေကို ရှင်အစေဖျောက်ဖို့ ကြိုးစားနေတာခဲ့ ပေါ့တ်လား။

အိမ်ဖော်မကြီးမြေးကို စစ်မှန်သောချစ်ခြင်းမေတ္တာတွေနှင့် လက်ထပ်ဖို့ သတ္တိမရှိ။

ဂုဏ်ပကာသနတွေနှင့် မွမ်းမံခြယ်သခဲ့၏။

သူမအဖွား အသုဘအား ဂုဏ်သရေရှိ လူကြီးလူကောင်းတွေနဲ့ အသုဘ အခမ်းအနားကဲ့သို့ ကျင်းပသည်။

"မိုး မငိုနဲ့နော် ... အော်ကြီးဟစ်ကျယ်ပြောပြီး ငိုနေရင်



www.burmeseclassic.com

www.burmeseclassic.com



အောက်တန်းကျတယ်”

သူမ အံကိုတင်းတင်းကြိတ်ထားပြီး မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေ ဖြည့်တက်ရုံလေးပဲ ဖွားအနားမှာ ရပ်နေသည်။

ကိုစစ်မှူးပိုင် စီစဉ်သော အနက်ရောင်ဝတ်စုံလေးပဲ ဝတ်ဆင်ရ၏။

“ရော့ မိုး … ဒီစိန်နားကပ်နဲ့ စိန်လက်စွပ် ဝတ်ထားပါ”

“ကျွန်မ … ကျွန်မ”

“ကိုကို့ရဲ့ ဂုဏ်သရေရှိ မိတ်ဆွေအပေါင်းအသင်းတွေ လာကြလိမ့်မယ်မိုး။ မင်းရဲ့အသွင်အပြင်က တင့်တယ်နေမှ … ”

ဖွားအေးနှင့်အတူလိုက်ပြီး သေချင်စိတ်တွေပင် ပေါက်သွားမိသည်။

သူမ နာခံခဲ့၏။

ဆန့်ကျင်နိုင်တဲ့ အစွမ်းသတ္တိတွေလည်း မရှိ။

သူမဘဝက မှီခိုတွယ်တာရာမဲ့နေသော တစ်ကောင်ကြွက်မလေး။

ရှင့်အရိပ်ပဲ နားခိုရာရှိတာ။

ကျွန်မ ဖွားစကားတွေကို မြေဝယ်မကျ နားထောင်ချင်တယ်။

ဆန္ဒတွေ ဖြည့်စွမ်းပေးချင်တယ်။





ကျွန်မကို အရမ်းချမ်းသာစေချင်တယ်တဲ့။

ဖွားရဲ့အသုဘမှာ မြင်တွေ့လိုက်ရတဲ့လူတွေက အသက်ရှူဖို့ထက် မိုးစက်ပွင့်အား ရင်သပ်ရှုမောစွာ တသသကြည့်ရှုရတဲ့အထိ ထင်ပေါ်စေဖို့ ရှင် ဖန်တီးခဲ့တာပဲ။

“မြေးမလေးက ချောလိုက်တာ၊ အရမ်းချမ်းသာကြပုံလဲရတယ်”

ဖွားရယ် …

ကျွန်မ ရှက်တယ်။

သူက မိုးရဲ့ဘဝအမှန်ကို ဖျောက်ဖျက်ပစ်ဖို့ အစွမ်းကုန် ကြိုးစားဖန်တီးနေတာပဲ။

မျက်နှာပူလိုက်တာ။

ဖွား ရုပ်အလောင်းကို မြန်မြန်သင်္ဂြိုဟ်စေချင်လာမိ၏။

မျက်ဝန်းပေါင်းများစွာရဲ့ အကြည့်တွေက ကျွန်မထံမှာ ရစ်ဝဲကျရောက်နေကြသည်။

အသုဘကိစ္စပြီးလို့ အိမ်ရောက်မှပဲ စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးသွားမိသလိုပဲ။

“မင်းကို လူတွေအရမ်းစိတ်ဝင်စားကြတယ် မိုး … ”

သူ …

ကျေနပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပီတိတွေ ဝေနေ၏။

ဖွားအတွက် သူမ ဘယ်လောက်ထိ ကြေကွဲဆို့နစ်နေရတယ်ဆိုတာ နည်းနည်းမှ တွေးမိပုံမရပေ။

ရှင် သိပ်အတ္တကြီးတာပဲ။

ကျွန်မက ရှင့်လက်ခုပ်ထဲက ရေမဟုတ်ဘူး။

ရှင် ဆော့ကစားဖို့ ကော်ပတ်ရုပ်လေး တစ်ရုပ်လည်း မဟုတ်ဘူး။

ကျွန်မက လူသားပါ။

ဖယောင်းတိုင်ကြီးတွေကို မီးပြင်းတိုက်၊ အရည်ပျော်တော့ ပုံစံခွက်ထဲထည့် ...

ပြီးတော့မှ ...

ရှင့် စိတ်တိုင်းကျ ပုံသွင်းမယ်။

"မိုး"

"ရှင် ..."

"အားမငယ်နဲ့နော်၊ မင်းဘဝမှာ အားကိုးတွယ်တာရာ မင်း လိုအင်ဆန္ဒတွေ ဖြည့်စွမ်းနိုင်မယ့် ကိုကိုရှိတယ်"

သူမအနေနှင့် သူ့အား ကိုကိုဟု ခေါ်ဖို့ပင် ဝန်လေးနေမိသည်။

ရှင့်ရဲ့ ချမ်းသာကြွယ်ဝမှုတွေကို ကျွန်မ လုံးဝခံစားလို့မရ





ဘူး။

အထင်လည်း မကြီးပါဘူး။

ကျွန်မက အိမ်ဖော်မကြီးရဲ့ မြေးတစ်ယောက်ပဲ ကိုစစ်မှူးပိုင်။

အဲဒါကို ရှင့်ဘဝ တစ်သက်မှာ ဘယ်နည်းနဲ့မှ မေ့ပျောက်သွားမှာ မဟုတ်ဘူး။

တစ်နေ့နေ့မှာတော့ ...

ကျွန်မအပေါ် ရှင်ထောက်ပြလာတော့မယ်လေ။

တကယ်တမ်းပဲ ကျွန်မအပေါ် ချစ်မယ်ဆိုရင် အိမ်ဖော်မကြီး မြေးကို ရှင်သတ္တိရှိရှိ လက်ထပ်လိုက်ပါလား။

အချစ်ဆိုတာ ရှင်သိလား။

ကျွန်မရဲ့ ငယ်ရွယ်နုပျိုလှပမှုတွေကရော အဆင်အမြဲရှိနေပါ့မလား။

"မိုး"

"ရှင် ..."

"ကိုကိုလို့ ခေါ်စမ်း"

"ကိုကို"

သူမ အသံလေးတွေက တိုးတိတ်လွန်းနေသည်။

"မင်းဟာ အိမ်ဖော်မကြီးတစ်ယောက်ရဲ့ မြေးဆိုတာ မေ့ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်စမ်း”

အဲဒီအချက်ကို ကျွန်မ လုံးဝမေ့ထားမပစ်နိုင်ဆုံးပဲ။

ရိုးသားဖြူစင်တဲ့ ဘဝလေးတစ်ခုကို မြတ်နိုးစွာ ကျွန်မပိုင်ဆိုင်ချင်တယ်။

တကယ်တော့ ...

ကျွန်မ စိတ်မသန့်လို့ပါ။

ရှင်နဲ့ကျွန်မ ရှေ့ဆက်ရမယ့် ခရီးလမ်းမှာ ဟန်ဆောင်ဖုံးကွယ်မှုတွေ မရှိစေချင်တာ ကျွန်မရဲ့ဆန္ဒပဲ။

ယောက်ျားတစ်ယောက်ကို ရှင့်ရဲ့နည်းပရိယာယ်မာယာတွေနဲ့ ကျွန်မ လက်ထပ်လိုက်ရမှာ အရှက်ရဆုံးပါပဲ။

“ကိုကိုလို့ ခေါ်လေ ...”

“ခေါ်နေတာပဲ”

“မင်း စိတ်ထဲမှာ ကိုကို့အပြုအမူတွေအတွက် သဘောမကျဘူး မဟုတ်လား”

တိတ်ဆိတ်နေခြင်းက ဝန်ခံတာပဲလို့ ရှင်တွေးမိမှာပါ။

အကြည့်တွေက စူးခနဲ ရောက်လာတော့သည်။

“ကိုကို လုပ်သင့်တာကို လုပ်နေတာပါ”

မင်း မလွှဲသာ မရှောင်သာလို့ ငြိမ်သက်တိတ်ဆိတ်ပြီး လက်ခံနားထောင်နေတယ်ဆိုတာ ကိုယ်သိတာပဲ။





မတတ်နိုင်ဘူးလေ။

ကိုကိုက မင်းကိုချစ်မြတ်နိုးမိတာတော့ အမှန်ပဲ။

ဒါပေမဲ့ ...

ကိုကို့ပတ်ဝန်းကျင်နဲ့ စီးပွားရေးအသိုင်းအဝိုင်းမှာရော အထင်သေးစရာ၊ ပြစ်တင်ကဲ့ရဲ့စရာ အဖြစ်မျိုးတွေနဲ့ ကိုကို ရင်မဆိုင်ရဲဘူးမိုး။

မင်း နားလည်သင့်တယ်။

ကိုကို့ဆန္ဒတွေက မင်းအတွက် မခက်ခဲပါဘူး။

မိုးစက်ပွင့်ဆိုတဲ့ မင်းနာမည်လေးနဲ့ လိုက်ဖက်တင့်တယ်စေချင်ပါပဲ။

မင်းအတွက် ...

“ကိုကို လက်ထပ်မယ့် မိန်းကလေးတစ်ယောက်အနေနဲ့ ကိုကို့ဂုဏ်သိက္ခာ အဆင့်အတန်းနဲ့ လိုက်ဖက်မှုတော့ ရှိသင့်တယ်မိုး”

ကျွန်မကတော့ အိမ်ဖော်မကြီး မြေးပဲကိုကို။

ဖျောက်ဖျက်ပစ်လို့ဆိုတာ မဖြစ်နိုင်တဲ့အကြောင်းအချက်ပဲ။

ရှင် ဘယ်တော့မှ မေ့ပျောက်မှာ မဟုတ်ပါဘူး။

“ကိုကို”

“ပြော”



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ရဲ့ ဂုဏ်သိက္ခာတွေနဲ့ လိုက်ဖက်တင့်တယ်မယ့် မိန်းကလေးအစစ်အမှန် တစ်ယောက်ယောက်တော့ ကိုကိုရှာသင့်တယ်ထင်တယ်"

သူ့မျက်ဝန်းတွေက တွေဝေငေးငိုင်စွာဖြင့် တခဏ ငြိမ်သက်သွားသည်။

အဝေးဆုံးသို့ရောက်နေတဲ့ အကြည့်တွေက သူ့မထံ ပြန်ရောက်လာ၏။

"မင်းက ငါလက်ထပ်သင့်တဲ့ မိန်းကလေးတစ်ယောက်တော့ မဖြစ်နိုင်ဘူး"

သူက ညည်းတွားသလိုနှင့် အကြည့်ကိုလွှဲပြီး ထသည်။

ထွက်သွားတော့မယ်ပြင်ပြီးမှ ခြေလှမ်းတွေကို ရပ်ပစ်လိုက်သည်။

သူ့မဘက် ပြန်လှည့်လာသည်။

"ဘာပဲဖြစ်ဖြစ် မင်းကိုတော့ အထက်တန်းစားကောင်မလေးတစ်ယောက်ရဲ့အကျင့်စရိုက်တွေ ဝင်လာအောင်တော့ ကိုကိုလေ့ကျင့်ပေးရမှာပဲ မိုးစက်ပွင့်"

မင်းကို ချစ်တယ်ဆိုတဲ့စကားတွေကို ပြောရန် ဝန်လေးနေသည်။

တကယ်ဆို ...

ဇိုးလပြည့်စာပေ



မင်းဘက်က တုန့်ပြန်မှုတွေ အေးစက်နေတာ ခံပြင်းစရာပဲ။

အရာရာပြည့်စုံပြီး မင်းဘဝတွေကို ဂုဏ်တင့်တယ်လှပသာယာမှုတွေ ပေးစွမ်းနိုင်တဲ့ ယောကျာ်းတစ်ယောက်ပဲ မိုးစက်ပွင့်။

မိုးစက်ပွင့် အေးစက်နေသည်။

မလွှဲသာ မရှောင်သာလွန်း၍သာ မင်းကိုယ့်စကားတွေကို နာခံနေရတာ မဟုတ်လား ကောင်မလေး။

သူ မြင်မြင်ချင်းပဲ မိုးစက်ပွင့်ဆိုတဲ့ ကောင်မလေးအား စွဲလမ်းနှစ်သက်မိသည်။

ကောင်မလေးနောက် တကောက်ကောက်လိုက်ကာ ခုံမင်ခဲ့၏။

•

လှပချောမောသော။

ပညာထူးချွန်သော။

ထက်မြက်သွက်လက်သော။

မိုးစက်ပွင့်ဆိုတဲ့ ကောင်မလေးသည် သူ့များအိမ်တွင် တွယ်ကပ်နေရသော အိမ်ဖော်မကြီးတစ်ယောက်ရဲ့ မြေးဖြစ်နေသည်။

သူ့အဆင့်အတန်းနှင့် ကွာခြားလွန်းသော မိန်းကလေး။

လက်ထပ်ယူဖို့ မဖြစ်နိုင်ဘူးဆိုတဲ့ ဆင်ခြင်တုံတရားတွေကို ချစ်ခြင်းမေတ္တာတွေက အနိုင်ယူသွားသည်။

ဝိုင်ဆိုင်ချင်နေ၏။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနည်းနှင့် ပိုင်ဆိုင်ဖို့ ကြိုးစားရမလဲဟု စိတ်ကူးယဉ်ခဲ့သည်။

"မင်းကို ကိုကိုအရမ်းပဲ ချစ်နေမိပြီ မိုး ..."

ဟု မပြောဖြစ်။

ကိုယ် ဝန်လေးနေတယ်။

လက်ထပ်ဖို့ ကိုယ်ရည်ရွယ်ထားပေမယ့် သတ္တိမရှိဘူး။

"ကိုကိုက မင်းကိုဒုက္ခပေးဖို့ ဂုဏ်သိက္ခာတွေ နိမ့်ကျဖို့ လုပ်နေတာမဟုတ်ဘူး ... မင်းသိလား ..."

သူ ထွက်သွားသည်။

သူမ ကျောက်ရုပ်ကလေး တစ်ရုပ်ကဲ့သို့ ငြိမ်သက်စွာ ထိုင်နေမိသည်။

လုံးဝ မကျေနပ်ဘူး။

ကျွန်မက ရှင်ကြိုးဆွဲရာကရမယ့် ရုပ်သေးရုပ်လေး မဟုတ်ဘူး။

မနေချင်တော့ဘူး။

သေချင်တယ် ...

ကြီးကျယ်ခမ်းနားတဲ့ အိပ်ခန်းကျယ်ကြီးထဲမှာ သူမကြေကွဲဆွေးမြည့်စွာ နစ်နာဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေရသလိုပဲ။

ဖွားအေး ...





မြေးတစ်ယောက်တည်း အထီးကျန်ပြီး စိတ်သောကတွေ ခံစားနေရတယ်။

ကျွန်မ စည်းစိမ်ချမ်းသာတွေနဲ့ ပြည့်စုံဖို့ထက် ဂုဏ်သိက္ခာ ရှိချင်တယ်။

ကိုစစ်မှူးပိုင်က ကျွန်မကို ဒီလိုနည်းနဲ့ လက်မထပ်သင့်ဘူးလို့ ထင်တာပဲ။

ရင်ထဲမှာ နာကျင်စူးရှနေသည်။

"မမလေး ... ကျွန်မအခန်း သန့်ရှင်းရေး လုပ်ချင်လို့ပါ"

အရင်က ...

ကျွန်မအခန်းကို ကျွန်မကိုယ်တိုင်ပဲ သန့်ရှင်းရေးလုပ်နေကျ။

အိမ်ဖော်ကောင်မလေးက သူမအကြောင်းမသိ။

ရိုကျိုးသေဝပ်စွာ ဆက်ဆံပြောဆိုနေကြသဖြင့် မျက်နှာပူသွားရသည်။

"နေပါစေ ... ကိုယ့်ဘာသာပဲ သန့်ရှင်းရေးလုပ်လိုက်မယ်၊ သွားကြပါ ..."

"မဖြစ်ဘူးထင်တယ် ... အစ်ကိုလေးက မမလေးအတွက် ဘာလေးမှ လုပ်ပေးရမယ်တဲ့၊ ကျွန်မတို့ကို အားမနာပါနဲ့"

ဘယ်လောက်မျက်နှာပူဖို့ ကောင်းလိုက်သလဲလို့။

သူမ ဘဝအခြေနေကို သူမအသိဆုံးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမလေး"

"ဟင် ..."

"အခန်းလေးက အမြဲတမ်း သပ်ရပ်သန့်ရှင်းနေတာပဲနော်၊ မမလေးကိုယ်တိုင် မလုပ်ပါနဲ့ ... လို့အပ်တာခိုင်းပါ"

သူမ ငယ်စဉ်လေးကတည်းက သန့်ရှင်းသေသပ်စွာ နေတတ်သည်။

ကိုယ်တိုင်လုပ်ရ၏။

ဖွားက တစ်ဖက်အိမ်ကြီးက အလုပ်တွေကို မနားမနေလုပ်ရသည်။

"မမလေးက အိမ်မှုကိစ္စတွေလုပ်တာ ဝါသနာပါတယ် မခင်မေ"

"ဟုတ်လား ..."

အလုပ်သမားကောင်မလေးတွေ ထွက်သွားတော့ သူရောက်လာပြန်သည်။

အပြင်က အခန်းသန့်ရှင်းရေးကို ကျွန်မကိုယ်တိုင်လုပ်မယ်လို့ ပြောလို့တဲ့။

"မင်း တော်တော်ပြောရခက်ပါလား မိုးစက်ပွင့် ... မင်းရဲ့ နှိမ်ချချင်တဲ့စိတ်တွေကို အတော်လေး ပြုပြင်ရယူရဦးမှာပဲ"

"ကျွန်မ အိပ်ခန်းကို ကျွန်မကိုယ်တိုင် သန့်ရှင်းရေးလုပ်တာ





နှိမ့်ချတဲ့ စိတ်ဓာတ်လား"

ကိုစစ်မှူးပိုင်က စိတ်ပျက်စွာကြည့်ရင်း ခေါင်းကိုခါရမ်းပစ်သည်။

"ကိုယ်က မာနတွေနဲ့နေစေချင်တာ၊ အင်းလေ ... မင်းသဘောပေါက်အောင် ရှင်းပြဖို့ခက်မယ်၊ မင်းနေထိုင်ဖူးတာက သူများအိမ်က အစေခံတန်းလျားမှာပဲဟာ"

"ရှင် ..."

သူမ ရန်ထောင်ပစ်ဖို့ပြင်ပြီးမှ ဒေါသတွေကို ထိန်းချုပ်ပစ်လိုက်မိသည်။

"မင်း ညံ့တယ် ..."

သူ့မျက်ဝန်းတွေက အထင်သေးလွန်းနေသည်ဟု ထင်မိသည်။

"အစက မင်းဒီလောက်အထိ ညံ့ဖျင်းလိမ့်မယ်လို့ မထင်မိဘူး"

ဒီကောင်မလေး မာနတကြီးနှင့် ပြုပြင်လာမလားဟု တမင်ခပ်ကြမ်းကြမ်းလေး ပြောပစ်လိုက်ခြင်းပင် ဖြစ်သည်။

ကိုယ်သိပါတယ်။

မင်းက မာနကြီးတာပါ။

ယောက်ျားတစ်ယောက်ကို ဖြားယောင်းသွေးဆောင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လက်မထပ်ချင်တာ မဟုတ်လား။

တစ်ခါတလေကျတော့လည်း အရှိကိုအရှိအတိုင်းဆိုတဲ့ စကားက ဘောင်မဝင်ချင်ဘူး မိုးစက်ပွင့်။

ကိုယ်က မင်းကို တမင်သက်သက်အထက်စီးကနေ ဆက်ဆံနေတာ မဟုတ်ပါဘူး။

မင်းရဲ့နှိမ့်ကျသိမ်ငယ်တဲ့ စိတ်ခံစားမှုတွေ ပျောက်သွားစေချင်တယ်။

နောက်တစ်ခုက ...

ကိုယ်သတ္တိမရှိတာဘဲ။

ဆင်းရဲနွမ်းပါးတဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်ဖို့ ဝန်လေးနေမိသည်။

ပတ်ဝန်းကျင်က ဝေဖန်ကဲ့ရဲ့စကားတွေ ဆိုလာကြမှာ ရင်မဆိုင်ရဲ။

ကိုယ် မမှားဘူး မိုးစက်ပွင့်။

မင်းကို ချစ်တယ်။

တန်ဖိုးထားတယ်။

ဒီလောက်လေးတော့ ကိုယ့်ဆန္ဒတွေကို မင်းလိုက်လျောသင့်တယ်။

"နောက်တစ်ခါ မင်းဘာအလုပ်မှ လုပ်စရာမလိုဘူး"





"ကျွန်မ အများကြီးပြုပြင်ဖို့ လိုအပ်နေမှာပါကိုကို ... ကျွန်မ အတိတ်တွေက ကျွန်မကို စိတ်မလုံမလဲဖြစ်စေတာ ခက်နေတယ်"

"မင်းကို ထက်မြက်သွက်လက်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်စေချင်တယ်"

"ကျွန်မက ညံ့ဖျင်းတဲ့ မိန်းကလေးပါ"

"တော်စမ်းကွာ"

ရှင်အထင်ကြီးလာအောင် ကျွန်မ နေတတ်ချင်မှနေတတ်မှာပါ။

ဇွတ်အတင်းအကျပ်ကြီး လုပ်ယူနေတာကို သူမစိတ်ညစ်နေမိသည်။

ရှင့်ရဲ့ နှိမ်ချပြောဆိုတတ်တဲ့ အမူအကျင့်တွေကိုလည်း ကျွန်မ အရမ်းရွံရှာမုန်းတီးနေမိတာပဲ။

"မင်းစိတ်ဓာတ်တွေကို မြင့်မြင့်မားမား ထားစမ်းပါမိုး"

မထားဘူး။

ကျွန်မ ဆုံးဖြတ်လိုက်ပြီ။

ရှင်လက်ထပ်မယ့် မိန်းကလေး ဟာ ကျွန်မ ဘယ်တော့မှ မဖြစ်စေရဘူး။

အိမ်ဖော်မကြီးရဲ့ မြေးတစ်ယောက်ဘဝနဲ့ ကျွန်မကို လက်ထပ်မယ့် ယောကျ်ားတစ်ယောက်နဲ့ပဲ ကျွန်မဘဝကို ရှေ့ဆက်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ လက်ထပ်မယ့်သူဟာ ကျွန်မချစ်သူပဲဖြစ်စေရမယ်။

ရှင် ဘယ်လောက်အထိ စိတ်ရှည်ရှည်နဲ့ သည်းခံနိုင်မလဲ။

ကျွန်မကို ပိုင်ဆိုင်ချင်တာ လှပတဲ့ ကျွန်မအလှအပတွေကိုပဲ။

တကယ်တမ်းကျတော့ ...

ကျွန်မရဲ့ဘဝကို ရှင်ပိုင်ဆိုင်ရမှာနော် ကိုစစ်မှူးပိုင်။

သူ့ကို ရင်ဆိုင်ဖို့တော့ သူမ သတ္တိတွေရှိမှ ဖြစ်မည်ထင်သည်။

❖-------❖

## အခန်း ( ၆ )

သူမ တက္ကသိုလ်ဝင်ခွင့် လျှောက်တဲ့အချိန်တွင် ဆေးတက္ကသိုလ် လျှောက်စေချင်တဲ့ သူ့ဆန္ဒတွေကို ဆန့်ကျင်ပြီး ရိုးရိုးမေဂျာပဲ လျှောက်နေသည်။

ဂုဏ်ပကာသနတွေ ခြံရံစေပြီးမှ ရှင်က ကျွန်မကို တန်ဖိုးထားမှာလား။

ဖွားအေးဆန္ဒအတိုင်း ရှင့်မှာ ကျွန်မကို လက်ထပ်ယူချင်တဲ့ ဆန္ဒရှိနေရင်တော့ ကျွန်မဘက်ကနေ မငြင်းဆန်ပါဘူး။

ကျွန်မ လက်ခံမယ်။

ဒါပေမဲ့ ...

ရှင့်ပိုစ်ခွက်ထဲတော့ ကျွန်မ အဝင်မခံနိုင်ဘူး။

ယောကျ်ားတစ်ယောက်နဲ့ ကျွန်မလက်ထပ်မယ်ဆိုရင်တောင် ကျွန်မဘဝအမှန်ကိုပဲ လက်ခံနားလည်နိုင်တဲ့သူ ဖြစ်စေရ



www.burmeseclassic.com

www.burmeseclassic.com



မယ်။

ကျွန်မက အဆင့်အတန်းနိမ့်ကျတဲ့ အိမ်ဖော်မကြီးတစ်ယောက်ရဲ့မြေးပါ။

မိဘတွေလည်း မသိဘူး။

အခြေနေမဲ့ မိန်းကလေးပါ။

ကျွန်မရဲ့လက်ရှိဘဝကိုပဲ ရှင် လက်ခံစေရမယ်။

သူက ဒေါသတကြီးနဲ့ ရှူးရှူးရှဲရှဲ ရောက်လာချိန်တွင် ကျွန်မက အေးအေးဆေးဆေးပဲ ရင်ဆိုင်ခဲ့သည်။

"မိုးစက်ပွင့်"

"ရှင် ..."

"မင်း အင်္ဂလိပ်မေဂျာပဲ လျှောက်တယ်ဆို"

"ဟုတ်တယ်လေ ..."

"မင်း ... မင်းဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲ၊ ကိုယ့်ကိုတမင်သက်သက်ဆန့်ကျင်တာလား"

"မဟုတ်ပါဘူး ... ကျွန်မ ဆေးတက္ကသိုလ်တွေ၊ ဘာတွေဘာတစ်ခုမှ စိတ်မဝင်စားလို့ပါ ကိုကို ..."

ကိုကိုဟုပင် နှုတ်ကျိုးစွာ ခေါ်ဝေါ်သုံးစွဲခဲ့မိသည်။

"စိတ်ဝင်စားစား မဝင်စားစား မင်းကိုယ်စီစဉ်ထားတဲ့အတိုင်း ဆေးတက္ကသိုလ်ပဲ တက်ရမယ် ..."





"ကျွန်မက သူများအိမ်မှာ မှီခိုတွယ်ကပ်နေရတဲ့ မိန်းကလေးတစ်ယောက်ပါ ကိုကို၊ နောက်ဆုံးနှစ်အထိ ဆေးပညာသင်ကြားဖို့ဆိုတာ မလွယ်ဘူး"

"ဘာကွ ..."

ရှင့်ကို ကျွန်မ အားမကိုးချင်ဘူး ကိုစစ်မှူးပိုင်။

နိုင်ငံထက်စီးနင်း လုပ်တတ်တဲ့ ရှင့်အကျင့်စရိုက်တွေကို ကျွန်မ အမုန်းဆုံးပဲ။

ကျွန်မဘဝအတွက် ကျွန်မမှာ ရွေးချယ်ပိုင်ခွင့် အပြည့်ရှိရမယ်။

"ကျွန်မကို ရှင်သဘောမကျဘူးဆိုရင် ဒီကနေ ကျွန်မထွက်သွားမယ်"

"မိုးစက်ပွင့်"

ဒီကောင်မလေး သက်သက်ခေါင်းကြောမာနေခြင်းဖြစ်ကြောင်း သူသိသည်။

မင်းရဲ့မာနကို သဘောကျပေမယ့် ကိုယ်လက်ထပ်ယူမယ့်မိန်းကလေးကတော့ ကိုယ့်ဂုဏ်သိက္ခာတွေနဲ့ လိုက်လျောညီထွေမှုတော့ ရှိရမယ်။

"မင်း ဒီကနေ ဘယ်မှထွက်သွားဖို့ မစဉ်းစားပါနဲ့ ... မင်းဟာငါ့အုပ်ထိန်းမှုအောက်မှာပဲ ရှိနေရမယ်၊ ဒေါ်အေးတင်ကို မင်းကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ကန်းတော့ မလို့လား"

မိုးစက်ပွင့် ...

မင်းကို ကိုယ်က အဆင့်အတန်းမြင့်မားစေချင်တာ။

တန်ဖိုးကြီးမားတဲ့ မိန်းကလေးတစ်ယောက်ဖြစ်စေချင်မိသည်။

"မင်း ရိုးရိုးမေကျာလျှောက်မှတော့ စာပေးစာယူတက်ပြီး အိမ်မှာပဲနေတော့"

ကျွန်မကို ချုပ်ချယ်ဖို့ မကြိုးစားပါနဲ့။

ဖွားအေးကြောင့် သူမ အကြီးအကျယ် ဆန့်ကျင်ဘက်တွေ မလုပ်ချင်။

လျှော့ပစ်လိုက်မိသည်။

"မိုး"

"ရှင် ..."

"မင်း ခေါင်းမမာချင်စမ်းပါနဲ့ ... ကိုယ်က မင်းဘဝကို အကောင်းဆုံးဖြစ်အောင် ရွေးချယ်ပေးနေတာ"

"ကျွန်မဘဝကို ကျွန်မပဲ ရွေးချယ်ပါရစေ"

"ဘာ"

မင်းက ဆင်းရဲနွမ်းပါးတဲ့ဘဝကိုပဲ မက်မောတွယ်တာနေတာလား မိုးစက်ပွင့်။





မဖြစ်ဘူး ...

ဒီကောင်မလေးက သူ့ပုံစံခွက်ထဲမှာ ပုံစံသွင်းလို့ရမယ့် ကောင်မလေးတစ်ယောက်တော့ ဖြစ်လာမှာမဟုတ်။

"ကျွန်မ သင်တန်းတွေ တက်ချင်တယ်ကိုကို"

"မင်း ဘယ်ပဲသွားချင်သွားချင် အိမ်ကကားနဲ့ပဲ သွားရမယ် မိုးစက်ပွင့်"

သူမ ...

စိတ်အညစ်ဆုံးပဲ။

ချမ်းသာကြွယ်ဝမှုတွေအားလုံးက ကျွန်မနဲ့ လုံးဝမပတ်သက်သလိုကြီး ဖြစ်ပျက်ခံစားနေမိသည်။

"မင်း ... ကားမောင်းသင်ရမယ် မိုးစက်ပွင့်"

"မသင်ချင်ဘူး"

"မရဘူး"

ရှင် မိန်းကလေးတစ်ယောက်ရဲ့ဘဝကို ဒီလောက်အထိ ချုပ်ချယ်လွှမ်းမိုးပိုင်ခွင့် မရှိသင့်ဘူးလို့ ကျွန်မ ထင်တာပဲ။

ချစ်ခြင်းမေတ္တာတွေ၊ သံယောဇဉ်တွေ၊ မြတ်နိုးတွယ်တာမှုတွေထက် ကျွန်မရဲ့ အလှအပတွေကို ရှင်က ပိုင်ဆိုင်ချင်တာ။

ပတ်ဝန်းကျင်မှာ ကျွန်မကိုတင့်တယ်စွာ တိုးဝင်နိုင်တဲ့အခြေအနေတစ်ခုရောက်အောင် ရှင်ဖန်တီးနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဒီနေ့ပဲ ဒရိုင်ဘာနဲ့ ကားမောင်းသင်ပေးရမယ်"

မိုး ...

မင်း ခေါင်းမမာချင်စမ်းပါနဲ့ကွယ်။

တကယ်တော့ ...

မင်းကို ကိုယ်ကိုယ်တိုင် ကားမောင်းသင်ပေးသင့်တာပါ။

ကိုယ် တွန့်ဆုတ်နေမိတယ်။

ကလေးကလားဆန်တဲ့အလုပ်တွေကို မလုပ်ချင်ဘူး။

သူ ...

မိုးကို ချစ်သည်။

ပွင့်ပွင့်လင်းလင်းပြောဖို့ သတ္တိမရှိဘဲ ဖြစ်နေ၏။

"မင်း ကားနဲ့ပဲ ကျောင်းတက်ရမယ်"

"ကျွန်မ ပစ္စည်းတွေမဟုတ်ဘဲနဲ့တော့ ကျွန်မ မသုံးချင်ဘူး ကိုကို"

"ကိုကို့ပစ္စည်းတွေပဲ မင်းသုံးကိုသုံးရမယ်၊ ကိုကိုစီစဉ်ပေးတဲ့ အတိုင်း မင်းလိုက်နာရမယ်"

"ရှင့်အမိန့်တွေကို ကျွန်မ နာခံနိုင်မှာ မဟုတ်ဘူးထင်တယ်"

"ဘာ ..."

"ကျွန်မက သွေးသားတွေနဲ့ တည်ဆောက်ထားတဲ့ လူသား ရှင့် ..."





"မင်း ဘာဖြစ်လို့ ဒီလောက်တောင် ကိုကို့ကို ဆန့်ကျင်နေရတာလဲ"

"ကိုကိုကရော ကျွန်မကို ဘာဖြစ်လို့ အတင်းအကြပ်ပုံစံသွင်းနေရတာလဲ"

သူမ မျက်ဝန်းလေးကို အချိန်တော်ကြာ စူးစိုက်ကြည့်မိသည်။

ကိုယ် လက်ထပ်မယ့်မိန်းကလေးတစ်ယောက်ဖြစ်နေလို့ဟု ပြောပစ်ချင်သည်။

မင်းရဲ့နိမ့်ကျတဲ့ စိတ်တွေကို မြင့်ပေးနေတာဟု မပြောဖြစ်။

"ကိုယ့်စေတနာ မေတ္တာတွေကို မင်းတစ်နေ့ နားလည်လာမှာပါ မိုးစက်ပွင့် ... ဒီထက်ပိုပြီး ပြောစရာမရှိဘူး၊ မင်း ငါ့စကားတွေကို နာခံရမှာပဲ"

"ကျွန်မ ဆန္ဒမရှိတဲ့အလုပ်တွေ မလုပ်နိုင်ပါနဲ့"

"လုပ်ရမယ်"

ကားဒရိုင်ဘာ ကိုထွန်းအား ခေါ်လိုက်သည်။

"ကိုထွန်း"

"ဗျာ ... ဆရာ"

"သူ့ကို ကားမောင်းသင်ပေးလိုက်"

"ဟုတ်ကဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်လောက်အထိ ကားလေ့ကျင့်ပေးနိုင်မလဲဆိုတာ ငါနေ့စဉ် စစ်ဆေးမယ်"

"စိတ်ချပါ ဆရာ ..."

သူ ...

အတင်းအကျပ်ပဲ မိုးကို ပုံစံသွင်းရတော့မည်ဖြစ်သည်။

ဒီကောင်မလေးက နိမ့်ကျတဲ့ ဘဝတစ်ခုကိုပဲ မက်မောတွယ်တာချင်နေ၏။

"ဖွားအေးဆန္ဒတွေကို မင်းဆန့်ကျင်ဖို့ မကြိုးစားပါနဲ့ မိုး"

သူ ...

ထွက်သွားသည်။

သူမ စိတ်ရှုပ်ထွေးစွာဖြင့် ကျန်ခဲ့၏။

"မမလေး ..."

သူမထက် အသက်ရွယ်ကြီးသော ကိုထွန်းက မမလေးတဲ့။

"ကျွန်မကို မိုးစက်ပွင့်လို့ပဲ ခေါ်ပါ"

သူမစိတ်ထဲမှာ မလုံမလဲဖြစ်နေမိ၍ ဖြစ်သည်။

ခက်နေတာက ...

ရှင့်စည်းစိမ်ဥစ္စာတွေက ကျွန်မနဲ့ လုံးဝမသက်ဆိုင်ဟု ထင်မှတ်နေမိတာပဲ။

"ကျွန်တော် အလုပ်ပြုတ်အောင်တော့ မလုပ်ပါနဲ့ မမလေး





ဆရာက မမလေးအပေါ် ချစ်လွန်းအားကြီးတယ်"

"ဟွန်း ..."

သူမ ...

နှုတ်ခမ်းသားလေးကို မသိမသာ တွန့်ကွေးပြလိုက်သည်။

"ဆရာ့ဘက်က ကြည့်တော့လဲ မှန်တာပဲ"

"ကိုထွန်း ကျွန်မကို ကားမောင်းသင်ပေးဖို့ပဲ အစီအစဉ်စပါတော့"

ကိုထွန်းကလည်း ဆရာနှင့်အဆင်ပြေအောင် လုပ်မလို့ဟာ။

မမလေးက ဟောက်လိုက်သဖြင့် ငြိမ်သက်သွားရသည်။

ချောမောလှပတဲ့ မိန်းကလေးဖြစ်၍ ဒေါ်အေးတင်မြေးအရင်းမဖြစ်နိုင်ဟု ဆရာ့ကို ပြောမိသည်။

မမလေး နောက်ကွယ်မှာ အကြောင်းတစ်ခုခုတော့ရှိရမည်ဟုထင်သည်။

"မမလေးက ဆရာ့ကို သူ့ဘဝအမှန်တွေ လက်မခံနိုင်တာဘဲ မကျေမနပ်ဖြစ်နေတာထင်တယ် ဆရာ"

"မိုးစက်ပွင့်ဘဝအမှန်ကို ငါလက်ခံပေးမယ့် လူသိရှင်ကြားတော့ လက်ခံဖို့ မဖြစ်နိုင်ဘူး ကိုထွန်း ... ဒီကောင်မလေး နားလည်ပေးသင့်တယ်"

မမလေး မာနကိုလည်း အားလုံးသိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လေးစားနေကြ၏။

"မမလေး ..."

"ရှင်"

"ကျွန်တော်တို့ကို တရိုတသေ မဆက်ဆံပါနဲ့"

"ကျွန်မဘဝကို မမေ့ပစ်ချင်ဘူး ကိုထွန်း"

"ခက်တာပဲ ... ဆရာနဲ့သာ လက်ထပ်ပြီးရင် ဒီထက် စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်စုံဦးမှာပါ"

"အချစ်မရှိဘဲနဲ့ ယောကျ်ားတစ်ယောက်ကို ဘယ်တော့မှ လက်မထပ်ချင်ဘူး"

ကိုထွန်းက တရိုတသေ ဆက်ဆံပြီး ကားမောင်းသင်ပေး သည်။

သူကတော့ တကယ့်ကို ဟန်ပန်ကြီးတစ်ခွဲသားနှင့်ဖြစ်၏။

ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွေကြားမှာ မာန်မာနတွေနဲ့ ခက်ထန်နေသည်။

ကြီးကျယ်ခမ်းနား၏။

ကိုစစ်မှူးပိုင်ရဲ့ လွှမ်းမိုးမှုတွေ ခံနေရသမျှ ကျွန်မစိတ်တွေ မလှုံမလဲ လှုပ်ရှားနေမှာပဲ။

ကားမောင်းရတာ စိတ်ညစ်တယ်။

မပျော်မိ။





သိမ်ငယ်မှုတွေကို ခံစားနေရသည်ဟု ထင်မိ၏။

အချစ်ဆိုတာကို သူမ စဉ်းစားနေမိ၏။

ကျွန်မ လက်ထပ်မယ့်ယောကျ်ားက ရှင်မဖြစ်သင့်ဘူး။

❖........❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၇ )

"ဒေါ်အေးတင်ရော သမီးရော ဆုံးသွားကြပြီဆိုတာ အံ
ပွါယ်မရှိတဲ့အကြောင်းတစ်ခုပဲ မမနှင်း ... တစ်ခုခုတော့ ဖြစ်နေပြီ
ထင်တယ်"

ဦးကျော်စံ လုံးဝ မယုံကြည်နိုင်လောက်အောင် ဖြစ်နေ
သည်။

သမီးဆုံးတော့ ဒေါ်အေးတင် မမနှင်းနှင့်ဆက်နေဦးမည်
ပြောခဲ့၏။

သူ တွေ့မည်ထင်သည်။

"ဒေါ်အေးတင်ဆုံးတာ ကိုယ်ဘာဖြစ်လို့ မသိရတာလဲ"

ဇနီးဖြစ်သူ မမနှင်းကိုပဲ တဖွဖွမေးနေသည်။

သမီးလေး ...

မိမိရဲ့ မျိုးဆက်သွေးလေး။





အခြေအနေအရ အိမ်ဖော်မကြီးလက်ထဲမှာ ကြီးပြင်းခဲ့ရ
သည်။

ဆယ်နှစ်သမီးလောက်အထိ မိမိဥပေက္ခာပြုခဲ့ရသည်။

မိဘတွေကလည်း လက်မခံ။

မမသက်ကလည်း ခါးခါးသီးသီးပင် ငြင်းဆန်ခဲ့သည်။

သူ ...

သမီးလေးအား တင့်တင့်တယ်တယ်ထားနိုင်ဖို့ နိုင်ငံခြား
ထွက်ပြီး အလုပ်လုပ်ခဲ့သည်။

"ဒေါ်အေးတင် ကျွန်တော့်သမီးလေးကို ဂရုတစိုက် စောင့်
ရှောက်ထားပါ၊ ကျွန်တော် ဂျပန်ကပြန်လာရင် သမီးလေးကို ပွင့်ပွင့်
လင်းလင်းပြောပြီး သားအဖနှစ်ယောက် နေကြမယ်"

မိမိအလုပ်အကိုင်တွေ အဆင်ပြေတဲ့အချိန်တွင် သမီးဆုံးပြီ
တဲ့။

"အပြင်းဖျားပြီး ဆုံးသွားတာပဲ ကိုကျော်စံ"

ကြေကွဲထိခိုက်ရလွန်း၍ ဂျပန်မှပင် ပြန်မလာဘဲ နေခဲ့သည်။

မိမိပြန်မလာခင် တစ်လလောက်အထိ ဒေါ်အေးတင်နှင့်
ဖုန်းပြောခဲ့သေး၏။

"ဒေါ်အေးတင် ဘယ်မှမသွားပါနဲ့နော်၊ ကျွန်တော့်ကို စောင့်
နေပါ"



www.burmeseclassic.com

www.burmeseclassic.com


အခု ...

ပြန်ရောက်လာတော့ ...

ဒေါ်အေးတင်ပါ ဆုံးပြီတဲ့။

ကိုယ် လက်မခံနိုင်ဘူး မမနှင်း။

"ကိုယ့်သမီးနဲ့ ဒေါ်အေးတင်ကို မင်းတစ်ခုခုစီစဉ်လိုက်ပြီ မဟုတ်လား"

"ရှင့်သမီးရော ဒေါ်အေးတင်ရော တကယ်ဆုံးသွားတာ မမနှင်းက ဘာလုပ်လို့ရမှာလဲ"

ဒေါ်အေးတင်နှင့်မိုးစက်ပွင့် ဘယ်ရောက်သွားမှန်းမသိ

အိမ်က ထွက်သွားသည်။

ဒင်းတို့က ရှုပ်လွန်း၏။

မိုးစက်ပွင့် ...

ကိုကျော်စံသမီးပေမယ့် ဒင်းအမေက လမ်းဘေးဈေးသည်

လင်ပါသမီးကို လက်မခံနိုင်လောက်အောင်ဖြစ်နေသည်

မနာလို ဝန်တိုနေ၏။

သူမတွင် သားရှိနေသေးသည်။

အမွေပစ္စည်းတွေအားလုံး သားတစ်ယောက်တည်းရစေ ၏။

"ကိုယ်မယုံဘူး ... သားကိုမေးမယ်၊ သားဘယ်မှာလဲ မ နှင်း"

"သားက ဘာသိမှာလဲ၊ သားက အမေတို့နဲ့မြစ်ကြီးနားမှာ နေကြတာပဲ"

အမှန်တကယ်လည်း သားဖြစ်သူ ဘာမှမသိ။

ဒီခြံကြီးထဲပင် လာခွင့်မပြုခဲ့။

လာလည်ရင်လည်း မိုးစက်ပွင့်အပြင်ထွက်ခွင့် မရှိပေ။

မတွေ့အောင် တားဆီးပိတ်ပင်ထားခဲ့၍ သားနှင့်ပတ်သက် ဆက်ဆံမှု မပြုရ။

"ကိုယ့်သမီးလေး ... အပြစ်မရှိတဲ့ သမီးလေး၊ ကိုယ်ဘာဖြစ်လို့ တွေဝေခဲ့မိရတာလဲ"

ဦးကျော်စံ ယူကျုံးမရ ဖြစ်ရသည်။

မိမိနှလုံးသားထဲမှာ သမီးလေးရဲ့မိခင် ဒေါ်ဖြိုးပပက အမြဲ တမ်းရှိနေ၏။

ဖြိုးပပက ဆင်းရဲနွမ်းပါးတာပဲ အပြစ်ပြောစရာ ရှိခဲ့သည်။

မိမိကြောင့် သေဆုံးရတာပါ။

လက်ထပ်ပြီးကာမှ မိခင်ရဲ့နောက်သို့ ကောက်ကောက်ပါ အောင် လိုက်ခဲ့မိသည်။

ဖြိုးမှာ ရင်သွေးလေးတွယ်ငြိခဲ့မှန်းပင် မသိခဲ့။

ရင်သွေးလေးကိုမွေးပြီး ဖြိုး ကွယ်လွန်သွားမှ သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့သည်။

ကိုကျော်စံ ...

ရှင့်ရင်သွေးလေးပါ။

ကျွန်မ လူ့လောကကြီးထဲကနေ ထွက်ခွာသွားရတော့မယ် ထင်တာပဲ၊

သမီးလေးဘဝ ကျွန်မလို မဖြစ်အောင် ရှင်ပြုစုပျိုးထောင် ပေးပါနော်။

ဖြိုးပပ

ထိုစာလေးအား သူယနေ့တိုင် ထိန်းသိမ်းထားဆဲဖြစ်သည်။

ကိုယ် တာဝန်မကျေဘူး။

သမီးလေးကို ပစ်ထားမိတယ် ဖြိုးပပရယ်။

အသုံးမကျတဲ့ ဖခင်တစ်ယောက်အဖြစ် သမီးလေးက သတ်မှတ်သွားမလား။

ကိုယ့်သမီးလေးရော။

မမနှင်းကို မယုံဘူး။

မင်းကြောင့် ငါ့သမီးလေး ဒုက္ခတွေ၊ သောကတွေရောက်နေရပြီလား။





"ကိုကျော်စံ ကျွန်မသားလေး စိတ်အနှောက်အယှက်ဖြစ်အောင်တော့ မလုပ်စေချင်ဘူး"

"မင်းဟာ ကိုယ်ချင်းစာတရားမရှိတဲ့ မိန်းမပဲ မမနှင်း"

"ရှင့်သမီး ဆုံးသွားတာ ကျွန်မနဲ့ဘယ်လိုပတ်သက်နေလဲ ကိုကျော်စံ ... ရှင့်မိဘတွေရှိကတည်းက ဆုံးတာပဲ"

"မင်း ငါ့သမီးလေးကို လက်မှမခံခဲ့တာပဲ"

"ဘာပဲဖြစ်ဖြစ် ရှင့်သမီးက လူ့လောကထဲမှာ မရှိတော့ဘူး"

ဒေါ်အေးတင်သည် သစ္စာရှိသော လူယုံကြီးဖြစ်သည်။

မိမိအပေါ် သစ္စာမဲ့မှာ မဟုတ်ပေ။

ထို့ကြောင့်ပင် ...

မိုးစက်ပွင့်နှင့် ကိုကျော်စံ တွေ့နိုင်စရာအကြောင်း မရှိတော့ပေ။

"မမနှင်းသား ရောက်လာမယ် ကိုကျော်စံ ... "

သား ရန်မခက မကြာခင် မိမိဆီ ရောက်လာမည်ဖြစ်သည်။

မိုးစက်ပွင့်မှ မရှိတာ။

"မင်းသားကို ငါ့သားအရင်းပမာ ချစ်ခင်မြတ်နိုးခဲ့တယ် မမနှင်း"

သားက မမနှင်းသားဖြစ်ခဲ့ပေမယ့် မိမိ ချစ်ခဲ့သည်။

ယုယခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မမနှင်းက မိမိသမီးလေးအပေါ် ရက်စက်ခဲ့သည်။

ဦးကျော်စံ စိတ်ထိခိုက်လွန်း၍ အရက်တွေပဲ သောက်နေမိ၏။

သမီးလေး မသေသေးဘူးဟု ထင်မိသည်။

လုပ်ငန်းတွေကို ရန်ကုန်မှာပဲ စတင်လုပ်ဆောင်နေ၏။

မိမိစီးပွားတွေရှာနေတာ သမီးလေးအတွက်လည်းဖြစ်သည်။

ဘာလုပ်တော့မှာလဲ။

ဖေဖေ မှားတယ်။

သမီးလေးကို ရဲရဲတင်းတင်း ပြုစုကျွေးမွေးဖို့ သတ္တိမရှိတဲ့အဖေ။

"ဖေဖေ ရှာမယ် ... သမီးလေး မသေသေးဘူးဆိုတာ ဖေဖေသိတယ်"

ဦးကျော်စံကတော့ ဒေါ်အေးတင်နှင့်သမီးလေး တစ်နေရာရာမှာ ရှိနေသေးသည်ဟု ထင်မိသည်။

ရှာရမယ်။

ဖေဖေ တာဝန်မကျေဘူး။

ဖြိုးပပကိုပဲ မိမိအရှိန်အဝါတွေသုံးပြီး အချစ်ကို ရအောင်ယူခဲ့သည်။





ပြီးတော့ ...

သူမဘဝကို ဖျက်ဆီးခဲ့သည်။

"ကိုယ် မှားတယ် ... လုံးဝ အသုံးမကျတဲ့ကောင်ပဲ"

ဦးကျော်စံ ကြေကွဲဝမ်းနည်းလို့မဆုံးအောင် ဖြစ်နေသည်။

ဒေါ်မမနှင်းကတော့ ဘယ်သူတွေဘာပဲဖြစ်ဖြစ် မိမိသားလေး ကောင်းစားရေးအတွက်ပဲ ကြည့်မည်ဖြစ်၏။

စည်းစိမ်ချမ်းသာတွေမှန်သမျှ သားပဲ ခံစားရတော့မယ်။

မိုးစက်ပွင့်ကို သူမ ဖခင်နှင့်မဆုံမိအောင် ကြိုးစားရမယ်။

နောက်နေ့ ...

သားဖြစ်သူ ရန်မခ ရောက်လာတော့သည်။

"ကိုကျော်စံ ကျွန်မသားကို ရှင့်စီးပွားရေးလုပ်ငန်းတွေထဲ နားလည်အောင် သင်ပေးပါ"

မမနှင်း အကြံအစည်တွေကို ဦးကျော်စံ သိသည်။

မိမိကတော့ မယုတ်မာပါဘူး။

သားကလည်း လိမ္မာသည်။

ပညာတတ်၏။

တည်ငြိမ်အေးချမ်းတဲ့ သားဖြစ်၍ မိမိလည်း အားကိုးမိသည်။

"ကျွန်မသားလေးက အားကိုးရတဲ့သားပါ ကိုကျော်စံ၊ လိမ္မာ



www.burmeseclassic.com

www.burmeseclassic.com



တယ် ...”

မမနှင်းနှင့် ဘာမှမဆိုင်သော သားဖြစ်သည်။

ဦးကျော်စံကတော့ သားနှင့်ပတ်သက်ပြီး ဘာမှမပြောလိုပေ။

လုပ်ငန်းတွေကို ဦးစီးစေခဲ့သည်။

“သား”

“ပြောပါ ဖေဖေ ...”

“သားကို ဖေဖေ တစ်ခုမေးမယ်”

“ဘာများလဲ ဖေဖေ”

“ဖေဖေ့မှာ သမီးလေးတစ်ယောက်ရှိတာ သားသိလား”

“မသိဘူး ဖေဖေ”

မမနှင်းက မိမိသမီးလေးကို သားရန်မခနှင့် **နီးစပ်သွားမှာစိုး**နေ၍ ခွဲခြားထားကြောင်း သိသာသည်။

“ဖေဖေ့မှာ သမီးတစ်ယောက်ရှိတယ် ဟုတ်လား ... အခု ဘယ်မှာလဲဟင်”

သူငယ်စဉ်ကလေးတည်းက အဖွားအိမ်မှာပဲ နေရသည်။

မေမေက သူသုံးနှစ်သားအရွယ်တွင် နောက်အိမ်ထောင်ပြုလိုက်၍ အဖွားဆီမှာပဲ နေစေခဲ့၏။

နောက်ပြီး ... သူအရွယ်ရောက်လာတော့လည်း မေမေ့ဆီ





လာလည်မှာ မေမေ ကြောက်နေတတ်သည်။

“သားမလာနဲ့ ... မေမေပဲ သားကိုလာကြည့်မယ်နော်”

မေမေ မြစ်ကြီးနားသို့ မကြာခဏ ရောက်လာ၍ သူ့ကိုပြုစုယုယခဲ့သည်။

“မေမေ့သားလေး ရှေ့ရေးကောင်းစားဖို့အတွက် မေမေစီစဉ်နေတာပါ။ သားကို မလွှဲမရှောင်သာလို့ မေမေခွဲနေရတာပါ”

မေမေက သူ့ဒီအရွယ်ရောက်မှ ခေါ်ယူခြင်းဖြစ်သည်။

“ဖေဖေ”

“ဟင် ...”

“ဖေဖေ့သမီးဆိုတာ ဘယ်မှာလဲ”

“သေပြီ သား ...”

“ဗျာ ...”

ဘာမှမသိတဲ့သားကို ဦးကျော်စံ ဘာတစ်ခုမှ မပြောချင်တော့ပေ။

မသိတာဘဲ ကောင်းတယ်။

သမီးက ဆုံးသွားပြီပဲ။

“ဘယ်တုန်းက ဆုံးသွားတာလဲ၊ သား ဒီအရွယ်ထိ ဖေဖေ့မှာ သမီးတစ်ယောက်ရှိတဲ့အကြောင်းကို မသိခဲ့ပါဘူး”

“မသိချင်ပါနဲ့သားရယ် ... ဆုံးသွားပြီပဲ၊ ဖေဖေ့ရဲ့ တာဝန်



www.burmeseclassic.com

www.burmeseclassic.com



မကျေမှုတွေကြောင့်ပဲ သား"

ဖေဖေ ဦးကျော်စံနှင့်ပတ်သက်မှုတွေ သူဘာမှမသိခဲ့။

ချမ်းသာတဲ့ ပညာတတ် သူဌေးသားတစ်ယောက်ဆိုတာပဲ သိခဲ့သည်။

သူ့အပေါ်တွင် ဖခင်အရင်းတစ်ယောက်ပမာ ချစ်ခင်ကြင်နာခဲ့၏။

"ဖေဖေ့မှာ သမီးတစ်ယောက်ရှိတယ်၊ အခု ဆုံးသွားပြီတဲ့၊ ဒါပဲ ဖေဖေသိတယ်"

သူ့စိတ်ထဲမှာ သနားမိ၏။

ဒီအကြောင်းတွေကို သူဘာတစ်ခုမှ မသိခဲ့ရပေ။

အိမ်ရောက်တော့ ...

မေမေ့ကို မေးကြည့်မိသည်။

"ကုန်စိမ်းသည်မ တစ်ယောက်ရဲ့သမီးကို သားဘာမှစိတ်ဝင်စားစရာ မလိုဘူးနော်"

"ဖေဖေ့မှာ သမီးတစ်ယောက်ရှိတယ်ဆိုတာ မေမေ သိထားပြီးသားပေါ့"

"မခ ... မင်းနဲ့ဘာဆိုင်လို့လဲ၊ အရေးကြီးတာက မင်းဖေဖေရဲ့စီးပွားရေးလုပ်ငန်းတွေကို ဦးစီးနိုင်ဖို့ပဲ"

"ဖေဖေ့သမီးက ဆုံးသွားပြီလား မေမေ"





"ဟုတ်တယ်"

"ဘယ်မှာဆုံးသွားရတာလဲဟင်"

"မသိဘူး ..."

"ဖေဖေက သားကို ဖခင်တစ်ယောက်လိုပဲ ချစ်ခင်ကြင်နာခဲ့တာပါမေမေ၊ အခု ဖေဖေ့ကိုကြည့်ရတာ အရမ်းစိတ်ထိခိုက်ကြေကွဲနေသလိုပဲ"

လူတော်လူကောင်းတစ်ယောက်ဖြစ်တဲ့ ဖေဖေ့ကို အရက်ထဲမှာ မနစ်မွန်းစေလို၍ ဖြစ်သည်။

"ဖေဖေ့ကို အရက်ထဲမှာ မနစ်မွန်းစေချင်ဘူး"

ဒေါ်မမနှင်း နှုတ်ခမ်းတွေကို တွန့်မဲ့ပစ်လိုက်မိသည်။

"ဒင်းသေရင် သားအမွေရမှာပဲ"

ကုန်စိမ်းသည်မတစ်ယောက်ရဲ့သွေးကို မက်မောနေသေးသည်။

"သား"

"ဗျာ ..."

"အကောင်းဆုံးက မင်းစီးပွားရေးလုပ်ငန်းတွေမှာ အောင်မြင်ဖို့ပဲ"

ဖေဖေနှင့်မေမေ အိမ်ထောင်ရေးက အဆင်မပြေကြပေ။

နိုင်ငံခြားမှာပဲ အနေများသော ဖေဖေက မေမေ့အပေါ် သောဖဉ်မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



မေမေကလည်း မာနတွေနှင့် ယောကျ်ားအပေါ် အောက်ကျခံတတ်တဲ့ မိန်းမတစ်ယောက် မဟုတ်။

ကြားမှ သူဘယ်လိုနေထိုင်ရမှန်း မသိတော့။

သူသိရသလောက် ဖေဖေက စိတ်သဘောထား နူးညံ့သည်။

စိတ်ကောင်းရှိ၏။

မေမေကသာ ငွေကြေး ဂုဏ်တွေ မောက်မာခဲ့သည်။

"ဒေါ်အေးတင်ရော မေမေ ..."

မေမေ့အကြည့်တွေက ဆတ်ခနဲ ရောက်လာသည်။

"သေပြီ"

"ဟင် ..."

ဒေါ်အေးတင်က သူငယ်စဉ်က ထိန်းကျောင်းလာခဲ့သော အိမ်ဖော်မကြီးပါ။

မတွေ့တာ ကြာပြီ။

မေမေက ဒေါ်အေးတင်အကြောင်း မေးတာလဲ ကြိုက်ပုံမရပေ။

ဘာဖြစ်လို့လဲ။

သူ စဉ်းစားလို့မရ။

"သား ... မင်းဘာမှ စိတ်ဝင်စားစရာမလိုဘူး၊ မင်းအနာဂတ်





လှပဖို့ပဲ မင်းကြိုးစားသင့်တယ်"

"မေမေ့အနေနဲ့ အိမ်ထောင်ဦးစီးဖြစ်တဲ့ ဖေဖေ့အပေါ် ဂရုတစိုက် ပြုစုပေးသင့်ပါတယ်လေ"

"ရန်မစ"

ဒေါ်မမနှင်း သားကို ဒေါသတကြီး အော်ဟစ်တားဆီးမိသည်။

ကိုကျော်စံက စီးပွားအရှာကောင်းတာကလွဲပြီး မိမိအပေါ် လင်သားတစ်ယောက်အနေနဲ့ ကြင်နာယုယမှု မပြခဲ့။

သူသမီးပဲ ...

ဖြိုးပပဆိုတဲ့ မိန်းမတစ်ယောက်ကိုပဲ တမ်းတလွမ်းဆွတ်နေခဲ့သည်။

"မခကို မေမေ အပြတ်ပြောထားမယ်နော်၊ ကိုယ်နဲ့မသက်ဆိုင်တဲ့ကိစ္စတွေ ဝင်ပါနေစရာမလိုဘူး၊ စိတ်ဝင်စားစရာလဲ လုံးဝမလိုဘူးနော်သား"

"မေမေ"

"မေမေ့စကားတွေကိုပဲ မင်းနာခံပါ၊ လူတွေအားလုံးက မေမေ့လောက်တော့ သားကို မချစ်နိုင်ဘူး"

ဒေါ်မမနှင်း သားအနားကနေ ထွက်ခွာလာခဲ့ပါသည်။

သားကို ငယ်စဉ်လေးကတည်းက အဖွားအိမ်မှာပဲ ထားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ...

မိမိသြဇာအာဏာတွေကိုတော့ သားလွန်ဆန်၍ မရပေ။

ပညာရေး ...

လူမှုရေး ...

ပတ်ဝန်းကျင်နှင့်ပတ်သက်ဆက်နွှယ်မှုတွေအားလုံး မိမိ သဘောဆန္ဒပဲ ဖြစ်စေရသည်။

နာခံရသည်။

ကိုကျော်စံနှင့် နီးနီးကပ်ကပ် နေထိုင်ခွင့် မပြုထားခဲ့ပေ။

အမေ့ကိုပဲ ချစ်ခင်သံယောဇဉ် တွယ်ငြိစေခဲ့မိသည်။

"ဖေဖေ အရက်သောက်တဲ့ကိစ္စကိုတော့ မေမေ ဂရုတစိုက် မေးမြန်းသင့်ပါတယ်"

သားစကားတွေကို မကြားဟန်ဆောင်လာခဲ့မိသည်။

ဒေါ်မမနှင်းလည်း မာနတွေမိုးထိအောင် မြင့်မားခဲ့တာပဲ။

ရှင်နှလုံးသားတွေထဲမှာ ဖြိုးပပနဲ့ သမီးခရှိနေတာ။

အရေးကြီးတာက ...

မမနှင်း ချမ်းသာဖို့ပဲ။

သားရဲ့အနာဂတ်လှပမှုတစ်ခုပဲ မမနှင်း လိုလားနေမိသည်။

❖-------❖

ခန်း (၈)

မိန်းမချောလေးတစ်ယောက်နှင့် အမှတ်မထင် ဆုံမိသွားရ သည်။

ကားမောင်းတတ်ခါစ သူမသည် ရပ်သွားသော သူ့ကားအား ောက်မှဝင်ပြီး တိုက်မိသွားခဲ့၏။

"ဘုရားရေ ... "

သူမက မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်စွာဖြင့် ထိတ်တလန့် ကြည့်သည်။

ဘေးမှာက ဒရိုင်ဘာဟုထင်ရသော သူမအား ကားမောင်း င်ပေးပုံရသော လူတစ်ယောက် ရှိနေ၏။

ကားပေါ်မှ သူမနှင့်လူတစ်ယောက် ဆင်းလာပြီး ကားကို ကြည့်သည်။

"ကျွန်မ ... ကျွန်မ တောင်းပန်ပါတယ်နော်၊ အခုမှ ကား



www.burmeseclassic.com

www.burmeseclassic.com



မောင်းသင်နေတာပါ"

သူ့ကား မီးခွက်ကွဲသွားသည်။

သူမကားလည်း ပိန်ချိုင့်ဝင်သွားကာ တွေ့လိုက်ရ၏။

"မမလေးက ကားမောင်းတတ်ခါစပဲ ရှိသေးတယ် ဆရာလေး၊ တောင်းပန်ပါတယ် ... ဟို ... ဟို ... မီးလုံးဖိုး လျော်ပေးမလားခင်ဗျာ"

ဒရိုင်ဘာစကားကြောင့် သူမမှာ မီးလုံးဖိုးလျော်စရာမရှိပ သော အသိက ဖျတ်ခနဲ ဝင်ရောက်လာသည်။

"ဒုက္ခပါပဲ ... ကျွန်မမှာ လျော်စရာ ပိုက်ဆံမရှိဘူး"

သူ့အကြည့်တွေက သူမထံ ဆတ်ခနဲ ရောက်သွားသည်။

ဒေါသတွေ ထွက်သွားရ၏။

"ခင်ဗျားမှာ လျော်စရာ ပိုက်ဆံမရှိတာလား၊ မလျော်ချင်တာလား"

သူ့လေသံတွေက ဒေါသတကြီး ဖြစ်သွားရသည်။

ဒီမိန်းကလေး စီးလာသောကားသည်လည်း တန်ဖိုးမနည်းပေ။

"ဟို ... ဟို ... ကျွန်မ ... ကျွန်မ ... "

သူမ ထစ်ငေါ့နေသည်။

မာန်မာန ကင်းစင်တဲ့ မျက်ဝန်းလေးတွေထဲတွင် စိုးရိမ်ထိတ်





လန့်မှုတွေ ရောစွက်နေသည်။

တောင်းပန်တိုးလျှိုးစွာ ကြည့်၏။

"ဟို ... ကျွန်မ လျော်ပေးရမလားဟင်၊ ရှင့်ကားတန်ဖိုးက နည်းမှာမဟုတ်ဘူး"

မိန်းမချောလေးကိုကြည့်ပြီး သူစိတ်ဝင်တစား ဖြစ်သွားရသည်။

မျက်ဝန်းတောက်တောက်လေးတွေက ပကတိ ရိုးသားနေ၏။

ကားက တန်ဖိုးကြီးသည်။

ဝတ်စားထားတာက ချမ်းသာကြွယ်ဝမှု အဆင့်အတန်းမြင့်မားမှုကို သက်သေပြသနေ၏။

မင်းမျက်လုံးလေးတွေက ညှိုးရော်နေသလိုပဲ။

"မမလေး ... ဘာဖြစ်နေတာလဲ၊ ဒီငွေလောက်က မမလေး အသာလေး လျော်နိုင်ပါတယ်"

ဒရိုင်ဘာက မမလေးအကြောင်းသိ၍ ဝင်ပြောလိုက်သည်။

ဆရာက မမလေးကို လူကုံထံအသိုင်းအဝိုင်းထဲ ဝင်ဆန့်အောင် တမင်လေ့ကျင့်သင်ကြားပေးနေခြင်း ဖြစ်၏။

မမလေးက ဟန်မရှိ။

"ဟို ... ဟို ... မိုး ဘာလုပ်ရမလဲ၊ ရှင့်ကားမီးခွက်တန်ဖိုးက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်လဲဟင် ...”

“ငါးသိန်းလောက်ရှိမယ်”

“ရှင် ...”

ကောင်မလေး မျက်ဝန်းလေးတွေထဲတွင် အတော်လေး ထိတ်လန့်တုန်လှုပ်သွားဟန်ရှိပြီး ဖြူရော်ရော်ဖြစ်သွားသည်။

“ကျွန်တော်တို့ ဝပ်ရှော့ကိုသွားပြီး မီးခွက်လဲမယ်၊ ကျသင့် ငွေ လျော်ပါ့မယ်”

“ခင်ဗျားက ဘယ်သူလဲ”

“ဒရိုင်ဘာ ကိုထွန်းပါ၊ မမလေးက ကြောက်တတ်တယ် ကဲ ... ဝပ်ရှော့ကို သွားကြရအောင်”

“ကောင်းပြီလေ ... သွားမယ် ...”

“ကိုထွန်း ပိုက်ဆံရော ... ဖြစ်ပါ့မလား”

“ဖြစ်ပါတယ် မမလေး ... ဆရာ့ကို ဖုန်းဆက်ခေါ်လိုက် မယ်”

“ဒုက္ခပါပဲ”

သူမ ဟန်မဆောင်တတ်။

ကိုစစ်မှူးပိုင်ကတော့ သူမအား အပြစ်တင်စကားတွေပြေ မလား။

သူ့ဆီမှာ အောက်ကျို့မခံချင်ပါဘူးဆိုမှ ငွေကုန်စရာက ပေ





လာသည်။

နမော်နမဲ့ လုပ်တတ်တဲ့အကျင့်မရှိပေမယ့် အချိန်အဆတွေကို မသိသေး၍ သူမျှားကားကို တိုက်မိခြင်းဖြစ်သည်။

ကားက ဝပ်ရှော့ရောက်သွားသည်။

“မမလေး ဆရာ့ဆီ ဖုန်းဆက်လိုက်ပါလား”

“ဟင့်အင်း ... ကိုထွန်းပဲ ဆက်လိုက်ပါ၊ ကျွန်မ စိတ်တွေ အရမ်းလှုပ်ရှားနေတယ်”

“ခက်တာပဲ ... ဒီငွေလောက်လေးများ ဘာဖြစ်လဲ”

“သူ့ငွေတွေကို မသုံးချင်ပါဘူးဆိုမှ”

ကိုထွန်းက မျက်လုံးပြူးကြီးတွေနှင့် မော်ကြည့်သည်။

“ကျွန်တော်ပဲ ဆရာ့ဆီ ဖုန်းဆက်ပါ့မယ်”

ကိုထွန်းက ကားထဲဝင်ပြီး ကိုစစ်မှူးပိုင်ဆီ ဖုန်းဆက်သည်။

“ဒီမှာ ... ဒီမှာ”

“ရှင် ...”

“မင်းကိုကြည့်ရတာ အတော်လေးကြောက်နေပုံပဲ၊ ဘာလဲ နမြောလို့လား ... ဒီငွေအတွက် အခက်အခဲရှိလား”

“ရှင် ...”

သူ့ရဲ့အကြင်နာမျက်ဝန်းတွေနှင့် သူမ ရင်ဆိုင်ဆုံတွေ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ လှိုက်ခနဲ ခုန်သွား၏။

"ကိုယ့်နာမည်က ရန်မခပါ ... မင်းနာမည်ရော ..."

သူမ ...

အသိမဲ့နေသော အကြည့်တွေနှင့် သူ့အား ငေးကြောင်ကြည့်နေမိသည်။

ကျွန်မစိတ်တွေ အရမ်းတုန်လှုပ်နေလို့ ရှင့်အမေးတွေ မဖြေနိုင်တော့ဘူး။

"ဒီမှာ"

"ရှင် ..."

"ဒီငွေတွေကို လျှော်ပေးဖို့ မင်းမှာ အခက်အခဲကြီးကြီးမားမား ရှိလား"

"ရှင် ..."

"ဒုက္ခပါပဲကွာ ..."

ကိုထွန်းဆိုတဲ့လူ အလစ်တွင် သူမေးနေခြင်းဖြစ်သည်။

အဖိုးတန်ကားကြီးနှင့် အမောင်းလေ့ကျင့်နေသော သူ့၏ စိတ်တွေက မာထန်ပြတ်သားမှုမရှိ။

တစ်စုံတစ်ခုအတွက် သိမ်ငယ်သော မျက်ဝန်းလေးတွေ တွင် စိုးရိမ်ကြောင့်ကြမှုတွေ ထင်းနေသည်။

မင်းက စိတ်ဝင်စားစရာပဲ။





"ကိုယ် အလျော်မတောင်းတော့ဘူးဆိုရင်ရော"

"ဟို ... ဟို ... မဖြစ်ဘူးထင်တယ်၊ ကိုထွန်းက သူ့ဆီဖုန်းဆက်နေပြီ"

"သူဆိုတာ ဘယ်သူလဲဟင်"

"ကိုစစ်မှူးပိုင်ပါ ... ကားပိုင်ရှင်လေ ..."

"ကားပိုင်ရှင်က မင်းမဟုတ်ဘူးလား"

"ဟင့်အင်း ..."

"ဘာ ..."

"ဟုတ်တယ် ... အို ... ကျွန်မကို ဘာမှဆက်မမေးပါနဲ့ရှင်၊ မီးခွက်ဖိုးလျော်ဖို့ ကိုထွန်းနဲ့ပဲစီစဉ်ပါ"

သူမစိတ်တွေ ရှုပ်ထွေးစွာဖြင့် သူ့ကိုရှောင်လွှဲဖို့ ကြိုးစားမိသည်။

"မမလေး ..."

"ဟင် ..."

"ဆရာလာမယ်တဲ့၊ ဘာမှမပူနဲ့တဲ့ ... ဒီငွေလောက်က အကြောင်းမဟုတ်ပါဘူးတဲ့"

ရှင့်ဘက်က ဒီစကားမျိုးပဲ ထွက်လာမယ်ဆိုတာ ကျွန်မ သိပြီးသားပါ။

ကားမောင်းကို အတင်းသင်ခိုင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



မမောင်းချင်ပါဘူးဆိုလည်း မရဘူး။

အခုတော့ ဖြစ်ပြီ။

"ဒီကားက မင်းစီးဖို့ပဲ မိုးစက်ပွင့် ... အလေ့အကျင့်ရအောင် မောင်းစမ်းပါ"

"ကျွန်မ ကြောက်တယ်"

"ဘာကိုလဲ"

"ရှင့်ကားကြီးက အဖိုးတန်လွန်းနေမလားလို့"

"ခက်တာပဲကွာ ... မင်းဆန္ဒရှိရင် ဒီကားတစ်စီးလုံး မီးရှို့ပစ်လိုက်၊ ကိုကို့အတွက် အရေးမကြီးဘူး"

ရှင်က ငွေဂုဏ်ကြေးဂုဏ် မောက်မာလွန်းတဲ့သူပဲ။

လျော်ပေးရင်တောင် ဟိုကားပိုင်ရှင်ကို ရှင်အထက်စီးကနေ ပေးမှာမဟုတ်လား။

ခဏကြာတော့ ...

ကိုစစ်မှူးပိုင် ရောက်လာသည်။

"ကျသင့်ငွေ ဘယ်လောက်လဲ ကိုထွန်း ... ရှင်းပေးလိုက်ပါ၊ လိုအပ်တာတွေလည်း လုပ်ပေးလိုက်ပါ"

ကျွန်မ ထင်သားပဲ။

ကားပျက်စီးတဲ့ တန်ဖိုးကို ဘာမှအပန်းမကြီးသလို ရှင် လျော်နေတယ်။





ဟိုလူ့ကို လှည့်တောင် မကြည့်ဘူး။

အားနာလိုက်တာ။

ကျွန်မအတွက် ဂရုတစိုက် အားပေးနှစ်သိမ့်နေတတ်တဲ့ သူ့ရဲ့ မာန်မာနကင်းစင်မှုတွေကို အားနာနေမိတာပါ။

"မိုးစက်ပွင့်"

"ရှင် ..."

"ကားပေါ်တက်တော့၊ ကိုထွန်းပဲကြည့်ပြီး စီစဉ်လိမ့်မယ်"

သူက သူမလက်ကို ဆွဲခနဲဆွဲကာ သူ့ကားဆီ ခေါ်သွားသည်။

❖-------❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

"ဖေဖေ"

"ဘာလဲ သား ..."

"သား အရမ်းချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်နဲ့ တွေ့ခဲ့တယ်"

"ဟင် ... ဟုတ်လား သား"

ဖေဖေက မေမေ့လိုမဟုတ်။ ခေတ်မီပွင့်လင်းသူဖြစ်သည်။ ဘယ်အရာမဆို သူနှင့်ဖေဖေ တိုင်ပင်တတ်သည်။

ကောင်မလေးကိုကြည့်ရတာ တစ်စုံတစ်ခုအတွက် မငံ့ရဲဖြစ်နေပုံပင်။ လှပချောမောသော မျက်နှာလေးပေါ်တွင် သူမမျက်ဝန်းလေးတွေက ဆွဲဆောင်မှု အရှိဆုံးဟု ထင်မိနေသည်။

ဒရိုင်ဘာ ကိုထွန်းဆီက သူ့နာမည်နဲ့လိပ်စာကို သိခဲ့ရသည်။ မိုးစက်ပွင့်တဲ့။





မေ့ပစ်၍မရ။

ကိုစစ်မှူးပိုင်ဆိုတဲ့လူနှင့် ဘယ်လိုပတ်သက်နေလဲ။ အတော်လေးလွှမ်းမိုးချုပ်ချယ်ထားပုံ ရနေသည်။

"သား"

"ဗျာ"

"ကောင်မလေးကို ဖေဖေတို့ကြည့်ပြီး သင့်တော်မယ်ထင်ရင်တော့ လူကြီးချင်း စေ့စပ်မယ်"

"မဖြစ်နိုင်ဘူးထင်တယ် ဖေဖေ"

"ဘာဖြစ်လို့လဲ သားရဲ့"

"ကိုစစ်မှူးပိုင်ဆိုတဲ့လူက ကောင်မလေးနဲ့ ဘယ်လိုပတ်သက်နေလဲမသိဘူး"

သူကြုံတွေ့ခဲ့ရတဲ့ အခြေအနေတွေကို ပြောပြလိုက်မိသည်။

ဦးကျော်စံကတော့ သမီးလေးကိုပဲ သတိရတမ်းတနေမိ၏။ ရှာနေသည်။ သတင်းအစအနေပျောက်နေတာ တွေ့ရ၏။

"သားစိတ်ထဲမှာ မိုးစက်ပွင့်ကို မေ့ပစ်လို့မရဘူး ဖေဖေ"

"မိန်းကလေးတစ်ယောက်ရဲ့အခြေအနေကို လေ့လာကြည့်ပြီးကွယ် ... အရမ်းတော့ အထင်မကြီးသင့်ဘူးလေ"

"ဖေဖေ"

"ပြော ..."



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေငယ်ငယ်က အခြေအနေတွေကို သားသိချင်တယ်၊ သင်ခန်းစာပေါ့"

"အင်း ... ဖေဖေက မိုက်မဲတယ်ပဲပြောပြော အချစ်ကို ဦးစားပေးတယ်ပြောပြော ဖိုးပပဆိုတဲ့ ဆင်းရဲနွမ်းပါးတဲ့မိန်းမချောလေးတစ်ယောက်ကို ဖေဖေ မြတ်မြတ်နိုးနိုးချစ်မိတယ်"

နှစ်ဦးသဘောတူ လက်ထပ်တဲ့အထိဖြစ်ခဲ့သည်။ လူကြီးတွေမသိ။ ဖိုးပပဘက်က သူ့အချစ်ကို ငြင်းဆန်ပေမယ့် သူ့စွတ်အတင်းပင် ချစ်ခဲ့သည်။

"မောင့်မိဘတွေဘက်ကနေ ဖိုး ကိုယ်ချင်းစာပါတယ်၊ ဖိုးဘဝနဲ့ဖိုးပဲ ရှိပါစေတော့"

ဖိုးပပက သူ့ကိုငွေကြေးဥစ္စာတွေ မမက်မောလေ၊ သူ့ဘက်မှ ပို၍ချစ်မြတ်နိုးရလေဖြစ်သည်။ မိဘတွေသိသွားတော့ အကြီးအကျယ် ကန့်ကွက်လေ၏။

"သား ... ဖိုးကိုချစ်တယ်၊ သားတို့ချစ်ခြင်းကိုမခွဲပါနဲ့"

မိဘတွေက လက်မခံ။ ကလေးတစ်ယောက်အမေ မမနှင်းနှင့် သဘောတူနေကြသည်။

"မမနှင်းက ချမ်းသာတယ်၊ တစ်ဦးတည်းသော သမီး၊ ကလေးအဖေဘက်က အမွေတွေက အများကြီးရလိုက်တယ်လေ"

"ကျွန်တော် ဘာငွေမှမမက်မောဘူး ... ဖိုးကိုချစ်တယ်၊





သားတို့မှာ ရင်သွေးလေးတောင် ရနေပြီ"

"ဘာကွ"

ဖေဖေက ဒေါသတကြီးနှင့် သူ့ကိုအမွေဖြတ်ဖို့ စီစဉ်သည်။

"မင်းကို သားအဖြစ်က စွန့်လွှတ်တယ်ကွာ ... မင်းအခုချက်ချင်းပဲ ငါ့အိမ်က ထွက်သွားစမ်း ... "

ဖခင်ရဲ့ ဒေါသပေါက်ကွဲမှုတွေကို မိခင်က ခံစားပြီး နှလုံးရောဂါထသည်။

"သား ... မေမေ့ကို သတ်သွားပါ၊ မေမေသေမှ မင်းဟိုကောင်မလေးနဲ့ အတူနေပါ"

မေမေ့ရောဂါ မသက်သာ၍ ဖိုးဆီ မသွားဖြစ်တော့။

ဖိုးကလည်း သူ့ကိုရှောင်ပြီး ထွက်သွားသည်။

ဘယ်ရောက်သွားမှန်းမသိ။

"မောင် ဆင်းရဲဒုက္ခရောက်မှာကို ဖိုး လုံးဝမလိုလားဘူး၊ ဖိုးအပေါ် မောင် ဒီလောက်ချစ်မြတ်နိုးတာပဲ ဖိုး ဝမ်းသာပါတယ်"

ဖိုးပပဘက်မှ တုန့်ပြန်မှုတွေက ပြတ်သားသည်။

"ကျွန်မ နစ်နာမှုမရှိပါဘူးမောင်၊ ကျွန်မအတွက် မောင့်အမေ အသက်မသေဆုံးစေချင်ဘူး"

ဖိုးပပကို သူရှာပေမယ့် သတင်းအစအန ပျောက်သွားသည်။ သူ ... မမနှင်းကို လူကြီးတွေဆန္ဒအရ လက်ထပ်လိုက်ရတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

မကြာခင် ...

သမီးလေး ရောက်လာသည်။

ဘယ်သူမှ လက်မခံကြသဖြင့် အိမ်ဖော်မကြီး ဒေါ်အေးတင်နှင့် ထားရတော့သည်။

“သမီးလေးအပေါ် ဖေဖေ လုံးဝတာဝန်မကျေဘူး၊ ရက်စက်ခဲ့မိတယ်၊ သမီးလေး သေပြီဆိုတာလည်း ဖေဖေ လုံးဝမယုံနိုင်ဘူးဖြစ်နေတယ်”

“ဒေါ်အေးတင်လည်း သေသွားတယ်ဆိုတာ မဖြစ်နိုင်ဘူးထင်တာပဲဖေဖေ ... လွန်ခဲ့တဲ့ နှစ်လလောက်က သားနဲ့တွေ့သေးတာပဲ”

“မင်းမေမေကြောင့် ဒေါ်အေးတင်နဲ့သမီးလေး အဝေးကိုလွင့်သွားတာပဲဖြစ်မယ်”

“တစ်နေ့တော့ ပြန်တွေ့ကြရမှာပေါ့ ဖေဖေ”

“မင်း ကောင်မလေးအတွက် ဘာမှမပူနဲ့နော်သား၊ ဖေဖေအားလုံးတာဝန်ယူတယ်”

ဖေဖေ့ကိုလည်း ရန်မခ စိတ်ချမ်းသာစေချင်မိသည်။

သူ ... ဘာမှမသိ။

မေမေကလည်း ဖေဖေ့သမီးလေးအကြောင်းကို မပြောပေ





ဒေါ်အေးတင်ကလည်း သူ့ကိုတော့ ချစ်သည်။

အိမ်တွင်းရေးတွေ ဘာမှမပြော။

“ကျွန်တော့်အလုပ်ကိစ္စတွေအားလုံး မေမေ စိတ်ချစေချင်တယ်”

“သားကို မေမေ အားကိုးပါတယ်ကွယ်”

ဦးကျော်စံ စိတ်ဓာတ်တွေ အကြီးအကျယ် ကျနေသည်။

သမီးအတွက်လည်း ပါ၏။

သားတွေ့ခဲ့တဲ့ ကောင်မလေးသာ သမီးလေးဖြစ်လိုက်ပါတော့။ မတွေးချင်။ မမနှင်းကြောင့် ...

“သား ... သွားမယ် ဖေဖေ”

“အေး ... အေး”

သားဖြစ်သူရဲ့ ရိုးသားဖြူစင်မှုကိုတော့ လေးစားမိသည်။

အားကိုးရ၏။

မိမိရင်သွေး ... သမီးလေး ...

ဘယ်ရောက်နေပြီလဲ။

ဆင်းရဲနွမ်းပါးတဲ့ဘဝလေးမှာ သမီးညှိုးငယ်စွာနေရပြီလား။

“အား”

ရင်ထဲမှာ မွန်းကျပ်လာသည်။

သမီးလေးကို ချစ်မြတ်နိုးစွာ ယုယထွေးပိုက်ချင်လာ၏။

“ကိုကျော်စံ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ရှင် အရက်ဘွေကို ဒီလောက်အထိ သောက်နေတာ ကျွန်မကို ရွဲ့နေတာလား"

"မင်း ထင်ချင်သလိုထင်၊ အရေးကြီးတာက ငါစိတ်ချမ်းသာနေဖို့ပဲ"

"ရှင့်သမီး သေပြီ … အဲဒါဘာဖြစ်လို့ မမေ့နိုင်ဖြစ်နေရတာလဲ"

ဒေါ်မမနှင်း ဒေါသတကြီးနှင့် ပြောပစ်လိုက်သည်။

သမီးကို သတိရနေ၏။

ဘာအဓိပ္ပါယ်ရှိလဲ။

ဒင်း … သမီးက ဘယ်လောက်များ တန်ဖိုးရှိနေလဲ။

"မမနှင်း … မင်း ငါ့အနားကနေ ထွက်သွားစမ်း"

"ရှင် ကျွန်မကို မောင်းမထုတ်ပါနဲ့ … ရှင် ဒီလိုသာဖြစ်နေရင် ရှင်နဲ့ကျွန်မ လုပ်ငန်းတွေ ခွဲပစ်ရလိမ့်မယ်"

"ဘာကွ … "

ကိုကျော်စံ ဒေါသတကြီးနှင့် အော်ပစ်လိုက်သည်။

ဒီမိန်းမ စိတ်ကောင်းမရှိဘူး။

"ငါ့သမီးအတွက် တာဝန်မကျေခဲ့ရတာ မင်းကြောင့်ပဲ"

"ကိုကျော်စံ"





"ပြော … "

"ရှင်နဲ့ကျွန်မ အိမ်ထောင်ရေးကိုဆက်ပြီး ပေါင်းနေလို့ မဖြစ်တော့ဘူး"

ကိုကျော်စံဆီမှာ ဘာပိုင်ဆိုင်ခွင့်မှ မရှိတော့ပေ။

ဒေါ်မမနှင်း အားလုံးလက်ဝါးကြီးအုပ်ထားပြီး ဖြစ်သည်။

… လက်ချည်းပဲ ဆင်းသွား။

"ရှင် ကားတစ်စီးနဲ့ သိန်းတစ်ထောင်ယူပြီး ဆင်းသွားပါ"

"ဘာပြောတယ် မမနှင်း … "

"ကျွန်မပြောတာ ရှင်းရှင်းလေးပဲ ကိုကျော်စံ၊ ကျွန်မ ရှင်နဲ့ ဆက်မပေါင်းချင်တော့ဘူး"

"ကောင်းတယ် … မမနှင်း၊ မင်းဘက်ကနေ ဒီလိုပြောတာ သဘောကျတယ်"

ဦးကျော်စံကတော့ ဒီမိန်းမနဲ့ ကွာရှင်းပြတ်စဲခွင့်ရရင် ပြီးရော ဘာစည်းစိမ်မှ မမက်။ ယောကျ်ားပဲ …

သူ စီးပွားရေးလုပ်ငန်းတွေ အများကြီးလုပ်တတ်နေသည်။

"မင်းနဲ့ တရားဝင် ကွာရှင်းမှ ငါစိတ်ချမ်းသာမယ် မမနှင်း"

"ရတယ်လေ … ဒီလောက်အထိ အဖြစ်သည်းနေရင်လဲ သပန်နဲ့ပဲ နေပါလား"

"မေမေ့ကြောင့်ကွ"

www.burmeseclassic.com



"ရှင် အခုထွက်သွား ... ကျွန်မတိုက်ပေါ်မှာ ရှင်နေစရာ မလိုဘူး"

ယောက်ျားမာနကို ထိပါးလာပြီဆိုတော့လည်း ဦးကျော်စံ ဆက်ပြီးသည်းမခံနိုင်တော့အောင် ဖြစ်ရသည်။

မမနှင်းက အတ္တကြီးပြီး မောက်မာထောင်လွှားလွန်းသည့် မိန်းမကြီး ဖြစ်နေသည်။

မိမိငွေကြေးဥစ္စာ ပစ္စည်းတွေကို မမက်မောချင်တော့ပေ။

ကားတစ်စီးပဲယူပြီး မမနှင်းအိမ်ပေါ်ကနေ ထွက်လာခဲ့ သည်။

မိမိမှာ တိုက်ခန်းတစ်ခန်း ရှိ၏။

သမီးလေးကို ရှာမယ်။

ဒေါ်အေးတင်က အိမ်ဖော်မကြီးတစ်ယောက်ပဲ။

သမီးလေးကို တင့်တောင့်တင့်တယ် ဖြစ်အောင် ကျွေးမွေး နိုင်မှာမဟုတ်။

သတင်းစာမှာ ကြော်ငြာထည့်၍ သမီးကို ရှာဖွေရန်ဖြစ် သည်။

မိမိနှင့်မမနှင်း ကွာရှင်းပြတ်စဲတော့မည် ဖြစ်၏။

အတ္တကြီးတဲ့ မိန်းမ။

လောဘရမ္မက်ကြီးသည်။





ဖြိုးပပရယ် ...

ကိုယ်ဝင့်လည်နေရပြီ။

မင်းနဲ့သမီးလေးကို စွန့်ပစ်ထားခဲ့မိတယ်။

တကယ်ဆို ...

ဖြိုးတို့သားအမိရှေ့ကနေ ကိုယ်သတ္တိရှိရှိ ရပ်တည်သင့်တယ်။

ဦးကျော်စံတစ်ယောက်တည်း ကြေကွဲစွာ သမီးကိုတမ်းတ နေမိသည်။

ဒေါ်မမနှင်းကလည်း ကိုကျော်စံရဲ့စည်းစိမ်တွေကို မိမိလက် ဝါးကြီးအုပ်ဖြစ်၍ မလိုတော့ပေ။

သား ရောက်လာပြီပဲ။ ဘာဖြစ်လဲ ...

စီးပွားရေးလုပ်ငန်းတွေကို သားနိုင်နင်းစွာ လုပ်ကိုင်နေ သည်။

ဖြိုးပပလို မိန်းမတစ်ယောက်နှင့် မမနှင်း ဘယ်လိုမှမယှဉ် နိုင်ပေ။

ယောက်ျားကို မဆွဲဆောင်နိုင်။

ဖြိုးပပက ဘာအဆင့်ရှိလို့လဲ။

မမနှင်းကတော့ မိမိအကျိုးစီးပွားနှင့် သားရဲ့အကျိုးစီးပွား ကိုပဲ ကြည့်ရတော့မည် ဖြစ်သည်။

စည်းစိမ်ဥစ္စာတွေကို မိမိအပိုင်ရတော့မည် ဖြစ်၏။

"မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... သား"

"ဖေဖေ့ရဲ့အပေါ် မေမေ မတရားဘူးလို့ သားထင်တယ်"

ဖေဖေ စိတ်သဘောထား ပြည့်ဝတာကတော့ ရန်မခ အ

ဆုံးပဲ ဖြစ်နေသည်။

စီးပွားတွေ ရှာ၏။

မိန်းမတစ်ယောက်အပေါ် ဖေဖေ ဘယ်တော့မှ နိုင်ထ

စီးနင်းလုပ်ခြင်း မရှိခဲ့။

ရှာဖွေရသမျှ မေမေ့လက်ထဲကိုပဲ အပ်နှံခဲ့သည်။

ဖေဖေ တာဝန်မမဲ့ခဲ့။

ရန်မခကတော့ မိဘတွေကို မကွဲကွာစေလိုပေ။

"မေမေ သားကိုချစ်ရင် ဖေဖေနဲ့ ပြဿနာမဖြစ်ဖို့ တောင်း

ပန်ပါတယ်"

"သား ... အသာနေစမ်းကွယ် ... မေမေ့ဘက်ကလည်း

ကိုယ်ချင်းစာပါဦး"

"သူ့မယား ဖြိုးပပကို နေ့စဉ်စွဲလမ်းတမ်းတနေတယ်၊ စာနာ

ဖို့မရှိတဲ့ သမီးကိုပဲ တမ်းတနေတယ်"

"ဖေဖေ့သမီး တကယ်ပဲ ဆုံးသွားတာလား"

"ဟုတ်တယ် ..."

ရန်မခ စိတ်ထဲမှာတော့ မေမေ လိမ်ညာနေသည်ဟုပဲ ထင်

မိသည်။





"မေမေ့ဘက်ကလည်း ကိုယ်ချင်းစာပါဦး၊ သမီးပဲ ... ဖခင်

တစ်ယောက်အနေနဲ့ ဒီလောက်တော့ ခံစားရမှာပဲ"

"မင်း ဒီကိစ္စတွေကို စိတ်ဝင်စားစရာမလိုဘူး မခ၊ အရေးကြီး

တာက မေမေလုပ်သမျှ သားအဖ ကောင်းစားဖို့ပဲဆိုတာ မင်းစွဲစွဲ

မြဲမြဲ မှတ်ထားသင့်တယ်"

"သားတစ်ယောက်တည်း ကောင်းတာမျိုးလဲ မဖြစ်သင့်ဘူး

မေမေ"

"ဟိုဟာမလေးက သေပြီပဲ၊ မင်းအလုပ် မင်းလုပ်စမ်းသား၊

မေမေ စိတ်မကောင်းဖြစ်အောင် လုပ်နေတာလား ရန်မခ ..."

"ဖေဖေနဲ့ ကွဲကွာတာတွေ မလုပ်ပါနဲ့ ..."

"မင်းအဖေကိုယ်တိုင်က ဆန္ဒပြင်းပြနေတာ၊ မေမေကတော့

မိန်းမသားတစ်ယောက်အနေနဲ့ အနစ်နာမခံနိုင်ဘူး"

မေမေက မာန်မာနကြီးလွန်းကာ ဘယ်လိုမှဖျောင်းဖျ၍

မရနိုင်အောင် ခေါင်းမာစွာ ငြင်းဆန်နေသည်။

ငြင်းဆန်မှာပေါ့ ...

ဖေဖေ ရှာဖွေထားသမျှ အကျိုးစီးပွားတွေကို မေမေတစ်

ယောက်တည်း လက်ဝါးကြီးအုပ်ထားလိုက်၍ ဖြစ်သည်။

ရန်မခ စိတ်မကောင်းကြီးစွာ ဖြစ်နေမိရ၏။

သူက မိဘတွေ အဆင်မပြေပေမယ့် စည်းစိမ်ဥစ္စာတွေနှင့်

ပြည့်စုံသည်။



www.burmeseclassic.com

www.burmeseclassic.com



မပြည့်စုံတာက ဖေဖေရဲ့သမီးလေးပဲ။

သူ ဘာမှမသိ။

နောက်ဆုံး အမည်ပင် မသိ။

ဖေဖေ့ဆီရောက်တော့လည်း အရက်တွေ အလွန်အကျွံ သောက်ထားသည်။

"ဖေဖေ ..."

"သား ... လာ ..."

"ဟုတ်တယ် ... ဖေဖေ"

"ဖေဖေ့ကို ဘာမှလာပြီး မဖျောင်းဖျပါနဲ့၊ ဖေဖေ သေချင်တယ်၊ တစ်လောကလုံးကို မေ့ထားချင်တယ်ကွာ"

ဖေဖေ ဇက်ကျိုးနေ၍ ရန်မခ အခက်တွေ့နေရသည်။

"ဖေဖေ"

"ဟင်"

"ဖေဖေ့သမီးလေး နာမည်ဘယ်သူလဲဟင်၊ သားတွေ့အောင် ရှာပေးမယ်"

"အင်း ..."

ဖေဖေ့ကို ဘယ်လိုမှ စကားပြောလို့မရသာ ပြန်လာခဲ့ရသည်။

❖........❖

အခန်း ( ၁၀ )

"မိုးစက်ပွင့် ..."

"ဟင် ... ရှင် ... ရှင် ..."

ညှင့်သည်ကတွေ့ချင်သည်ဆို၍ သူမ ထွက်တွေ့တဲ့အချိန်တွင် ကိုရန်မခ ဖြစ်နေတာ တွေ့လိုက်ရသည်။

လန့်သွားရ၏။

ကိုစစ်မှူးပိုင်က မရှိ။ တော်ပါသေးရဲ့ ...

"ကိုယ့်ကို တွေ့လိုက်တာနဲ့ ဘာဖြစ်လို့ ဒီလောက်အထိ ကြောက်ရွံ့တုန်လှုပ်သွားရတာလဲ မိုးစက်ပွင့်"

"ကျွန်မ ... ကျွန်မ ..."

သူမ ...

ဘာဆက်ပြောရမှန်းလည်း မသိ။

ကိုစစ်မှူးပိုင်သိရင် အကြီးအကျယ် ပြဿနာဖြစ်မှာပဲ။

မိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်မှာ ဧည့်သည်လာခွင့်မရှိဘူး ကိုရန်မစ"

"ဘာဖြစ်လို့လဲ မိုးစက်ပွင့် ... လူတစ်ယောက်မှာ မိတ်ဆွေ အပေါင်းအသင်းဆိုတာ ရှိတာပဲ"

သူမရဲ့ ထိတ်လန့်တုန်လှုပ်နေတဲ့ မျက်ဝန်းလေးတွေကို နား မလည်နိုင်စွာ သူ စူးစိုက်ကြည့်မိနေသည်။

ဒီမိန်းကလေး ဘာဖြစ်နေတာလဲ။

ကိုစစ်မှူးပိုင်ကရော သူမနှင့်ဘယ်လိုပတ်သက်နေတာလဲ။

"မိုးစက်ပွင့် ... မင်းနဲ့ကိုစစ်မှူးပိုင်က ဘယ်လိုပတ်သက် ဆက်ဆံနေလဲဟင်"

"သူ ... သူက မိုးရဲ့အုပ်ထိန်းသူလေ"

"အုပ်ထိန်းသူ ..."

"ဟုတ် ..."

သူ့ကို ပြန်စေချင်မိသည်။

ဖွားအေးကြောင့် သူ့ကို သူမ လွှန်ဆန်နိုင်ခြင်း မရှိတာပါ။

ထို့ပြင် ...

ဖွားအေး နာမကျန်းဖြစ်စဉ်ကလည်း ကျေးမွေးစောင့် ရှောက် ပြုစုခဲ့သည်။

အတိတ်ဆိုတာ ဖျောက်ဖျက်ပစ်လိုက်လို့မှ မရတာဘဲ။

"မိုးစက်ပွင့်"





"ရှင် ..."

"မင်း ဘာဖြစ်နေတာလဲ"

"ရှင် ..."

"မင်းကို တွေ့လိုက်တိုင်း အမြဲတမ်း အထိတ်တလန့်နဲ့ မင်း မျက်ဝန်းလေးတွေက ငိုရဲပြီး ထိတ်လန့်နေတယ်"

သူနှင့် အကြည့်ချင်းဆုံမိသွားရတော့သည်။

ကျွန်မ ... ရင်ထဲမှာ နွေးထွေးနေ၏။

ထူးဆန်းမှုပဲ။

ကိုစစ်မှူးပိုင်နဲ့ တွေ့ဆုံစဉ်ကနှင့် လုံးဝမတူပေ။

ရှင့်အကြည့်တွေက ကျွန်မ နှလုံးသားတွေကို လှိုက်ခါအေး ချမ်းသွားစေတယ်။

"ကိုစစ်မှူးပိုင်က ကျွန်မ ဘယ်ယောက်ျားနဲ့မှ ပတ်သက် ဆက်ဆံတာမျိုး သဘောမကျဘူး"

"မိုး ..."

"ဟင် ..."

"မင်း တစ်ခုခုအတွက် အနိုင်ကျင့်ဗိုလ်ကျခံနေရတာမျိုး လား"

"ဟင့်အင်း ..."

သူမ ...



www.burmeseclassic.com

www.burmeseclassic.com



ငြင်းဆန်ပစ်လိုက်မိသည်။

တကယ်တမ်း စဉ်းစားကြည့်မိတော့လည်း ကိုစစ်မှူးပိုင်အား သူမ ဘယ်လိုမှ ဆန့်ကျင်နိုင်တဲ့ အင်အားမရှိနိုင်ခဲ့။

ဖွားအေးဆန္ဒပဲ ...

"ကျွန်မအကြောင်းတွေကို ရှင်မသိချင်ပါနဲ့၊ ကျွန်မ သူနဲ့ရှင့်ကို ပြဿနာ မဖြစ်စေချင်ဘူး၊ အမှန်တကယ်တော့လည်း ကျွန်မ သူ့ကို လုံးဝ မလွန်ဆန်နိုင်တာ သေချာတယ် ကိုရန်မခ ..."

"မိုး"

"ဟင် ..."

"ကိုယ် ... ကူညီနိုင်မလား"

"မဖြစ်နိုင်ပါဘူး"

"ကိုယ့်ရင်ထဲမှာ မင်းနဲ့တွေ့ဆုံမိကြတာ မကြာသေးပေမယ့် နှစ်ပေါင်းများစွာ တွေ့ဆုံခင်မင်ရင်းနှီးနေသလိုပဲ"

မိုးစက်ပွင့်ရဲ့ဘဝကို သူစိတ်ဝင်စားနေမိသည်။

ရီဝေစိုလဲ့နေတဲ့ မျက်ဝန်းလေးတွေကို သူငေးစိုက်ကြည့်နေမိ၏။

"မိုးစက်ပွင့်ကို ကြည့်ရတာ တစ်ခုခုအတွက် ကြေကွဲနေသလိုပဲ"

သူမ ...





ဆက်ပြီးထိုင်နေဖို့ မဖြစ်တော့။

ကိုစစ်မှူးပိုင် ရောက်လာလျှင် ကျွန်မ ပြဿနာဖြစ်ရတော့မယ်။

"ရှင် ... ဘာပြောစရာရှိလို့လဲဟင်"

"ကိုယ် မင်းနဲ့တွေ့ချင်တာပါ"

ကိုထွန်းနဲ့ပေါင်းပြီး မိုးစက်ပွင့်နှင့်ပတ်သက်ဖို့ ကြိုးစားနေမိတော့သည်။

မိုးစက်ပွင့်အကြောင်းတွေကို သူစုံစမ်းမိ၏။

ကိုစစ်မှူးပိုင်က မိုးစက်ပွင့်အား အတင်းအကျပ်လက်ထပ်တော့မည်ဖြစ်ကြောင်း ကိုထွန်းက ပြောပြခဲ့သည်။

"ကျွန်မဘဝမှာ ကိုစစ်မှူးပိုင်ကလွဲပြီး တခြားယောကျ်ား တစ်ယောက်နဲ့ ပတ်သက်ဆက်ဆံစရာ မရှိနိုင်တော့ပါဘူး"

သူမ ထသည်။

"ရှင် ပြန်ပါ၊ ကိုကိုသိသွားရင် ကိုထွန်းလည်း အလုပ်ပြုတ်မယ်"

"ကိုထွန်း အလုပ်ပြုတ်မှာ မပူနဲ့မိုး ... ကိုယ်ရှိနေတာပဲ"

သူ့အကြည့်တွေက မင်းဘဝကိုလည်း ကိုယ်ကူညီနိုင်ပါသည်ဟု အခိုင်အမာ ပြောဆိုနေသည့် အကြည့်တွေပါ။

"ကျွန်မရဲ့ဘဝကို ရှင်သိသွားရင် ရှင်ကိုယ်တိုင်နဲ့ ရှင့်မိဘ



www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်းတွေကရော လက်ခံမှာ မဟုတ်ပါဘူး"

ကိုယ့်ဘက်ကတော့ မင်းဘယ်လိုဘဝမျိုးပဲဖြစ်ဖြစ် လက်ခံတယ်။

"မဖြစ်နိုင်ဘူး"

အိမ်ဖော်မကြီးတစ်ယောက်ရဲ့ မြေးကို ချစ်ဇနီးအဖြစ် လက်ထွဲခေါ်ယူဖို့ ဘယ်ယောက်ျားမဆို ဝန်လေးနေမှာပဲ။

ရှင်လည်း တွန့်ဆုတ်နေမှာပဲ။

"ပြောလေ ... မိုးစက်ပွင့်"

"ဟင့်အင်း ..."

"ကိုယ့်ကို ယုံပါ"

"ကျွန်မပြောလို့ရတာ တစ်ခုပဲရှိတယ်"

"ပြောလေ ..."

သူ့ကို စိတ်အနှောက်အယှက်ဖြစ်သွားအောင် ကျွန်မလုပ်ချင်သည့်ဆန္ဒတွေတော့ မရှိတာ အမှန်ပါပဲလေ။

ဘာပဲဖြစ်ဖြစ် ...

ရှင်နဲ့ပတ်သက်ပြီးတော့ ကျွန်မ နှလုံးသားတွေထဲမှာ တုန်လှုပ်နေမိတယ်ဆိုတာ ကျွန်မ ဝန်ခံဝံ့တယ်။

"ကျွန်မ ... ကိုစစ်မှူးပိုင်နဲ့ မလွဲမသွေ လက်ထပ်ရလိမ့်မယ် ကိုရန်မခ"





"ဟင် ..."

ကိုယ် အံ့ဩသွားပေမယ့် ဒီလိုပဲဖြစ်လိမ့်မယ်လို့ ထင်တာပဲ။

ကိုစစ်မှူးပိုင်က မင်းကိုစိုးမိုးလွန်းအားကြီးတယ် မိုးစက်ပွင့်ရယ်။

"ရှင်နဲ့ကျွန်မ အခုမှတွေ့ကြတာပါ။ ကျွန်မ အယုံကြည်ဆုံးက ကိုစစ်မှူးပိုင်တစ်ယောက်ပဲ ဖြစ်သင့်တယ်"

"မိုး ..."

"ကျွန်မ ရှင်နဲ့ထပ်ပြီး ပတ်သက်စရာအကြောင်း မရှိတော့ဘူး"

သူ ဆက်ပြီးထိုင်နေဆဲမှာ သူမ ထလာခဲ့သည်။

"တီ ... တီ"

"ဟင် ..."

ဘုရားရေ ...

ရင်ထဲမှ ဘုရားတလိုက်မိသည်။

ကိုစစ်မှူးပိုင် ပြန်လာပြီပဲ။

"ဒုက္ခပါပဲ"

"မင်းဘာမှ စိတ်မပူပါနဲ့၊ ကိုယ်က ဧည့်သည်ပဲ"

မိုးစက်ပွင့် မျက်နှာလေးက သိသိသာသာ ညှိုးငယ်သွား



www.burmeseclassic.com

www.burmeseclassic.com



ကိုစစ်မှူးပိုင် သူတို့ထိုင်နေတဲ့ ဧည့်ခန်းဘက်လျှောက်လာ၏။

သူ့ကိုမြင်လိုက်တော့ ကိုကို့မျက်နှာပေါ်မှာ တင်းမာခက်ထန်နေသည်။

"ကျွန်တော့်ကားနဲ့တိုက်မိတဲ့ကိစ္စအတွက် လာတာပါ"

"လာစရာ ဘာအကြောင်းမှမရှိဘူးထင်တယ် ညီ၊ ပြောစရာရှိရင် ကိုထွန်းကတစ်ဆင့် ပြောပါ"

"ဟုတ်ကဲ့ ... အမှတ်တမဲ့ဖြစ်သွားတဲ့ကိစ္စမှာ ကျွန်တော် လျော်ကြေးယူမိတာ အားနာမိလို့ ..."

"မလိုပါဘူး ညီ ... မင်းကား ပျက်စီးသွားတာပဲ ယူပါ"

သူ ...

ထပြန်လာခဲ့သည်။

"ကျွန်တော်တော့ အလုပ်ပြုတ်တော့မယ်ထင်တယ် ဆရာလေး ... ဒုက္ခပါပဲဗျာ၊ ဆရာစစ်မှူးပိုင်က ပြန်လာချိန်မဟုတ်ဘဲ ပြန်လာတာ"

ကိုထွန်းလည်း အထိတ်တလန့်နှင့် မျက်နှာပျက်နေသည်။

"ကိုထွန်း"

"ဗျာ ... ဆရာလေး"

"ခင်ဗျားသိထားဖို့က အလုပ်ပြုတ်ရင် ကျုပ်လိပ်စာအတိုင်း





လာခဲ့ပါ"

မိုးစက်ပွင့်တစ်ယောက်တော့ သူ့ကြောင့် အကြီးအကျယ် ပြဿနာတွေ တက်နေတော့မှာပဲဟု တွေးမိနေသည်။

စိတ်မကောင်း ဖြစ်ရ၏။

"ကိုထွန်း ..."

"ဟင် ..."

"မိုးစက်ပွင့်ဘဝကို ကျွန်တော်သိချင်တယ်"

"ပြောလို့မဖြစ်ဘူး၊ ကျွန်တော်လည်း ဘာတစ်ခုမှမသိပါဘူး၊ အစ်ကိုလေး ပြန်သွားတာ ကောင်းမယ်"

"ခင်ဗျား ဘာမှမကြောက်ပါနဲ့ကိုထွန်း၊ ခင်ဗျားတစ်ခုခုဖြစ်ရင် ကျွန်တော် တာဝန်ယူပါတယ်"

"မဖြစ်ဘူးဗျ ... မဖြစ်ဘူး ဆရာလေး ပြန်ပါတော့"

သူ ပြန်လာခဲ့ရသည်။

ကိုစစ်မှူးပိုင်အား မှီတွယ်နေရတဲ့လူတွေပဲ။

ကိုယ်မလုပ်သင့်ဘူး မိုးရယ်။

မင်းအတွက် ငဲ့ညှာသင့်တယ်။

မိုးစက်ပွင့်နှင့် တွေ့ချင်လွန်း၍ အရဲစွန့်ပြီး ထွက်လာခဲ့မိသည်။

နောင်တရလို့ မဆုံးပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေးသာ ဖေဖွေ့သမီးဆိုရင် ဘယ်လောက်ကောင်းမလဲ။

ဖေဖွေ့ဆီ ပြန်ရောက်လာတော့ ထုံးစံအတိုင်းမူးပြီး ဇက်ကျိုးနေပြီ။

"သား"

"ဗျာ ... ဖေဖေ"

"ဖေဖေ ... မိန်းကလေးတစ်ယောက်ရဲ့ဘဝကို ဖျက်ဆီးမိတယ်"

ဖေဖေရဲ့ နောင်တတွေရနေတဲ့ စကားသံတွေကို ကြားယောင်လာမိသည်။

အိမ်ထောင်ရေးသောကတွေ ခံစားနေရတဲ့ဖေဖေ။

မေမေ့ဘက်မှ မတရားတာပဲဟု သူထင်မြင်နေမိသည်။

သမီးလေးတစ်ယောက်ကိုတော့ ကြည်ကြည်ဖြူဖြူ လက်ခံကျွေးမွေးစောင့်ရှောက်သင့်သည်ဟု ထင်မိ၏။

သူ ...

အိမ်မပြန်ချင်။

မေမေ့ထံမှ အဆင့်မတူတဲ့ မိန်းကလေးတစ်ယောက်ကို လက်မထပ်ဖို့ သတိပေးသံတွေလည်း မကြားလို။

မိုးစက်ပွင့်ဆိုတဲ့ မိန်းကလေးက ဘယ်သူလဲ။

ဖိုးလပြည့်စာပေ



"ကျွန်မဘဝအစစ်အမှန်တွေကို သိသွားရင် ရှင်ဘယ်နည်းနဲ့မှ ကျွန်မအပေါ် အထင်ကြီးနိုင်မှာ မဟုတ်ပါဘူး"

အချစ်ဆိုတာ ချမ်းသာတာ ဆင်းရဲတာနဲ့ မဆိုင်ဟု သူထင်မိနေသည်။

ဖူးစာဆိုတဲ့ စကားလုံးလေးကို သူ ခံစားနေခဲ့၏။

မိုးနဲ့သူ ...

ဖူးစာဖက်တွေလား။

ကိုစစ်မှူးပိုင်နှင့် လက်မထပ်ရသေးတဲ့ မိန်းကလေး။

မျှော်လင့်ပိုင်ခွင့် ရှိသေးသည်။

ချစ်ပိုင်ခွင့်ရှိ၏။

"ကျွန်မနဲ့ ကိုစစ်မှူးပိုင်က မလွဲမသွေ လက်ထပ်ရမှာပဲ"

သူပြောတဲ့စကားတွေက အင်အားတွေ ကင်းမဲ့နေသည်။

မင်းဆန္ဒတွေကြောင့် မဟုတ်ဘူးဆိုတာ ကိုယ်သိနေတာပဲ။

သူ ...

အိမ်မပြန်တော့ဘဲ ဖေဖွေ့အခန်းလေးမှာပင် အိပ်လိုက်သည်။

တစ်ယောက်တည်းဖြစ်သလိုနေ၍ ဖေဖွေ့အိမ်ထဲမှာ ဘာအဆောင်အယောင်မှ မရှိပေ။

အေးချမ်းသလိုပဲ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့အနားမှာ သူဝင်အိပ်သည်။

ဦးကျော်စံကလည်း သူနိုးလာတဲ့အချိန်တွင် သားဖြစ်သူကို တွေ့လိုက်ရ၍ အံ့သြသွားရ၏။

သားက ဖခင်အရင်းမဟုတ်ပေမယ့် သူ့ကို ခင်တွယ်လွန်းသည်။

ညက ...

ဦးကျော်စံ မှားသွားသည်။

သမီးလေးကို သတိရပြီး စိတ်ထဲမှာ အတော်လေးထိခိုက်ကြေကွဲခဲ့ရ၏။

မေ့ပစ်ချင်သည်။

မိုးလင်းတာနှင့် သူ့စိတ်ထဲမှာ အရက်တွေပဲ အလွန်အကျွံသောက်ချင်လာမိ၏။

ဖန်ခွက်နှင့် အရက်ပုလင်း ယူခဲ့သည်။

"ချွမ်"

ဖန်ခွက်အသံကြောင့် သားမျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာသည်။

"ဖေဖေ ..."

"သား ... နိုးလာပြီလား"

ဖခင်ကို စိတ်မချ၍ ဒီကောင်လာအိပ်နေတာပဲ ဖြစ်မည်။





"မင်းအမေ စိတ်ပူနေမယ်သား၊ ဖုန်းဆက်အကြောင်းကြားထားလား"

"ဖုန်းမဆက်ဘူးဖေဖေ၊ ကျွန်တော့်ကို ဇွတ်အတင်းပြန်ခေါ်မှာစိုးလို့"

"မင်း မှားတယ်၊ အမေကို စိတ်ဆင်းရဲအောင် မလုပ်သင့်ဘူး၊ ဖေဖေဆို ဘဝနဲ့ရင်းပြီး မိဘစိတ်ချမ်းသာမှုတွေ ပေးစွမ်းခဲ့တယ်"

ဖြိုးပပကို ဒုက္ခတောထဲမှာ ထားမိသည်။

"သား ..."

"ဗျာ ..."

"မင်း အသည်းကွဲလာတာလား"

သားမျက်ဝန်းတွေကိုကြည့်ပြီး မေးလိုက်မိသည်။

သားမှာ စိတ်ဆင်းရဲစရာ မိန်းကလေးကိစ္စ တစ်ခုပဲရှိသည်။

အရာရာပြည့်စုံနေတဲ့ သား။

"ဖေဖေ သိပါတယ်၊ သားမျက်နှာ မလန်းဘူး"

"ဟုတ်တယ် ဖေဖေ ..."

ငယ်ရာမှ ကြီးလာသော ဖေဖေ့ကို သူလိမ်ညာနေလည်း အပိုပါပဲ။

ကောင်မလေးနဲ့တွေ့ခဲ့တဲ့အကြောင်းတွေ ပြောပြမိသည်။

"မင်းဆက်ပြီး ဆက်ဆံဖို့ မကြိုးစားနဲ့တော့ သား"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဖေဖေ့ကိုကြည့်၊ ဘဝတစ်လျှောက်လုံး စိတ်သောကတွေနဲ့ ခံစားနေရတယ်"

မိမိဘဝအကြောင်းတွေကို ပြန်ပြီးတွေးမိသွားသည်။

သားကို မခံစားစေချင်ဘူး။

"မင်းအမေက ဖေဖေ့မိဘတွေထက် မာန်မာနတွေပိုကြီးတယ်သား"

သားဘဝတစ်လျှောက်လုံး အေးချမ်းစေချင်မိသည်။

❖........❖

BURMESE CLASSIC

## အခန်း ( ၁၁ )

"မိုးစက်ပွင့်"

သူမ ...

မော့မကြည့်ဖြစ်။

သူ့ရဲ့တင်းမာခက်ထန်တဲ့ မျက်ဝန်းတွေနှင့် ရင်မဆိုင်လိုပေ။

ဒေါသတွေက ပေါက်ကွဲနေသည်။

"မင်း ဒီကောင့်ကို ငါ့အိမ်လိပ်စာ ဘာဖြစ်လို့ပေးခဲ့ရတာလဲ"

သူမ ငြိမ်သက်နေမိသည်။

ကိုထွန်းအပေါ် အပြစ်တွေ မပုံချင်တော့ပေ။

"မင်းကို ဒီလောက်ထိ မိန်းမလည်မ တစ်ယောက်ဖြစ်မယ်လို့ မထင်မိဘူး"

"ရှင် ..."

သူ့ရဲ့ ရင့်သီးကြမ်းတမ်းတဲ့စကားတွေကြောင့် သူမ နား



www.burmeseclassic.com

www.burmeseclassic.com



မလည်နိုင်စွာ မော့ကြည့်ပစ်လိုက်မိသည်။

"ရှင် ... ရှင် ... ကျွန်မကို အဲဒီလောက်အထိ နှိမ့်ချပြီး မပြောသင့်ဘူး၊ ကျွန်မ လိပ်စာပေးခဲ့တယ်ဆိုရင်တောင် မလွဲသာမရှောင်သာလို့ပဲ ဖြစ်မယ်၊ ကိုစစ်မှူးပိုင် ..."

"မင်းက ငါ့ကိုအမြဲတမ်း ဆန့်ကျင်နေတာပဲ မိုးစက်ပွင့်"

"ကျွန်မ ... ကျွန်မ ဒီက ထွက်သွားပါရစေ"

"မသွားရဘူး ... မင်းငါ့အနားမှာပဲနေရမယ်၊ မင်းသွားရဲသွားကြည့်၊ ဒီနေ့ကစပြီး ငါမပါဘဲ မင်းဘယ်မှ သွားခွင့်မရှိဘူး"

ဖွားရယ် ...

မြေးကို ချမ်းချမ်းသာသာ နေစေချင်လို့ ဖွားစီစဉ်ခဲ့ပေမယ့် စိတ်သောကတွေကြီးစွာ ခံစားနေရတာတော့ ဖွား မသိသွားရှာဘူးနော်။

မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်တက်လာရတော့သည်။

မငိုဘူး။

ကျွန်မ မျက်ရည်မကျဘူး။

ဖွားစကားတွေ ဖွားဆန္ဒတွေကို တစ်သဝေမတိမ်း လိုက်နာမယ်။

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ စေ့ကပ်ထားမိ





သည်။

တုတ်တုတ်မလှုပ်။

ငြိမ်သက်နေမိသည်။

"မင်း ယောက်ျားတွေကို ပတ်သက်စရာအကြောင်း လုံးဝမရှိဘူးနော်"

သူမဘက်မှ တုန့်ပြန်မှု လုံးဝမရှိ။

"မိုးစက်ပွင့်"

သူမ ပခုံးနှစ်ဖက်ကို သူက ဒေါသတကြီး ဆုပ်ကိုင်လှုပ်ရမ်းပစ်လိုက်သည်။

"မင်း ကတိပေးစမ်း ..."

"ကျွန်မ ရှင်ထားရာနေ စေရာသွားနေတာပဲ ကိုစစ်မှူးပိုင်"

ကျွန်မကို ရှင်လက်ထပ်ပါ့မယ်လို့ အတိအလင်းဘာဖြစ်လို့ ထုတ်ဖော်မပြောရတာလဲ။

ရှင့်အဆင့်အထိ ညှိယူဖို့ ရှင်ကြိုးစားနေတာ မဟုတ်လား။

ကျွန်မဘဝရဲ့ ဖြစ်ရပ်မှန်တွေကိုတော့ ရှင်လက်မခံနိုင်ဘူး။

"မင်း ဂုဏ်သရေရှိတဲ့ မိန်းကလေးတစ်ယောက်ဖြစ်အောင် ဘာဖြစ်လို့ မကြိုးစားချင်ရတာလဲ မိုးစက်ပွင့်"

သူ ...

အားမလို အားမရစွာဖြင့် ကောင်မလေးကို စေ့စေ့ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မေးမိသည်။

ကားအက်ဆီးဒင့်ဖြစ်တာလေးကို အကြောင်းပြပြီး ဟိုလူ အဝင်အထွက်လုပ်တာ မရှိးသားပေ။

သူ လုံးဝလက်မခံနိုင်။

ဒေါသတွေနှင့် ပေါက်ကွဲနေသည်။

မိုးစက်ပွင့်ကိုယ်တိုင် လိပ်စာပေးမှ ဟိုလူလာလည်နိုင်မှာ ဖြစ်၏။

"မင်း အနာဂတ်လှဖို့ အေးချမ်းတည်ငြိမ်ဖို့ ငါလုပ်နေတာလေ"

"ကျွန်မ အိမ်ဖော်မကြီးတစ်ယောက်ရဲ့ မြေးဆိုတာ ရှင် ဘယ်တော့မှ မေ့ပစ်မှာမဟုတ်ဘူးဆိုတာ ကျွန်မ သိနေတာပဲ"

"ဘာ ..."

"ရှင် ဘာသဘောနဲ့ ကျွန်မကို ရှင်နဲ့အဆင့်ချင်းတူညီအောင် လိုက်ညှိနေရတာလဲ"

သူ့အကြည့်တွေကသာ စူးခနဲ ရောက်လာသည်။

ဟုတ်တယ်လေ ...

ရှင် ကျွန်မနဲ့ လက်ထပ်ဖို့ရည်ရွယ်ထားတာ မဟုတ်လား။

"ကျွန်မ အတိတ်ဘဝတွေကို မေ့ဖျောက်ဖို့ ရှင်ကြိုးစားနေတာ ရူးသွပ်ခြင်းပဲ ကိုစစ်မှူးပိုင်"





"ကိုကိုလို့ခေါ်စမ်း"

"ကျွန်မကို ဒီလောက်ထိ မနှိပ်စက်ပါနဲ့ ကိုစစ်မှူးပိုင်"

"မင်းကိုနှိပ်စက်နေတာမဟုတ်ဘူး မိုးစက်ပွင့်၊ ငါ့စေတနာတွေကို မင်းဘာဖြစ်လို့ နားမလည်ရတာလဲ"

"မသိဘူး ... ကျွန်မ ဘာမှမသိဘူး"

"မိုးစက်ပွင့် မင်းသိထားဖို့က ငါ့အမိန့်အာဏာတွေအောက်မှာ နေရမယ်"

သူမ အနားမှ သူထွက်သွားသည်။

မျက်ဝန်းတွေထဲမှ မျက်ရည်တွေ ဖြတ်ခနဲ ကျမလာအောင် အတတ်နိုင်ဆုံး ထိန်းချုပ်ထားပစ်လိုက်မိသည်။

ဟုတ်တယ် ...

သူမဘဝက ဆုံးနေပြီပဲ။

ကိုစစ်မှူးပိုင်ကို မလွှဲမသွေ လက်ထပ်ရတော့မည်ဖြစ်သည်။

ရှင့်ဆန္ဒတွေကို ကျွန်မ ဖြည့်စွမ်းပေးနိုင်စွမ်း ရှိပါ့မလားမသိဘူး။

သူမတစ်ယောက် ကြေကွဲထိခိုက်နေမိတော့သည်။

စစ်မှူးပိုင်ကတော့ ဒရိုင်ဘာကိုထွန်းကိုပဲ မဲနေ၏။

"ကိုထွန်း ..."

"ဗျာ ... ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင့်ကို ငါ့အိမ်လိပ်စာ ဘယ်သူပေးလိုက်တာလဲ"

"ကျွန်တော် ပေးလိုက်တာပါ ဆရာ ..."

"ဘာကွ"

ကိုထွန်းလည်း မမလေးအတွက် စိတ်မကောင်းဖြစ်ပြီး အမှန်အတိုင်း ဖွင့်ပြောပြလိုက်မိသည်။

မထူးတော့ ...

မိမိအလုပ်ထွက်လည်း ဆရာလေးကိုရန်မခက အလုပ်ပေးမှာပဲ။

ကျေးဇူးကန်းတာမဟုတ်ပေမယ့် မမလေးဘဝကို သနားနေမိသည်။

"မင်း ... မင်း ဘာဖြစ်လို့ ငါ့လိပ်စာပေးရတာလဲ"

"သူက မိတ်ဖြစ်ဆွေဖြစ်အတင်းတောင်းလို့ ပေးမိတာပါ"

"တောက် ..."

ကိုထွန်းက အားကိုးရတဲ့ ဒရိုင်ဘာတစ်ယောက်ဖြစ်နေသည်။

ရိုးသား၏။

အလုပ်ကြိုးစားပြီး သူ့အမိန့် နာခံသူဖြစ်နေသည်။ အလုပ်ဖြုတ်ရမှာလည်း အခက်။

"မင်း ... မင်း ဘာအကျိုးကျေးဇူးရှိလို့လဲ ပြောစမ်းကိုထွန်း။





ဒါက မင်းအတွက် လခကောင်းကောင်းပေးခဲ့တာပဲ"

သူ့ဒေါသတွေပေါက်ကွဲပြီး ဟိန်းဟောက်နေမိသည်။

"ကိုရန်မခက ရိုးရိုးသားသား လာတာပါ ဆရာ"

"ဘာကိစ္စနဲ့မှ ငါ့အိမ်ထဲကို လူဝင်တာ မကြိုက်ဘူး၊ မင်း မနာဘူးဆိုရင်တော့ အလုပ်ကထွက်တော့"

ကိုထွန်းအား တစ်ချက်လွှတ်အမိန့် ထုတ်ပြန်လိုက်မိသည်။

သူ ...

ဘာဖြစ်နေတာလဲ။

မိုးစက်ပွင့်ကို လက်ထပ်ဖို့ သတ္တိတွေနည်းနေသည်။

"မင်းဘဝကို ငါကယ်တင်စောင့်ရှောက်လာခဲ့တာ မဟုတ်ဘူး ထွန်း ..."

"ဟုတ်ပါတယ်ဆရာ၊ ဒါပေမဲ့ ... ဟိုလူက လူမှုရေးကောင်းလွန်းတော့ ကျွန်တော် ပါသွားတာပါ"

ကိုထွန်းကလည်း ဆရာ့အား နူးညံ့သိမ်မွေ့စေချင်သည်။

မမလေးသဘောထားက သူ့မအား အိမ်ဖော်မလေးတစ်ယောက်ရဲ့ဘဝကို လက်ခံစေချင်နေ၏။

ယန်ဆောင်မှု ကင်းစေချင်သည်။

မင်းဘဝအမှန်က ဘာဂုဏ်သိက္ခာရှိနေလို့လဲ။

ညှို့လိုက်တဲ့ ကောင်မလေး။



www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်တဲ့ ကောင်မလေး တစ်ယောက် ဖြစ်စေချင်မိသည်။

ကိုကို့ စေတနာမေတ္တာတွေကို မင်းဘာဖြစ်လို့ နားမလည်ချင်ရတာလဲ။

"အပြင်လူတွေနဲ့ ပတ်သက်မယ်ဆိုရင်တော့ မင်းဒီအိမ်နဲ့ ပတ်သက်စရာအကြောင်း မရှိတော့ဘူး"

မိုးစက်ပွင့်ကို ပိုင်ဆိုင်ရေးတစ်ခုပဲ သူစဉ်းစား ဆုံးဖြတ်ရမည်ဖြစ်သည်။

❖........❖

အခန်း ( ၁၂ )

"မင်း ကိုကိုနဲ့လိုက်ခဲ့ရမယ် မိုးစက်ပွင့်၊ တစ်ယောက်တည်း အထားခဲ့တော့ဘူး"

"ကျွန်မ ... ကျွန်မ ကိုကို့အလုပ်တွေကိုလုပ်ဖို့ အရည်အချင်း ရှိမှာ မဟုတ်ဘူးနော်"

ကျွန်မစိတ်ထဲမှာ သူ့အလုပ်တွေကို စိတ်မဝင်စားပေ။

ဖွတ်အတင်း ခိုင်းစေမှာလည်း စိုးရိမ်နေမိသည်။

ရှင့်နောက်လိုက်ရမှာ သေမတတ်ဘဲ ကျွန်မ ကြောက်နေတယ်။

"မိုးစက်ပွင့်"

"ရှင် ..."

"ပြင်လေ"

"မိုး အိမ်မှာပဲ နေချင်တယ်"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး ... မင်းကို ပေါ့ပေါ့နေ ပေါ့ပေါ့စား ကောင်မလေး တစ်ယောက် အဖြစ်မခံနိုင်ဘူး၊ လိုက်ခဲ့ရမယ် ..."

သူမအား ထိနိုက်နစ်နာအောင် ပြောဆိုတတ်တဲ့ သူ့အကျင့် စရိုက်တွေကို ကျွန်မ အမုန်းဆုံးပဲ။

"မင်း ... ကိုကို့လုပ်ငန်းတွေကို နားလည်အောင် သင်ရမယ်"

ရှင် ကျွန်မကို လက်ထပ်ဖို့စကား မပြောတာ ကျွန်မ နာကြည်းတယ်။

"မင်း ခေါင်းမမာစမ်းပါနဲ့ မိုးစက်ပွင့် ..."

သူ့အကြည့်တွေက သူမထံ ဆတ်ခနဲ ရောက်လာသည်။

သူမ ငြင်းဆန်ပစ်ချင်၏။

ဖွားအေးကြောင့် ...

"ပြင်လေ ..."

သူမ ထသည်။

စက်ရုပ်တစ်ရုပ်ကဲ့သို့ လှုပ်ရှားမှုတွေက နှေးကွေးနေသည်။

"မိုးပြာရောင် ဝတ်စုံလေးကို မင်းရှာဝတ်စမ်း"

ကျွန်မက မိုးပြာရောင်ကို အမုန်းဆုံးဖြစ်နေသည်။

ပြီးတော့ ...

သူဝယ်ပေးထားတဲ့ အဝတ်အစားတွေက ခေတ်ဆန်လွန်းနေ၏။





မဝတ်တတ်။

သေချင်တာပဲ။

"ကိုကို ရွေးပေးမယ်"

သူ ဘာဖြစ်လို့များ ဒီလောက်အထိဝင်ပြီး စွက်ဖက်ချင်ရတာလဲ။

အဝတ်အစားတွေကို သူကိုယ်တိုင် ရွေးပေးသည်။

သူမ စိတ်အညစ်ဆုံး။

"ဒီ မိုးပြာရောင် အင်္ကျီလေးက မင်းနဲ့လိုက်တယ်၊ မင်းက နွံ့ထဲနစ်နေတဲ့ ပတ္တမြားလေးပဲ မိုး ..."

သူက တယုတယလေး ပြောနေမိသည်။

သူမအပေါ် ဘယ်လောက်အထိ ချစ်မြတ်နိုးမယ်ဆိုတာ သူ သိနေ၏။

သတ္တိမရှိဘူး။

မင်းကို သိပ်ချစ်မြတ်နိုးတယ်ဆိုတာ ကိုယ်ဘာဖြစ်လို့ပြောရမှာ တွန့်ဆုတ်နေမိတာလဲ။

သူမ မိုးပြာရောင်ဝတ်စုံလေးနှင့် အရမ်းလှနေသည့်ဝတ်ရတာ မဝံ့မရဲလေး ဖြစ်နေတာကပင် ချစ်စဖွယ်ပင်။

"မိုး"

"ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်း သိပ်လှတယ်"

"ကျွန်မ ..."

"ကိုကို့အပြုအမူက မင်းအပေါ် ရက်စက်သလို ဖြစ်နေလား"

သူမ ဘာမှပြောချင်တဲ့ဆန္ဒတွေ မရှိတော့ပေ။

သူ ...

သူမဘဝကို နှစ်နေတာလား။

ချစ်တာလား။

မတွေးချင်ဘူး ...

ရှင့်အပြုအမူတွေကို ကျွန်မ မုန်းတယ်။

"သွားမယ် မိုး ..."

သူ အေးအေးဆေးဆေးပင် သူမအား တယုတယပြောမိသည်။

"ကိုကို့လုပ်ရပ်တွေက မင်းဘဝရှေ့ရေးအတွက်ပါ မိုး"

သူမခေါင်းထဲမှာ မူးနောက်ရီဝေရှုပ်ထွေးစွာ ထလိုက်မိသည်။

ဖွားအေး ဆန္ဒတွေကို ကျွန်မ ဖြည့်စွမ်းပေးနေတာပါ။

ကျွန်မက အိမ်ဖော်မကြီးရဲ့မြေး။

ရှင် ဘယ်တော့မှ မေ့ပစ်နိုင်မှာမဟုတ်ဘူး။

ဒီအချက်ကို ရှင်လက်မခံသရွေ့ ကျွန်မနဲ့ဆန့်ကျင်ဘက်ဖြစ်နေမှာပဲ။





"လာ လာ ... မိုး ..."

သူမ လက်လေးကို တယုတယလေး ဆုပ်ကိုင်ထားသည်။

ရှန်းပစ်ချင်မိ၏။

နေ့ကွေးလေးလဲနေတဲ့ ခြေလှမ်းတွေနှင့် လျှောက်နေတဲ့ ကျွန်မကို အားမလိုအားမရ သူကြည့်သည်။

ကျွန်မကလည်း မသွက်။

ဟန်ဆောင်နေရတာပင် စိတ်ထဲမှာ မောပန်းနွမ်းနယ်နေသည်။

"မိုး"

"ဟင် ..."

"မင်း ဘာဖြစ်နေတာလဲ"

"မိုး ဘာမှမဖြစ်ပါဘူး"

"ကိုယ့်အလုပ်တွေကို မင်းစိတ်မဝင်စားဘူး မဟုတ်လား"

သူ့စိတ်တွေက ဒေါသတွေနှင့်လှုပ်ရှားပေါက်ကွဲချင်လာသည်။

ဒီကောင်မလေး စိတ်မဝင်စားသလို လုပ်နေတာကိုပဲ စော်မှူးပိုင် အားမလိုအားမရနှင့် ဒေါသဖြစ်ချင်လာရ၏။

ကြည့်လေ ...

မျက်နှာပေါ်မှာ အလိုမကျရိပ်တွေနှင့် ခြေလှမ်းတွေ နှေး



www.burmeseclassic.com

www.burmeseclassic.com



ကွေးနေသည်။

သူ သဘောမကျစွာ ကြည့်မိ၏။

"မင်း ဘာဖြစ်နေတာလဲ"

သူမက ငြိမ်သက်နေသည်။

"ပြောလေ"

"ကျွန်မ ဘာပြောရမှာလဲ"

"မင်း ... မင်း ငါ့ကို စိတ်အနှောက်အယှက်ဖြစ်အောင် လုပ်နေတာလား မိုး"

စိတ်မရှည်စွာဖြင့် မေးလိုက်မိပြန်သည်။

ဒီကောင်မလေး ပေကတ်ကတ်လုပ်နေတာ ဘယ်လောက် ဒေါသဖြစ်စရာကောင်းနေလဲ။

သူ ဒေါသတွေကို ထိန်းချုပ်နေတဲ့ကြားမှ ကောင်မလေးရဲ့ အေးစက်နေတဲ့ အမူအရာတွေကို ဒေါသဖြစ်လာသည်။

"ကိုကို့ဒေါသတွေကို လာဆွနေတာလား"

သူမထံမှ စကားသံထွက်မလာလေ သူ့ဒေါသတကြီးနှင့် ပေါက်ကွဲချင်လေ ဖြစ်လာရသည်။

"ကိုယ့်စေတနာတွေကို မင်းဘာဖြစ်လို့ နားမလည်နိုင်အောင် ဖြစ်နေရတာလဲ"

သူ ...





အော်ဟစ်နေမိသည်။

"ရှင့်ဆန္ဒတွေအတိုင်း ကျွန်မ လုပ်ရတာပဲ"

"မင်း စိတ်မဝင်စားဘူး မဟုတ်လား"

"ကျွန်မကို သိပ်ပြီး အနိုင်မကျင့်ပါနဲ့ ကိုစစ်မှူးပိုင်"

"ဘာ ..."

"ကျွန်မ ဘဝအမှန်တွေကို ရှင်လက်ခံပါ"

သူ ...

တွေဝေသွားမိသည်။

"မင်းဘဝအမှန်ကို လက်ခံတာ ဘယ်သူ့မှာမှ အကျိုးမရှိနိုင်ဘူး မိုး ..."

"ကျွန်မစိတ်တွေရဲ့ လုံခြုံမှုအတွက်ပါ"

"မိုး ... မင်း ဘာဖြစ်နေတာလဲ၊ မင်း ဘာဖြစ်လို့ ညှို့ဖျင်းနေရတာလဲ ..."

"ကျွန်မ အမှန်အတိုင်းပဲ ကျွန်မ ရင်ဆိုင်ချင်တယ်၊ ပတ်ဝန်းကျင်ကရော ကျွန်မဘဝကို မေ့ထားမလား၊ အတင်းပြောကြမှာပဲ"

သူမ ပွင့်လင်းစွာပြောခြင်းက အသင့်တော်ဆုံးဟု ထင်မိသည်။

ပတ်ဝန်းကျင်က အတင်းအဖျင်းပြောကြမှာပဲ ဖြစ်၏။

ကျွန်မ ဘဝအမှန်ကို မသိဘဲနေကြမှာလား။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ..."

သူ ...

ဆက်မပြောတော့။

သူမအား ထားခဲ့ကာ ကျောင်းခိုင်းထွက်ခွာသွားသည်။

အခန်းထဲ ပြန်ဝင်လာခဲ့မိ၏။

ကျွန်မ ကံဆိုးတယ်။

ငယ်စဉ်လေးကတည်းက မိဘတွေကို မတွေ့မမြင်ခဲ့ရ။

မိဘတွေအကြောင်းပင် ပြောဆိုမေးမြန်းခွင့် သိရှိခွင့်မရ။

"နင့်မိဘတွေအကြောင်း ဘယ်တော့မှ မမေးနဲ့ မိုးစက်ပွင့် မင်းဟာ အိမ်ဖော်မကြီးပြေးဆိုတာပဲ မှတ်ထား"

ဖွားက ပြောခဲ့သည်။

သူမ စဉ်းစားနေမိတာက ဒေါ်မမနှင်းပဲ။

လုံးဝ အဖက်မတန်သလို ဆက်ဆံနေထိုင်တတ်တာပဲ ဖြစ်သည်။

အိပ်ရာပေါ်သို့ လှဲချလိုက်မိ၏။

သူ့ရှေ့မှာ ဟန်ဆောင်ထားသမျှ မျက်ဝန်းတွေထဲမှ မျက်ရည်တွေ တစ်ပေါက်ပေါက်လိမ့်ဆင်းကျလာတော့သည်။

စစ်မှူးပိုင် ကိုယ်တိုင်လည်း မိုးစက်ပွင့်အား ဒေါသတွေ ပေါက်ကွဲရမည့်အစား တွေဝေသွားခဲ့၏။





မိုး မမှားဘူး။

မှားယွင်းနေတာ သူပဲ။

သူမရဲ့ဘဝအမှန်တွေကို သူ လုံးဝလက်မခံနိုင်ဘဲ ဖြစ်နေသည်။

ကိုကို မှားနေတာပါ မိုး။

ဒါပေမဲ့ ...

မဖြစ်နိုင်ဘူး။

ကိုကို့ကို မင်းသာဖြစ်လို့ နားလည်မှုမပေးနိုင်တာလဲ။

သူမနှင့်လက်ထပ်ဖို့ပင် သူသေသေချာချာ မဆုံးဖြတ်ရသေး။

မရေမရာ ဖြစ်နေသည်။

သူမကိုပင် ချစ်မြတ်နိုးမိကြောင်း မပြောမိ။

သတ္တိကြောင်စွာပင် မိုးစက်ပွင့်ကိုသာ သူ့အဆင့်အတန်းနှင့် ညီမျှစေရန် ကြိုးစားနေမိသည်။

သူ ...

စိတ်တွေကို လျှော့ပစ်မိသည်။

လုပ်ငန်းခွင်ရှိရာသို့ ထွက်လာခဲ့မိ၏။

ဧည့်ကြိုကောင်မလေးက သူ့ကို ဆီးကြိုနေသည်။

"ရုံးခန်းထဲမှာ ဧည့်သည်ရောက်နေတယ်ဆရာ"

"ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



သာမန်ဧည့်သည်လောက်ကိုတော့ သူ့ရုံးခန်းထဲမှာ တကူးတက လက်ခံမထားပေ။

"ဆရာ့ငယ်သူငယ်ချင်း ချစ်စုတဲ့"

"ချစ်စု ..."

"ဟုတ်ကဲ့"

သူ စဉ်းစားသည်။

ချစ်စုတဲ့။

သူငယ်ချင်း ကျောင်းနေဘက်ချစ်စုကို အမှတ်ရသွားမိသည်။

"ဟုတ်ပြီ ကိုယ်သိတယ်"

သူ ရုံးခန်းထဲ ဝင်လာခဲ့သည်။

"ချစ်စု"

"ဟင် ... ကိုစစ်"

ချစ်စုနှင့် သူတို့မတွေ့ကြတာ ကြာပြီဖြစ်သည်။

"မတွေ့တာတောင် ကြာပြီနော် ချစ်စု"

"ဟုတ်တယ် ကိုစစ် ... နင့်သတင်းတွေကြားလို့ ဟုတ်မဟုတ်လာမေးတာ"

"ဘာသတင်းတွေများလဲ"

ချစ်စုသည် ငယ်စဉ်လေးကတည်းက သူနှင့်ခင်မင်လာခဲ့ကြ၍ ပြောမနာ ဆိုမနာတွေ ဖြစ်ကြသည်။





သူ့ကိုလည်း တစ်ဖက်သတ် ချစ်ကြိုက်နေ၏။

မိန်းမချောလေးဖြစ်ပေမယ့် သူ့နှလုံးသားကိုတော့ ဆွဲကိုင်လှုပ်ခတ်နိုင်စွမ်း မရှိခဲ့ပေ။

"ကိုစစ်"

"ပြော ..."

"နင့်သတင်းတွေ ကြားတယ်နော်"

"ဘာလဲဟ ..."

"အိမ်ဖော်ကောင်မလေးတစ်ယောက်ကို နင်မွေးစားထားတယ်ဆို"

"ဘာ ..."

သူ ...

အထိတ်တလန့်နှင့် ချစ်စုကို ကြည့်ပစ်လိုက်မိသည်။

ချစ်စု ဘယ်လိုလုပ်ပြီး သိနေတာလဲ။

"ချစ်စု ဒါကို နင်ဘယ်လိုသိတာလဲ"

"ပတ်ဝန်းကျင်ဆိုတာ ရှိသေးတယ် ကိုစစ် ... နင် ဘာတွေလျှောက်လုပ်နေတာလဲ"

ချစ်စုကို ဒရိုင်ဘာကိုထွန်းမှတစ်ဆင့် ပြောခြင်းပင်။

ကိုထွန်းအား ကိုစစ်မှူးပိုင် အလုပ်ထုတ်ပစ်လိုက်သည် ဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"နင် ကိုထွန်းကို အလုပ်ထုတ်ပစ်လိုက်တယ် မဟုတ်လား ကိုစစ်"

"ကိုထွန်း ပြောတာလား"

"အင်း ... "

"တောက် ... "

"ဟုတ်လား ... "

"မဟုတ်ဘူး"

"နင် အိမ်ဖော်မကြီးရဲ့မြေးကို လက်ထပ်ဖို့ ကြိုးစားနေတယ် ဆို"

"တော်တော့ဟာ ... "

ချစ်စုရဲ့ အထင်သေးတဲ့မျက်ဝန်းတွေကို ရင်မဆိုင်ချင်လောက်အောင် တစ်ကိုယ်လုံး ထူထူပူပူကြီး ဖြစ်နေမိသည်။

ရှက်သွားရ၏။

ထွန်း ...

သစ္စာမရှိတဲ့ကောင်။

"နင် ဘာဖြစ်လို့ ဖုံးကွယ်ချင်ရတာလဲ ကိုစစ်၊ လုံးဝ အဓိပ္ပါယ်မရှိတာ"

မိုးပြောတဲ့စကားတွေ အမှတ်ရလာမိသည်။

ပတ်ဝန်းကျင်ကရော ကျွန်မရဲ့ဘဝအမှန်ကို မေ့ထားပစ်





လိုက်မှာလားတဲ့။

သူ့စိတ်ထဲမှာ ပတ်ဝန်းကျင်က မသိဘူးဟု ထင်ထားခဲ့မိသည်။

"ကိုစစ်"

"ဟင်"

"နင် ဘာတွေလုပ်နေတာလဲ ... ဒီမိန်းကလေးကို နင် လက်ထပ်မှာလား"

"ဟာ ... ငါလက်မထပ်ပါဘူး၊ ဒီကောင် လိုက်ပြီးပေါက်ကရတွေ လျှောက်ပြောနေတာပဲ ချစ်စု"

ချစ်စုကလည်း စပ်စုတတ်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေသည်။

သူ့သူငယ်ချင်း အသိုင်းအဝိုင်းတွေနှင့် ပတ်သက်ဆက်နွှယ်နေ၏။

"ဒီကောင်မလေးအကြောင်း ကိုထွန်းက သေသေချာချာ ပြောတာပဲဟ"

"ဒီကောင် ပြောချင်တာတွေ ပြောနေတာပါ၊ ငါ့အကြောင်းလဲ နင်သိသားပဲ ... ငါလက်ထပ်မယ့် မိန်းကလေးက ငါ့အဆင့်နဲ့ တူမှ ရွေးချယ်မှာ"

"နင် တကယ်ပြောနေတာလား ကိုစစ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပဲ ... ငါဘယ်လောက်အထိ ဂုဏ်သိက္ခာစောင့်ထိန်းခဲ့လဲ၊ နင်သိပါတယ် ချစ်စု ..."

ကိုယ့်မာနတွေကို အမြဲတမ်း စောင့်ထိန်းတဲ့ ယောကျ်ားတစ်ယောက်ပါ။

မင်းအတွက်ပဲ မိုးစက်ပွင့်။

"နင့် ဂုဏ်သိက္ခာကိုငဲ့ပြီး ဒီမိန်းကလေးနဲ့ လက်မထပ်သင့်ဘူး"

ချစ်စု စကားတွေကို နားထောင်နိုင်စွမ်း မရှိတော့။

"ချစ်စု ... ငါတို့ ဒီအကြောင်းတွေကို ဆက်မပြောဘဲနေရအောင်ဟာ"

"ကောင်းပြီလေ ... အခုလောလောဆယ် အပြင်မှာ တစ်ခုခုသွားစားမယ်လေ"

"ငါ့မှာ အလုပ်တွေရှိသေးလို့ပါဟာ၊ နောက်နေ့ အားတဲ့ရက်တစ်ရက်ကျမှပေါ့"

"မရဘူး လိုက်ရမယ် ..."

ချစ်စုကို လွန်ဆန်နိုင်ခြင်းမရှိ၍ လိုက်ခဲ့ရသည်။

❖.......❖

အခန်း ( ၁၃ )

"မခ ..."

"ဗျာ ... မေမေ"

"မင်း ဘယ်သွားနေတာလဲ"

ညက တစ်ညလုံး ဒေါ်မမနှင်း သားအတွက် စိတ်သောကတွေ ရောက်ရသည်။

ဖုန်းလည်း မဆက်။

ကိုကျော်စံဆီ ဖုန်းဆက်ဖို့လည်း အောက်ကျမခံနိုင်။

မမနှင်းပဲ။

ယောကျ်ားတစ်ယောက်ကို ဘယ်တော့မှ အရှုံးမပေးဘူး။

"တစ်ညလုံး မေမေဘယ်လောက်ထိ စိတ်ပူခဲ့ရလဲ မခ၊ မင်းဘယ်သွားနေတာလဲ၊ ဘာတွေလုပ်နေတာလဲ၊ ဘာဖြစ်လို့ ဖုန်းမဆက်တာလဲ မေမေ့ကို ရှင်းပြစမ်း ..."



www.burmeseclassic.com

www.burmeseclassic.com



မေမေက သူ့အပေါ် ဘယ်လောက်အထိ သံယောဇဉ်ကြီးမားလဲဆိုတာ သူသိသည်။

တခြားသူတွေအပေါ်တော့ မေမေ မေတ္တာစေတနာတွေ မရှိပေ။

ဖေဖေ့ကို အပြစ်မဲ့တဲ့ လူတစ်ယောက်ဟု သူမြင်တွေ့နေသည်။

"မခ ... ပြောလေ"

"သား ... ဖေဖေ အရက်တွေမူးနေလို့ စိတ်မချဖြစ်ပြီး အိပ်လိုက်တာပါ"

"ဘာ ... သူ့ဟာသူ မူးတာ မင်းကိစ္စ ဘာမှမရှိဘူး မခ၊ မေမေနဲ့ ကွာရှင်းတော့မယ်ဆိုတာ မင်းအသိဆုံးပဲ"

သားက ကိုကျော်စွံအပေါ် သံယောဇဉ် ကြီးသည်။

ပတွေးပေမယ့် ဖခင်အရင်းတစ်ယောက်ကဲ့သို့ ဖြစ်နေ၏။

"မင်း မေမေ့ကို စိတ်ဆင်းရဲအောင်လုပ်နေတာလား မခ"

"ဖေဖေ့မှာ အပြစ်မှ မရှိတာဘဲ"

"ဘာအပြစ်မရှိရမှာလဲ၊ ဒင်းက သူ့သမီးကို အမွေတွေပေးချင်နေတာ"

"သူလည်း ရသင့်တာပဲ မေမေ ... "

"မရသင့်ဘူး၊ ဘာမှမရသင့်ဘူး ... အစုတ်အနုတ်မိန်းမရဲ့





သမီး"

"မေမေ ... "

"မင်း အေးအေးဆေးဆေး ကိုယ့်အလုပ်ကိုယ်လုပ်ပါ"

"ဖေဖေ့ခံစားချက်တွေကိုလည်း မေမေ ကိုယ်ချင်းစာပေးပါ"

"နားမလည်ဘူး ... မေမေ့သားကိစ္စကလွဲပြီး ဘာကိုမှ ကိုယ်ချင်းမစာတတ်ဘူး သား ... "

သူ ...

ဆက်ပြီး မပြောတော့။

မေမေက ဖေဖေနှင့် လုံးဝမပတ်သက်ရန် ပြောနေသည်။

"ကိုကျော်စံကို မင်းယုံကြည်မနေနဲ့၊ ဖြူးပပနဲ့ သူ့သမီးပဲ သူ့ခေါင်းထဲမှာရှိတာ"

ဖေဖေသည် လူကြီးလူကောင်းတစ်ယောက်ဟု သူယူဆထားသည်။

လောလောဆယ် ...

မိုးစက်ပွင့်ကို သတိရမိနေသည်။

မင်း ဘာတွေဖြစ်နေလဲ။

ကိုစစ်မှူးပိုင်ရဲ့ မတရားအနိုင်ကျင့်တာကို ခံနေရတာလား။

ကိုယ် ဘာကူညီရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မကို ဘာမှမကူညီနိုင်ပါဘူး၊ ကျွန်မနဲ့မပတ်သက်တာ ကျွန်မကို ကူညီတာပါပဲ"

သူမရဲ့ ရီဝေညို့မှိုင်းနေတဲ့ မျက်ဝန်းလေးတွေကို သူမေ့ပစ်၍မရ။

အကြင်နာအယုယတွေနှင့် မင်းဘဝတွေကို စိတ်ချမ်းသာစေချင်တယ်။

"သား ..."

"ဟင် ... မေမေ"

"မင်း ဘာဖြစ်လို့ စိတ်မရွှင်မပျ ဖြစ်နေရတာလဲ သား"

သူ ...

ငြိမ်သက်နေမိသည်။

"မင်း တစ်ခုခုဖြစ်နေတာပါ ကိုကျော်စံကြောင့် မဖြစ်နိုင်ဘူး"

"သားတစ်ယောက်တည်း အနားယူပါရစေ မေမေ"

"မင်း မိန်းကလေးတစ်ယောက်ကြောင့် အသည်းကွဲနေတာလား"

"မဟုတ်ပါဘူး မေမေ"

"အခုတည်းကပြောထားမယ်နော် ... အဆင့်အတန်းမတူတဲ့ မိန်းကလေးတွေကိုတော့ လုံးဝမမှန်းရဘူးနော်"

မေမေ သူ့အနားမှ ထွက်သွားတော့သည်။

ဖိုးလပြည့်စာပေ



တစ်ယောက်တည်း ကျန်ခဲ့၏။

မိုးစက်ပွင့်ကို သူဘယ်လိုမှ မေ့ပစ်၍မရ။

ဖုန်းမြည်လာသည်။

ကိုင်ပြီး နားထောင်လိုက်မိသည်။

"ဆရာ ရန်မခလား"

"ဟုတ်ပါတယ်"

"ကိုထွန်းပါ ... "

"ကိုထွန်း ... ခင်ဗျားနဲ့တွေ့ချင်နေတာ၊ အခု ဘယ်ကနေဆက်နေတာလဲ"

"ဆရာ့လမ်းထိပ်က စတိုးဆိုင်ကပါ"

"ကျွန်တော် ထွက်လာခဲ့မယ် ကိုထွန်း ... ခဏနော်"

ကိုထွန်းအသံကြားလိုက်သည်နှင့် သူ ရှင်လန်းတက်ကြွသွားရသည်။

မိုးစက်ပွင့် သတင်းတွေ ကြားချင်တဲ့ဆန္ဒတွေ ပြင်းပြနေ၏။

"သား ... မင်းဘယ်သွားမလို့လဲ၊ ကိုထွန်းဆိုတာ ဘယ်ကလူလဲ"

သားကို အကဲခတ်နေမိတဲ့ ဒေါ်မမနှင်းတစ်ယောက် သားရဲ့ပြောင်းလဲမှုအတွက် အံ့သြသွားမိသည်။

ချက်ချင်းကြီး ရှင်လန်းတက်ကြွသွားရတော့၏။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မခ ..."

"မေမေကလည်းဗျာ၊ ကိစ္စရှိနေလို့ပါ ... ကိုထွန်းဆိုတာ သားရဲ့ စီးပွားရေး လုပ်ဖော်ကိုင်ဖက်တွေပါ"

"မင်းအမူအရာတွေ ပြောင်းလဲနေတာ အမှန်ပဲမခ၊ မင်း ဘာတွေဖြစ်နေဖြစ်နေ မေမေ သိထားဖို့လိုအပ်တယ်"

မိခင်ဆိုတော့ သားရဲ့ပြောင်းလဲမှုတွေကို သိနေသည်။

ရှင်းမပြနိုင်။

ကိုထွန်းဆီ ထွက်လာခဲ့သည်။

"ကိုထွန်း ... ခင်ဗျား ဘာဖြစ်လို့ ကျွန်တော်နဲ့တွေ့ဖို့ ကြိုးစားတာလဲ"

ကိုထွန်းအား လူရှင်းတဲ့ စားသောက်ဆိုင်တစ်ခုသို့ ခေါ်သွားပြီး မေးမိသည်။

"ကိုထွန်း အလုပ်ပြုတ်သွားပြီ ဆရာလေး"

"ဟိုလူ ထုတ်ပစ်လိုက်တာလား ကိုထွန်း ..."

"အင်းပေါ့"

"ဘာမှမပူနဲ့ ကျွန်တော် အလုပ်ခန့်မယ် ... ခင်ဗျားဆရာစစ်မှူးပိုင်ပေးတဲ့ လစာထက် ပိုပေးမယ်ဗျာ"

ကိုထွန်းထံမှ မိုးစက်ပွင့်နှင့်ပတ်သက်တဲ့စကားတွေကို သိချင်နေသည်။





"ကိုထွန်း ..."

"ပြော ..."

"မိုးစက်ပွင့် အကြောင်းတွေ ကျွန်တော် သိချင်တယ်"

ကိုထွန်းကလည်း ဆရာစစ်မှူးပိုင်အပေါ် သစ္စာမဲ့ချင်ပေ။

"မိုးစက်ပွင့်အကြောင်းတွေ ဘာမှမသိချင်ပါနဲ့ ဆရာလေးရာ၊ ကျုပ်မပြောချင်ဘူး"

"မိုးစက်ပွင့် ဘာတွေဖြစ်နေလဲ၊ ဘယ်လိုဘဝမျိုးတွေ ရင်ဆိုင်နေရလဲ ပြောပြပါ ..."

ဆရာလေး ကိုမခနှင့် အခုမှတွေ့ရပေမယ့် ယုံကြည်မိသည်။

စိတ်သဘောထား နူးညံ့ပြီး ဖြောင့်မတ်လွန်း၏။

ချင့်ချိန်နိုင်စွမ်း ရှိ၏။

မိုးစက်ပွင့်လေးနှင့်ပတ်သက်တာတွေ ပြောပြလိုက်ရင် ကောင်းမလား။

မဖြစ်သေးပါဘူး ...

ချစ်စုကို ပြောပြတာက ဆရာစစ်သူငယ်ချင်းဖြစ်၍ ဖျောင်းဖျပြောဆိုပေးနိုင်ရန် ဖြစ်သည်။

ကိုရန်မခက ဘာဆိုင်လဲ။

"ကိုထွန်း ..."

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ"

"ကျွန်ုပ်လဲသိပ်ပြီး မသိပါဘူး ဆရာလေးရယ်"

"ခင်ဗျားဆရာအပေါ် သစ္စာရှိနေတာလား"

"ကျွန်ုပ်နဲ့မဆိုင်တဲ့ကိစ္စတွေ ဘာမှမပြောချင်ဘူးဗျာ၊ တတ်နိုင်ရင် ကျွန်ုပ်ကိုခန့်ချင်ခန့် မခန့်ချင်နေ၊ ဆရာစစ် ဒုက္ခရောက်မယ့်ကိစ္စတွေ ဘာမှမလုပ်ဘူး"

ကိုထွန်းရဲ့ အလုပ်ရှင်အပေါ် သစ္စာရှိမှုတွေအပေါ် လေးစားသွားမိသည်။

လူတစ်ယောက်ရဲ့ဆန္ဒကို သူနားလည်လေးစားရမည် ဖြစ်၏။

"မဖြေချင်လဲနေဗျာ၊ ကဲ ... တစ်ခုခုစား၊ ခင်ဗျားရဲ့စိတ်ဓာတ်ကို လေးစားတယ်၊ အလုပ်ခန့်မယ်"

ကိုထွန်းကို သူ ဒရိုင်ဘာအဖြစ် အလုပ်ခန့်လိုက်သည်။

နေစရာလည်း ပေး၏။

"ဆရာလေးသိထားဖို့က မိုးစက်ပွင့်ကို မေ့ပစ်လိုက်ဖို့ပဲ"

"ဘာဖြစ်လို့ ကျွန်တော်က မေ့ပစ်ရမှာလဲကိုထွန်း"

"ဆရာစစ် လက်ထပ်မယ့် မိန်းကလေးပဲ ..."

"မိုးစက်ပွင့်ဆန္ဒတွေ မပါဘူး မဟုတ်လား"

"မိုးစက်ပွင့် ဆန္ဒမပါလဲ မလွှဲမသွေ လက်ထပ်ရမှာပဲ"





မိုးစက်ပွင့်အဖွား ဒေါ်အေးတင်ရဲ့ဆန္ဒတွေကို ပယ်ရှားမှာ မဟုတ်။

နူးညံ့သိမ်မွေ့တဲ့ မိန်းကလေးတစ်ယောက်ပဲ။

မိန်းကလေးကိုတော့ သနားနေမိသည်။

"ကိုမခ ကျွန်ုပ်ကို ခိုင်းချင်ရာခိုင်းပါနော် ... အားမနာပါနဲ့"

သူ့အတွက် ကိုထွန်းအား အလုပ်ခန့်ထားရတာ အားကိုးရသည်။

ဖေဖေ့အခန်းမှာ ထား၏။

"ကျွန်တော့် ဖေဖေကိုလဲ စောင့်ရှောက်ပါ"

ဖေဖေ အရက်တွေ အလွန်အကျွံသောက်ပြီး တစ်ယောက်တည်းထားတာ စိတ်မချ၍ ကိုထွန်းအား ခေါ်ထားမိသည်။

"သူက ကိုထွန်းပါ ဖေဖေ ... သားရဲ့ ဒရိုင်ဘာအသစ်ပါ"

ဖေဖေက သားဆန္ဒတွေအားလုံး ဘယ်တော့မှ ငြင်းဆန်လေ့မရှိ။

ဖြည့်စွမ်းပေးသည်။

သား ..."

"ဗျာ ... ဖေဖေ"

"မင်း ပြန်ပါ၊ တတ်နိုင်ရင် ဖေဖေ့ဆီကို သိပ်မလာစေချင်ဘူး"

မမနှင်းက မိမိထံဖုန်းဆက်ပြီး ရန်တွေ့ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သားကို လက်မခံဖို့။

"မေမေပြောလို့လား ဖေဖေ ..."

"ဟုတ်တယ်သား၊ မင်းကိုလက်ခံပြီး ဖျက်ဆီးနေတယ်လို့ ဖေဖေ အပြောမခံနိုင်ဘူးကွာ"

ဖေဖေသည် စီးပွားရှာဖို့ထက် သမီးအတွက် သောကတွေ များပြီး အရက်ပဲ သောက်နေသည်။

"ကျွန်တော် မဟုတ်တာတွေ လုပ်နေတာမှမဟုတ်တာဘဲ ဖေဖေ"

"ဘာပဲဖြစ်ဖြစ်ကွာ၊ မင်းအမေ စိတ်ချမ်းသာမှုတွေတော့ ပေးသင့်တယ်၊ ဖေဖေ့ကို ထားလိုက်"

"ဖေဖေ"

"ပြော ..."

"မေမေနဲ့ပြန်ပြီး အဆင်ပြေစေချင်တယ်"

"တစ်ယောက်ပေါ်တစ်ယောက် နားလည်မှုတွေမှ မပေးနိုင်တော့တာပဲသား ... နေပါစေကွာ"

"သားမျက်နှာကို ထောက်ထားပါဦး"

"ဖေဖေ့ သမီးလေးကိုတွေ့အောင် ရှာရဦးမယ် သားရယ်"

ဖေဖေ့ကိုလည်း ဖွတ်တရွတ် မတောင်းဆိုချင်တော့။

ကိုယ်ချင်းစာမိသည်။





"ကိုထွန်း"

"ဟင် ..."

"ကျွန်တော့်အဖေကို စောင့်ရှောက်ပါ"

ဦးကျော်စံ အကြည့်တွေက ကိုထွန်းထံ ရောက်သွားသည်။

"မောင်ရင်က ဘာဖြစ်လို့ အလုပ်ကပြုတ်တာလဲ"

ကိုထွန်း ဘယ်လိုပြန်ပြောရမှန်း မသိပေ။

ဆရာစစ်မှူးပိုင်နှင့်ပတ်သက်တာတွေလည်း မပြောပြချင်တော့။

ကျေးဇူးတွေ ရှိနေသည်။

"ဟေ့လူ ..."

"ဗျာ ..."

"မောင်ရင် ဘာဖြစ်လို့ အလုပ်ပြုတ်လာရတာလဲ"

ကိုထွန်းဆိုတဲ့လူရဲ့ ဥပမိရုပ်ကတော့ မဆိုးပါဘူး။

အလုပ်ပြုတ်လာတဲ့ အကြောင်းရင်းကိုတော့ သိထားသင့်သည်။

သားက အခုမှ စီးပွားရေးလုပ်ဆောင်ရမည့်သူပဲ။

"ပြောပါ မောင်ရင် ..."

"ကျွန်တော့်ဆရာရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုမှာ ဝင်စွက်ဖက်မိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ … သူများကိုယ်ရေးကိုယ်တာကိစ္စဆိုတာ ဝင်မစွက်ဖက်ရဘူး။ မင်း မှားတယ် …"

မိမိအကြည့်တွေက ဟိုလူ့အပေါ် စူးစိုက်နေမိသည်။

သားကို အပေါင်းအသင်းနှင့်အလုပ်သမားတွေ ငှားရမ်းတဲ့ကိစ္စမှာ အမှားအယွင်းတွေ မဖြစ်စေချင်၍ ဖြစ်၏။

"ကိုယ့်သားနဲ့ ငါတို့ ဘယ်လိုပတ်သက်နေလဲ"

အဖိုးကြီးအား ဘယ်လိုဖြေရမလဲဆိုတာ စဉ်းစားနေမိသည်။

ပတွေးတဲ့ …

သားအပေါ်မှာ အတော်လေး ချစ်ခင်မြတ်နိုးပုံပင်။

"မောင်ရင်"

"ဗျာ …"

"မောင်ရင်က ကျုပ်မေးတဲ့မေးခွန်းတွေကို မဖြေနိုင်ပါလား"

"လူတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာတွေဖြစ်နေလို့ အဖြေရခက်နေတာပါ ဆရာကြီး"

"ဟော"

ဦးကျော်စံ မျက်မှောင်ကြုတ်ပြီး ကြည့်မိသည်။

"ကောင်းတယ် … သူများကိုယ်ရေးကိုယ်တာအကြောင်းတွေ မပြောတာ အကောင်းဆုံးပဲ"

ဦးကျော်စံလည်း သားကိစ္စတွေကို ဝင်မစွက်ဖက်ချင်တော့။





သဘောပေါက်သွားရသည်။

ကောင်မလေးကိစ္စပဲ ဖြစ်ရမယ်။

ဝင်မစွက်ဖက်တာ အကောင်းဆုံးပဲဟု စဉ်းစားလိုက်မိသည်။

"မောင်ရင် ကျုပ်မမေးတော့ဘူး။ မင်းလဲ လွတ်လွတ်လပ်လပ်သာနေ"

လူကြီးပီသစွာ မိမိအခန်းထဲသို့ ဝင်လာခဲ့မိတော့သည်။

❖------❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၄ )

ချစ်စုနှင့်သာ စကားတွေပြောနေရသည်။ သူ့စိတ်တွေက မိုးစက်ပွင့်ထံသို့ပဲ ရောက်နေရသည်။

ကိုယ် သတ္တိမွေးရမလား။

မင်းဘဝအမှန်တွေကို ကိုယ်လက်ခံလိုက်ရင်ရော။

ဟိုလူ ရန်မခန့်ရော မိုးစက်ပွင့် ပတ်သက်ဆက်ဆံနေလား။

အတွေးတွေက ရှုပ်ထွေးနေသည်။

"ကိုစစ်"

"ဟင် ..."

"နင် ဘာဖြစ်လို့ ဒီလောက်ထိငိုင်နေရတာလဲ၊ မိုးစက်ပွင့်ဆိုတဲ့ အိမ်ဖော်မလေးအကြောင်းတွေ၊ နင်တွေးနေတာ မဟုတ်လား"

ချစ်စုကို မကြည့်။

ကဲ့ရဲ့ရှုတ်ချမည့် မျက်ဝန်းတွေကို သူရင်မဆိုင်ချင်၍ဖြစ်





သည်။

စီးကရက်တွေကိုသာ တစ်လိပ်ပြီးတစ်လိပ် မီးညှိသောက်နေမိသည်။

"ရှင့်စိတ်တွေ လှုပ်ရှားနေတယ် မဟုတ်လား ကိုစစ်"

"ဟုတ်တယ်"

"ချစ်စုကတော့ နင့်စိတ်တွေကို ဒီကောင်မလေးဆီရောက်နေတာ လက်မခံချင်ဘူး"

ကိုယ် ဘာမှမပြောချင်တော့ဘူး မိုးစက်ပွင့်။

"အိမ်ဖော်မကြီး မြေးတစ်ယောက်ဆိုတဲ့ အချက်က နင့်ပတ်ဝန်းကျင်မှာ ဂယက်ရိုက်နေမှာပဲ"

"တော်ပါတော့ ချစ်စု ... ငါ ဘာမှမကြားချင်ဘူး၊ နင် ဆက်မပြောနဲ့တော့"

"ပြောရမယ် ကိုစစ် ... "

"ငါ မကြားချင်ဘူး"

"နင့်စိတ်ဒုက္ခတွေကို နင်တစ်သက်လုံး နင့်ရင်မှာပိုက်ထားမလို့လား"

ကိုယ် မစဉ်းစားချင်ဘူး။

မင်းနဲ့ ပတ်သက်တာတွေအားလုံး ကိုယ်ချေဖျက်ပစ်ချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ချေဖျက်ပစ်ရမလဲ။

ဟုတ်တယ် ...

ကိုယ့်ရင်ထဲမှာ မင်းအကြောင်းတွေကို အမြဲတမ်း တွေးနေမိတယ်။

မင်း ကိုယ့်ကို နားလည်မှုတစ်ခုပဲ ပေးစမ်းပါ။

"ကိုစစ်"

"ဟင် ... "

"နင်နဲ့ ဂုဏ်အဆင့်အတန်းချင်းတူတဲ့ မိန်းမတစ်ယောက်ကို နင် အချိန်မရွေး လက်ထပ်နိုင်တယ်နော် ကိုစစ်"

"ပြန်ကြရအောင်"

သူ ထသည်။

"ကိုစစ်အိမ် ချစ်စုလိုက်မယ်"

ချစ်စုက မလိုက်နဲ့ပြောလည်း လိုက်မည့်မိန်းမ ဖြစ်သည်ပေယ်နိုင်။

အဲဒါလည်း ကိုယ်သတ္တိမရှိတာဘဲ။

မလိုက်ပါနဲ့လို့ပြောဖို့ ကိုယ့်နှုတ်ခမ်းသားတွေက တွန့်ဆုတ်နေမိသည်။

"ချစ်စု ကားမောင်းမယ်"

ချစ်စုကားက ရုံးခန်းမှာ ထားခဲ့ပြီး သူ့ကားနှင့်လာခဲ့ကြခြင်း





ဖြစ်သည်။

သူ ကားမောင်းမယ်လုပ်တော့ ချစ်စုက တားဆီးနေ၏။

"ရပါတယ်"

"မရနဲ့ ... နင့်စိတ်တွေက လူနဲ့တွဲမိတာ မဟုတ်ဘူး"

ချစ်စုအသံတွေက လှောင်ပြောင်ရယ်မောသံတွေ ဖြစ်နေသည်။

ကိုယ် ယောက်ျားပဲ။

ပြတ်သားသင့်တယ်။

ချစ်စုလိုက်လာရင် မင်းစိတ်တွေ အနှောက်အယှက်ဖြစ်မှာပဲ။

ကိုယ် တားဆီးသင့်တယ်။

ခက်တာက ...

ကိုယ့်အိမ်ကို ချစ်စု အရင်က အမြဲတမ်း လာနေကျ။

"နင် အိမ်ထောင်ကျလို့ ဇနီးတွေ၊ သားသမီးတွေရနေလဲ ချစ်စုက ဒီအတိုင်းပဲ ဝင်ထွက်သွားလာနေမှာနော် ကိုစစ်"

ချစ်စုက ပြောခဲ့ဖူးသည်။

"နင် မိန်းမကြောက်ပြီး ချစ်စုမလာနဲ့လို့ ပြောမှာလား"

ကိုယ်ပြောခဲ့တဲ့စကားတွေအတွက် ကိုယ်မလုံမလဲတော့ ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစစ်"

"ဟင် ..."

"ခုက္ခပါပဲ ..."

ကိုစစ်အဖြစ်တွေကိုကြည့်ပြီး ချစ်စုပင် အံ့သြယူရသည်။

ခေါင်းကို ခါရမ်းပစ်လိုက်မိသည်။

သွားပြီ။

ကိုစစ်လို ယောက်ျားတစ်ယောက်ကို ဖမ်းစားနိုင်တာ ဘယ်လို ကဝေမလေးလဲ။

စိတ်ဝင်စားမိသည်။

မိုးစက်ပွင့်တဲ့။

အိမ်ဖော်ရဲ့မြေး။

ဘာများစိတ်ဝင်စားစရာ အထင်ကြီးစရာတွေ ရှိနေလို့လဲ။

"နင် သွားပြီ"

"ချစ်စု"

"ပြော ..."

"ငါ့ကို ခနဲ့တာတွေ ကလိတာတွေ၊ ပြက်ရယ်ပြုတာတွေ မလုပ်ပါနဲ့ဟာ"

"မဟုတ်ပါဘူးဟာ၊ နင် ဘာဖြစ်နေတာလဲ ... ဘာတွေဖြစ်သွားတာလဲဆိုတာ မစဉ်းစားတတ်အောင် ဖြစ်နေလို့"





ချစ်စု မနာလိုဝန်တိုဖြစ်နေမိတာတော့ အမှန်ပဲဖြစ်သည်။

ကိုစစ်သည် သူမဘဝ ပတ်သက်ဆက်ဆံဖူးသမျှ ယောက်ျားတွေထဲမှာ စိတ်ဝင်စားစရာ အကောင်းဆုံး ယောက်ျားပါ။

သူမ လက်ထပ်ယူမယ့် ယောက်ျားတစ်ယောက်အဖြစ် ရွေးချယ်ထားခဲ့သည်။

နင်ကတော့ ...

မိုးစက်ပွင့်ဆိုတဲ့ မိန်းမတစ်ယောက်ကြောင့် ရူးသွပ်နေတယ်။

"ငါ့ကို မိုးစက်ပွင့်နဲ့ မိတ်ဆက်ပေးနော်"

သူမကတော့ မိုးစက်ပွင့်ကို တွေ့ဖြစ်အောင် တွေ့မှာပဲ။

"ငါပြောပြီးပြီပဲ ချစ်စု ... ကိုထွန်းစကားတွေ မယုံပါနဲ့လို့"

"နင် ညာတာ"

"စိတ်ကူးယဉ်ဆန်တဲ့ စကားတွေပဲ ချစ်စု"

"နင် အရင်က လိမ်ညာဟန်ဆောင်တာတွေ လုံးဝမရှိဘူးနော်"

"တကယ်ပြောတာပါ ... ဒါကြောင့်လဲ မင်းကို ရဲရဲတင်းတင်း ခေါ်လာတာပဲပေါ့"

ဒီအချိန်ဆို ...

မိုးစက်ပွင့် အခန်းထဲမှာပဲ ရှိနေတတ်တာ သူသိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာပဲ အောင်းနေတတ်တဲ့ မိန်းကလေးဖြစ်၏။

ချစ်စု မသိနိုင်။

မင်းကို အထင်သေးနိမ့်ချတဲ့စကားတွေနဲ့ ဆက်ဆံတာမျိုး ကိုယ်လုံးဝ လက်မခံနိုင်ဘူး မိုးရယ်။

"ဟင်း ... ဟင်း ... ဟင်း"

"မင်း ဘာရယ်တာလဲ"

"နင် လိမ်တတ်နေလို့"

သူ့တစ်ကိုယ်လုံး ရှက်စိတ်တွေနှင့် ထူထူပူပူကြီး ဖြစ်သွားရသည်။

မိုးနှင့်လက်ထပ်လိုက်လျှင် သူ့ပတ်ဝန်းကျင်က ဘာပြောမလဲ။

အိမ်ရောက်လာသည်။

ပြဿနာက ပို၍ပင် ကြီးထွားသွားရတော့၏။

မိုးစက်ပွင့်ကိုယ်တိုင် အိမ်သန့်ရှင်းရေးတွေ လုပ်နေခြင်းပင်။

ချစ်စုက အိမ်ထဲသို့ အရင်ဆုံးဝင်သွားခဲ့သည်။

သူက နောက်မှ လိုက်ခဲ့၏။

"မိုးစက်ပွင့်ဆိုတာ မင်းလား"

ချစ်စု စကားသံကြောင့် သူ့အကြည့်တွေက ဖျတ်ခနဲ ရောက်သွားသည်။





မိုးစက်ပွင့် ...

အကျင့်စရိုက်တွေကို မဖျောက်ချင်။

အိမ်သန့်ရှင်းရေးတွေ လုပ်နေသည်။

"မင်းအလုပ်တွေ ဘာဖြစ်လို့ လုပ်ချင်နေရတာလဲ"

သူ ...

ဒေါသတကြီး အော်ဟစ်နေမိသည်။

"ကိုစစ် ဘာဖြစ်နေတာလဲ၊ အဲဒီလောက် အော်ကြီးဟစ်ကျယ် မလုပ်ပါနဲ့"

သူ့ခြေလှမ်းတွေက မိုးစက်ပွင့်နား ရောက်သွားရသည်။

"သူ့အလုပ်သူဆက်လုပ်ပါစေ ကိုစစ်"

ကိုစစ်လက်ကို ချစ်စု အတင်းဆွဲခေါ်ပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။

"သူက မိုးစက်ပွင့်လား"

ချစ်စုအသံတွေကို သူ လုံးဝ မကြားချင်တော့ပေ။

ဒေါသတွေနှင့် ပေါက်ကွဲချင်သည်။

ဘာဖြစ်လို့ ...

အိမ်သန့်ရှင်းရေးထွက်ပြီး လုပ်နေရတာလဲ။

ကိုယ်က မင်းကို ဂုဏ်သရေရှိ အဆင့်အတန်းမြင့်တဲ့ မိန်းမ ဖြစ်စေချင်တာ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ...

အိမ်သန့်ရှင်းရေးတွေ လုပ်နေတယ်။

ရှက်လိုက်တာ ...

ကိုယ့်ဂုဏ်သိက္ခာတွေကို မင်းတမင်ချနေတာ မဟုတ်လား။

အပေါ်ထပ် ရောက်တဲ့အထိ ကိုယ့်စိတ်တွေကို မထိန်းချုပ်နိုင်ပေ။

"နင် လိမ်တတ်နေပြီပဲ ကိုစစ်"

ကိုစစ် ဖြစ်နေတာကြီးကိုပဲ ချစ်စု မကျေမနပ်ဖြစ်နေမိသည်။

ကော်င်မလေးက ကိုစစ်ကို ဖမ်းစားညို့ယူနိုင်စွမ်းရှိလွန်းနေတာတော့ ချစ်စု ယုံကြည်ရမလို ဖြစ်နေ၏။

အိမ်ဖော်မကြီးမြေးဆိုတဲ့ ဂုဏ်ပုဒ်နဲ့ ဆန့်ကျင်ဘက်ပဲ။

ဒါကြောင့် ရှင်ဖြစ်နေတာကိုး။

"ကိုစစ် ..."

ကိုစစ် ခေါင်းကို ငိုက်စိုက်ချကာ မျက်နှာကို လက်ဝါးနှင့်အုပ်ထားသည်။

"နင် ရူးနေလား"

ချစ်စုရဲ့ ကဲ့ရဲ့အပြစ်တင်နေတဲ့ စကားသံတွေနှင့်ဝေးတဲ့နေရာကို ထွက်ပြေးချင်တဲ့ ဆန္ဒတွေပဲ ဖြစ်ပေါ်နေမိသည်။

"ကောင်မလေးက ရုပ်လေးဘန်းပြပြီး နင့်ကို မြူဆွယ်နေတာ"

"ချစ်စု ..."

"နင် ငြင်းချင်သေးလို့လား ကိုစစ် ... ဒီကောင်မလေးရဲ့နင်ဆက်ပြီး မထားသင့်ဘူး"

"ဟင် ..."

သူ ...

အထိတ်တလန့် မော့ကြည့်မိသည်။

"အဓိပ္ပာယ်မရှိတဲ့အလုပ်တွေကို မလုပ်ချင်ပါနဲ့ ကိုစစ်"

ဒီကောင်မလေး ကိုစစ်အနားမှ လွင့်ထွက်သွားအောင် သူမလုပ်ဆောင်ရမည်သာ ဖြစ်သည်။

ကိုစစ်က ချမ်းသာလွန်း၏။

ပညာတတ်တစ်ယောက် ...

ချစ်စု အလွတ်မခံနိုင်။

မိုးစက်ပွင့်လို မိန်းမတစ်ယောက်နှင့် မယှဉ်နိုင်တော့ဘူးလား။

"ကိုစစ်အနားမှာ ဒီကောင်မလေးက တွယ်ကပ်နေတာ မဟုတ်လား"

မဟုတ်ပါဘူးလို့ ကိုယ်ပြောရမှာ ဝန်လေးနေမိသည်။

မိုးစက်ပွင့်က သူ့အနားမှာ နေချင်တဲ့ကောင်မလေး မဟုတ်။





www.burmeseclassic.com

www.burmeseclassic.com



ဖွားအေးကို ငဲ့နေ၍သာ။

"ကိုစစ် ..."

သူစိတ်ပျက်စွာဖြင့် ချစ်စုကိုကြည့်နေမိသည်။

"ကောင်မလေးကို အရောင်အသွေးတက်လာအောင် ဖြင်း လေ့ကျင့်နေတာ နင့်ဘဝအတွက် လုံလောက်မယ်လို့ထင်နေလား"

ကိုစစ် မဖြေတတ်။

မနက်ဖြန် ချစ်စုပြန်လာမယ့်အကြောင်း ပြောနေသဖြင့် သူ စိတ်ရှုပ်ထွေးစွာ ကျန်ခဲ့ရ၏။

အရှာအားလုံးတရားခံက မင်းပဲ။

မိုးစက်ပွင့် အနေအထိုင်မတတ်လို့ပဲ မဟုတ်လား။

သူမ အခန်းသို့ သူရောက်လာခဲ့သည်။

❖--------❖

အခန်း ( ၁၅ )

"မိုးစက်ပွင့် ... မင်းဘာဖြစ်လို့ ဒီလိုအောက်တန်းကျတဲ့ အလုပ်တွေကို လုပ်ချင်ရတာလဲ"

သူ့အယူအဆတွေကို သူမ လုံးဝလက်မခံနိုင်အောင် ဖြစ်နေ သည်။

မိန်းကလေးတစ်ယောက် အိမ်မှုကိစ္စတွေ လုပ်တာ အပြစ် လား။

"မင်းဘဝတွေကို မင်းမေ့မပစ်နိုင်ဘူးလား"

"ကျွန်မ ပျင်းနေလို့ အိမ်မှုကိစ္စတွေကိုလုပ်နေတာပါ ကိုစစ် ...ပိုင်"

"ဘာ"

"မိန်းကလေးတစ်ယောက် အိမ်မှုကိစ္စတွေလုပ်တာ အပြစ် ...လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ရဘူး"

"ကျွန်မရဲ့ဘဝအမှန်တွေကို ရှင်လက်ခံပါ"

"လက်ခံတော့ရော ဘယ်သူ့အတွက် အကျိုးရှိမှာလဲ မိုးစက်ပွင့်"

"နှစ်ယောက်စလုံးအတွက် အကျိုးရှိတယ်"

"ဘာ ..."

"အခုပဲ ကိုကို့အသိုင်းအဝိုင်းတွေထဲက တစ်ယောက် ဝေဖန်လာပြီပဲ"

"မင်း ဘာဖြစ်လို့ လူအထင်ကြီးအောင် မနေရတာလဲ"

"ကျွန်မတစ်ယောက်တည်း ပျင်းနေတယ်၊ ချမ်းသာတဲ့မိန်းမဖြစ်ရင်တောင် အိမ်မှုကိစ္စဆိုတာ ကျွမ်းကျင်နိုင်နင်းဖို့ လိုအပ်တာပဲ မဟုတ်လား"

"မရဘူး ... ကိုယ် လုံးဝလက်မခံနိုင်ဘူး၊ ကိုယ်ချစ်မြတ်နိုးတဲ့ မိန်းကလေးတစ်ယောက် ..."

သူ့စကားတွေ ဆက်ပြောရန် ဝန်လေးသွားမိသည်။

ကောင်မလေးကို မကြည့်ရဲ။

အမှတ်မထင် ပြောမိသွားခြင်းသာ ဖြစ်သည်။

"မိုးစက်ပွင့်"

"ဟင်"





"ကိုယ့်မိတ်ဆွေ အပေါင်းအသင်းတွေရှေ့မှာ မင်းကိုတင့်တယ်စေချင်တာပါ"

ကောင်မလေးအား သူ့ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်ထားချင်မိသည်။

အဆင့်မတူလို့လား။

ကိုယ်ဘာကိုများ ဒီလောက်အထိ သတ္တိကြောင်နေရတာလဲဘွာ။

"ကျွန်မဘဝအမှန်တွေကို ရှင်လက်မခံသရွေ့ ကျွန်မနဲ့အဝေးဆုံးဖြစ်နေမှာပဲ ကိုကို"

သူ့မျက်ဝန်းလေးတွေက သတ္တိရှိနေသည်။

"ကျွန်မ ရှင့်စည်းစိမ်ဥစ္စာတွေကို မက်မောတဲ့မိန်းမ လုံးဝအဖြစ်မခံနိုင်ဘူး"

"ဖြစ်ရမယ် ..."

"ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မ စိတ်တွေ မလုံလို့ပါ။ ကျွန်မကို အကျပ်မကိုင်ပါနဲ့"

"နားမလည်ဘူးမိုး ... ကိုကို့ဆန္ဒတွေအတိုင်းပဲ မင်းနေရမယ် ကိုကို ဖြစ်စေချင်တာတွေကိုပဲ မင်းဖြည့်စွမ်းပေးရမယ်"

"ကိုကို ဘာသဘောနဲ့ ဒီလိုလုပ်နေတာလဲ"

"မသိဘူးကွာ ... မင်းဘာမှ မေးစရာမလိုဘူး၊ မင်းအိမ်မှုကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



တွေလဲ ဘာမှလုပ်စရာမလိုဘူး”

ရှင် ...

ကျွန်မကို လက်ထပ်မယ်လို့ ဘာဖြစ်လို့မပြောရတာလဲ။

သတ္တိမရှိဘူး မဟုတ်လား။

“မိုး”

သူမကို စူးစိုက်စွာ ကြည့်နေသည်။

ရှင့်မျက်ဝန်းတွေထဲမှာ အချစ်တွေ ရှိနေတယ်။

ကျွန်မ တွေ့နေတာပဲ။

ဘာဖြစ်လို့ ငြင်းချင်ရတာလဲ။

“ကိုကိုနဲ့လိုက်ခဲ့”

“ကျွန်မ ဘယ်ကိုလိုက်ရမှာလဲ”

ကိုကိုက ...

သူမလက်ကလေးအား အတင်းဆွဲပြီး ခေါ်လာသည်။

သူ့အိမ်ခန်းထဲမှ မီးခံသေတ္တာကို ဖွင့်ပြ၏။

“တွေ့လား မိုး ...”

“ရှင် ...”

“ဒီပစ္စည်းတွေအားလုံး ကိုကို့အမေဆီက ရထားတဲ့အမွေ တွေပဲ”

ရတနာပစ္စည်းတွေ မြောက်များစွာ တွေ့နေရသည်။

ဗိုးလပြည့်စာပေ



“မိုးအတွက် ကိုကို ရည်မှန်းထားတယ်”

“ဟင့်အင်း ... ကျွန်မ ဘာမှမမက်မောဘူး၊ ဘာမှလဲ မလို ဘူး”

သူမ ...

ငြင်းဆန်မိသည်။

ကျွန်မဘဝတစ်လျှောက်လုံး စိတ်သောကတွေ မခံစားနိုင် ဘူး။

ပတ်ဝန်းကျင်ကနေ ကဲ့ရဲ့ရှုတ်ချမယ့်အဖြစ်တွေကို ရှင်ဘယ် လို ရင်ဆိုင်မလဲ။

“ကိုကို့စည်းစိမ်ဥစ္စာတွေအားလုံး မင်းအတွက်ပဲ”

“ကိုကို ဘာသဘောနဲ့ ကျွန်မကို ပြောနေတာလဲ”

“ဘာပဲဖြစ်ဖြစ် ကိုကိုကတော့ မိုးကို အဆင့်အတန်းမြင့်မား တဲ့ မိန်းကလေးတစ်ယောက် ဖြစ်စေချင်တယ်ကွာ”

ကိုကိုသည် သူမအား ချစ်သူတစ်ယောက်ကဲ့သို့ လုံးဝ မဆက်ဆံခဲ့ပေ။

ခံစားချက်တွေကိုလည်း ပြောဆိုခြင်း မရှိခဲ့။

သတ္တိကြောင်စွာဖြင့် သူမအား စိတ်ထဲထင်တာတွေ လုပ်နေ သည်။

“ကိုကို စိတ်ကူးယဉ် မဆန်စေချင်ဘူး”

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းလဲ ခေါင်းမမာချင်စမ်းပါနဲ့မိုး … ကိုကို့စကားတွေကို နားထောင်ပါနော်"

သူ …

ရူးသွပ်နေပြီလား။

သူမကို သူ့နှလုံးသားတွေထဲမှာ စူးနစ်စွာ ချစ်မြတ်နိုးနေမိသည်။

ဖွင့်ပြောဖို့ပဲ ခက်တာပါ။

"ကိုကို့စကားတွေကို မင်းလက်ခံရမယ်"

သူမ တိတ်တိတ်နေခြင်းပဲ အကောင်းဆုံးဖြစ်သည်ဟု ထင်သည်။

ရှင် ပြုသမျှ နုရမှာပဲ။

ချစ်စုက သူမအား အထင်သေးစွာ ကြည့်သည်။

အိမ်ဖော်မကြီး မြေးဆိုတာ ညည်းလားဟု မေးသွားခဲ့သည်။

ကိုကို ရင်ဆိုင်နိုင်မလား။

ပြောစမ်းပါဦး …

နှုတ်ခမ်းသားလေးတွေကိုသာ တင်းကျပ်စွာ ဖိကိုက်ထားမိသည်။

❖--------❖

အခန်း ( ၁၆ )

မိုးစက်ပွင့်နှင့်တွေ့ဖို့ ရန်မခ ကြိုးစားနေမိသည်။

ကိုစစ်မှူးပိုင် မိတ်ဆွေ မိန်းကလေးတစ်ယောက်နှင့် အပြင်ထွက်သွား၏။

ကိုထွန်းနှင့်အတူ မိုးစက်ပွင့်ရှိနေတဲ့ တိုက်ကြီးထဲဝင်လာခဲ့ကြသည်။

"ကိုမခ သွားစကားပြော၊ ဆရာစစ် တော်တော်နဲ့ပြန်မလာသေးဘူးပြောတယ်"

"ကျေးဇူးပဲ"

သူ …

အိမ်ထဲဝင်လာခဲ့သည်။

မိုးစက်ပွင့်ကို ခေါ်ထုတ်သွားဖို့ပင် ဖြစ်၏။

"မိုး …"

ဓိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ရှင် ... ရှင်"

သူ့ကို မြင်တွေ့လိုက်ရသဖြင့် သူမ အထိတ်တလန့် ဖြစ်သွားမိသည်။

"ကျွန်မဆီ မလာပါနဲ့လို့ ရှင့်ကိုပြောထားတယ်နော်"

"မိုးစက်ပွင့် ... မင်းကိုလာခေါ်တာ"

"ရှင် ..."

"ကိုယ်နဲ့လိုက်ခဲ့ပါ ... မင်းတထိတ်ထိတ်နဲ့ စိတ်သောကတွေရောက်နေတာ ကိုယ်မကြည့်ရက်ဘူး"

"ကျွန်မ ... ကျွန်မ ထွက်သွားလို့မဖြစ်ဘူး၊ ကိုစစ်မှူးပိုင်ဆန္ဒအတိုင်းပဲ ကျွန်မ နေရမှာ"

ကိုစစ်မှူးပိုင်ရဲ့ ဆန္ဒတွေအတိုင်းနေဖို့ ဆုံးဖြတ်ထားသည်။

မနက်က ...

မမချစ်စု ရောက်လာသည်။

သူမထံဝင်လာပြီး အိမ်မှုကိစ္စတွေ လုပ်ထားဖို့ပြော၏။

ကိုကိုက မကြိုက်ဘူးဆိုတော့ သူမ ဒေါသတကြီးဖြစ်သွားသည်။

"ညည်း ကိုစစ် စိတ်တွေ အမှားအယွင်းတွေ လွန်ကျူးမိအောင် မှိုင်းမတိုက်ထားနဲ့"

သူမ တမင်ရွဲ့ပြီး ပြောပစ်လိုက်မိသည်။





မမချစ်စုကို မိန်းမတစ်ယောက်အပေါ် ကိုကိုလွန်ဆန်နိုင်မှာမဟုတ်တာ သေချာသည်။

ကိုကိုက ဂုဏ်ပကာသနကို မက်မောသူ။

ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွေကို မလွန်ဆန်နိုင်သောသူ။

"မိုး ..."

"ဟင် ..."

"ကိုယ်နဲ့ လိုက်ခဲ့ပါ"

"မဖြစ်ဘူး ကိုရန်မခ၊ ကျွန်မ ဘဝမှာ ကိုစစ်မှူးပိုင်ပဲရှိတယ်"

"မိုးကို လက်ထပ်ပါရစေ"

"ရှင် ..."

သူမစိတ်တွေ နွေးထွေးစွာ လှုပ်ရှားသွားမိရသည်။

ရှင့်ရဲ့မျက်ဝန်းတွေက အကြင်နာမျက်ဝန်းတွေပါပဲ။

"ကျွန်မ ဘယ်သူလဲဆိုတာ ရှင်မသိသေးလို့ လက်ထပ်ဖို့တောင်းဆိုနေတာပါ ကိုရန်မခ"

"မင်းဘယ်သူပဲဖြစ်ဖြစ် ကိုယ်စိတ်မဝင်စားဘူး၊ မင်းကို ကိုယ်ပိုင်ဆိုင်ချင်တာပဲ သိတယ်"

ကိုရန်မခရယ် ...

ကျွန်မဟာ ရှင်တို့အသိုင်းအဝိုင်းတွေထဲ ဝင်ဆန့်နိုင်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အထိင်ကြီးစရာလည်း မရှိဘူး။

"ရှင်ပြန်ပါ … နောက် ဘယ်တော့မှ ကျွန်မကိုလာပြီး မဆက်သွယ်ပါနဲ့ …"

ထိုစကားကလွဲပြီး သူမတွင် ပြောစရာမရှိ။

ကိုစစ်မှူးပိုင် ဆန္ဒတွေ အတိုင်းသာ ကျွန်မ လိုက်နာဆောင်ရွက်ရမည် ဖြစ်၏။

"မင်းဘဝအမှန်ကို ကိုယ်သိချင်တယ် မိုး … "

ကိုထွန်းကလည်း သစ္စာရှိစွာဖြင့် ထုတ်ဖော်ပြောဆိုခြင်း မရှိပေ။

"မိုး"

"ဟင်"

"ပြော"

"ဘာကိုလဲ … "

"မင်းဘယ်သူလဲ၊ ကိုစစ်မှူးပိုင်အမိန့်သြဇာတွေကို ဘာဖြစ်လို့ မလွန်ဆန်နိုင်ရတာလဲ"

"ကျွန်မကို ဘာမေးခွန်းမှ မမေးပါနဲ့၊ မဖြေနိုင်ဘူး"

"မိုး … မင်း … မင်း … ကိုစစ်မှူးပိုင်ကို ကြောက်နေတာလား"

"မဟုတ်ဘူး … မဟုတ်ဘူး၊ ကျွန်မ ကိုယ်ရေးကိုယ်တာကိစ္စ





တွေပါ"

သူမ ဘာမှမပြောချင်။

ကိုစစ်မှူးပိုင်လက်မှ လွတ်မြောက်ဖို့ မလွယ်ပေ။

ဖွားအေးဆန္ဒတွေကို ကျွန်မ ဘယ်လိုလုပ်ပြီး လွန်ဆန်မလဲ။

"မိုးကို ကိုယ်ချစ်တယ်"

"ရှင် … "

"ကိုယ့်ဘက်က မင်းအတွက် ဘယ်အရာမဆို ရင်ဆိုင်ဖို့ အသင့်ပဲ မိုး … "

"ဟင့်အင်း … "

"ကိုယ့်ကိုချစ်တယ် မဟုတ်လား မိုး … "

မိုးမျက်ဝန်းလေးတွေက ကိုယ့်ကိုချစ်နေပါတယ်။

ကိုယ်သိနေတာပဲ။

"သတ္တိရှိပါ မိုးရယ် … မင်းတစ်ယောက်တည်း ဒုက္ခတွေ ခံစားတော့မလား"

သူမ …

ဟန်ဆောင်မနေချင်ဘူး။

ကို့ကို ကျွန်မ ချစ်တယ်။

အမှန်အတိုင်း ဝန်ခံတာပါ။

"မိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"ကိုယ့်နောက်ကို မိုး သတ္တိရှိရှိ လိုက်ခဲ့ပါ"

"ဖွားရဲ့ဆန္ဒတွေကို ကျွန်မ ဖြည့်ဆွမ်းပေးရမယ်"

ကိုစစ်မှူးပိုင်က ကျွန်မတို့ မြေးအဖွားရဲ့ ကျေးဇူးရှင်ပါ။

"မိုး ကိုယ့်ကိုချစ်တယ်မဟုတ်လားဟင်"

ရီဝေတဲ့ မျက်ဝန်းလေးတွေ ဆုံမိသွားကြသည်။

ဝန်ခံနေ၏။

ကျွန်မ ငြိမ်သက်တိတ်ဆိတ်စွာဖြင့် မော့ကြည့်မိသည်။

"မိုး ..."

"ရှင်"

"ကိုယ့်နောက်ကို လိုက်ခဲ့နော်"

"ကို"

"ပြော"

"ကျွန်မကို တစ်ပတ်လောက်ပဲစောင့်ပါ၊ ကို့ကို မျှော်လင့်ချက်တွေ မပေးချင်ပေမယ့် ကိုစစ်မှူးဆီက ပွင့်လင်းတဲ့အခြေအနေ တစ်ခု မရရင် ကျွန်မ စိတ်လုံစွာနဲ့ ကို့နောက် လိုက်ခဲ့ပါမယ်"

"မိုးရယ်"

"ကို ..."

"ပြော ..."





"ကျွန်မက မိဘမဲ့ တစ်ကောင်ကြွက် မိန်းကလေး တစ်ယောက်ပါ"

သူ့မအကြောင်းတွေကိုတော့ ကိုသိစေရန် ပြောပြထားမှဖြစ်တော့မည်။

အတိတ်အကြောင်းတွေပါ။

ချမ်းသာကြွယ်ဝသော ကိုသည် သူ့မအား လက်ခံနိုင်ပါ့မလား။

"ကျွန်မက ဆင်းရဲနွမ်းပါးတဲ့ မိသားစုကနေ မွေးဖွားလာတာပါကို"

"မင်းမိဘတွေကရော ..."

"ဆုံးသွားပါပြီ ..."

ဖေဖေ့သမီးလေးများလားဟု သူတွေးမိနေသည်။

ဆုံးသွားပြီတဲ့။

"မိုး ကိုစစ်မှူးပိုင်ဆီ ရောက်လာတာကြာပြီလားဟင်"

"မကြာသေးပါဘူးကို ... တစ်နှစ်လောက်ပဲ ရှိသေးတယ်"

ဖေဖေ့သမီး မဖြစ်နိုင်ဘူး။

ဆုံးသွားတာ ဆယ်နှစ်သမီးလောက်ကတဲ့။

နှစ်ပေါင်းများစွာ ကြာပြီပဲ။

ဖေဖေ့သမီး နာမည်ကိုလည်း သူမေးမထားမိပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အဖွားဆုံးသွားပြီးကတည်းက ကျွန်မကို သူနဲ့လက်ထပ်ဖို့ စီစဉ်ထားခဲ့တာပဲလေ"

သူထံမှ ကျွန်မကို လက်ထပ်ရန် အတိအလင်းမပြောထားသေးကြောင်း ပြောပြမိသည်။

အပွင့်လင်းဆုံးအဖြေတစ်ခုရရန် သူမ ကြိုးစားမည်ဖြစ်၏။

"သူက မင်းကို လက်ထပ်မယ်ဆိုရင်ရော မိုး ... "

"ကျွန်မ သူ့ကိုပဲ လက်ထပ်ရလိမ့်မယ်"

"မင်းရဲ့ ဝန်ခံရဲတဲ့သတ္တိတွေကိုတော့ ကိုယ် လေးစားတယ် မိုး"

ရိုးသားဖြူစင်တယ်။

သူမ မျက်နှာလေးကို စူးစိုက်စွာဖြင့် သူ ကြည့်နေမိသည်။

"ကို ... "

"ဟင်"

"ကျွန်မဘဝကို ရှင်လက်ခံနိုင်ပါ့မလားဟင်"

"မိုးရယ် ... မင်းဘာပဲဖြစ်နေဖြစ်နေ ကိုယ်သတ္တိရှိရှိမင်းကို လက်ထပ်မယ်"

"ရှင့်အသိုင်းအဝိုင်းတွေကရော ကျွန်မကို ရှင့်ရဲ့ဇနီးမယားအဖြစ် လက်ခံနိုင်ပါ့မလားဟင်"

မေမေကတော့ လက်ခံမှာမဟုတ်ဘူးဆိုတာ သိနေသည်။





"ကိုယ့်အသိုင်းအဝိုင်းတွေကို စိတ်မဝင်စားဘူးမိုး၊ မင်းကို မြတ်နိုးတယ်၊ အရာအားလုံး ကိုယ်ရင်ဆိုင်ရဲတယ်"

"ကို စိတ်ညစ်မှာ စိတ်သောကတွေရောက်မှာ ကျွန်မ ... ကြောက်နေမိသလိုပဲ"

"မိုးရယ် ... "

ကျွန်မ အမှန်အတိုင်းဝန်ခံရမယ်ဆိုရင် ကိုယ့်အပေါ် ချစ်မိသွားသည်။

ကြင်နာယုယတတ်သော ကို့မျက်ဝန်းတွေကို သူမ နှစ်သက်အမြတ်နိုးဆုံးပင် ဖြစ်၏။

အားကိုးတကြီးနှင့် ကို့ရင်ခွင်ထဲမှာ ကျွန်မ မှီတွယ်ချင်သည်။

မဖြစ်နိုင်ပါဘူး။

ကိုစစ်မှူးပိုင်က သူမဘဝတစ်စိတ်တစ်ဒေသအား ပိုင်ဆိုင်ထားသဖြင့် သူမ ကို့ရင်ခွင်ထဲမှ ရုန်းထွက်ခဲ့မိသည်။

"ကို"

"မိုး ... "

"ပြန်တော့နော်"

"မနှင်ပါနဲ့ မိုးရယ် ... "

"ကိုစစ်မှူးက ကျွန်မနဲ့လက်ထပ်ဖို့ သတ္တိရှိမှာ မဟုတ်ပါဘူး ကို"



www.burmeseclassic.com

www.burmeseclassic.com



“သတ္တိရှိနေမယ်ဆိုရင်ကော …”

“ကျွန်မဘက်က ငြင်းဆန်နိုင်တဲ့အင်အားတွေ မရှိပါဘူးကို ရယ်”

သူကတော့ မိုးစက်ပွင့် ဘယ်လိုဘဝမျိုးပဲဖြစ်ဖြစ် သူ့ဘဝထဲသို့ ခေါ်ဆောင်သွားဖို့ ဆုံးဖြတ်ပြီးသား ဖြစ်သည်။

“ကိုကို မိုးဓာတ်ပုံလေး တစ်ပုံ ပေးလိုက်ကွာ”

“မိုးမှာ ဓာတ်ပုံတစ်ပုံမှ မရှိဘူးကို … ဆယ်နှစ်သမီးလောက်က ရိုက်ထားတဲ့ပုံပဲရှိတယ်”

“ဘာပဲဖြစ်ဖြစ် ကိုယ့်ကို အမှတ်တရပေးပါ”

သူမ ဆယ်နှစ်သမီးအရွယ်မှ ဓါတ်ပုံလေးကို အမှတ်တရပေးမိသည်။

သူက လည်ပင်းမှ ဆွဲကြိုးလေးကိုဖြုတ်ပြီး အမှတ်တရပေးခဲ့၏။

“မိုး လက်မခံပါရစေနဲ့ကို … မလိုချင်ပါဘူး၊ ကို့မျက်ဝန်းတွေက ကျွန်မအတွက် အမှတ်တရတွေပါပဲ”

ကျွန်မ …

ယောက်ျားတစ်ယောက်ထံမှ ဘာလက်ဆောင်ပစ္စည်းမှယူဖို့ ဆန္ဒမရှိပေ။

ရိုးသားဖြူစင်တဲ့ချစ်ခြင်းမေတ္တာတွေ လိုအပ်သည်။





“မင်းဆန္ဒမပါဘဲ ကိုယ် ဘာမှမလုပ်ချင်ဘူး မိုး”

ကိုက အလိုက်သိတတ်စွာ ဆွဲကြိုးကို ပြန်သိမ်းလိုက်သည်။

ကျွန်မရဲ့ ဆန္ဒတွေကို ဦးစားပေးတတ်တဲ့ ရှင့်အကျင့်စရိုက်တွေကို ကျွန်မ နှစ်သက်မြတ်နိုးမိတာပါ။

“ကို … ပြန်တော့”

“မိုး …”

“ဟင်”

“တစ်ပတ်လောက်ကြာရင် ကိုယ် မိုးဆီထပ်လာခဲ့မယ်”

“မိုးပဲ ကို့ဆီ လာခဲ့မယ်”

“ကို စိတ်မချဘူး”

“စိတ်ချပါကိုရယ် … မိုး ဆုံးဖြတ်ပြီးသွားပါပြီ၊ တွေဝေတုံ့ဆိုင်းနေတတ်တဲ့ ယောက်ျားတစ်ယောက်ကို မိုး ဘယ်တော့မှ လက်မထပ်ပါဘူး”

မိုး မြတ်နိုးတွယ်တာရာက ကိုပါဟု ယုံကြည်စေရန် အထပ်ထပ်ပြောပြနေမိသည်။

“မိုး စိတ်မချတာ တစ်ခုပဲရှိတယ် ကို …”

“ဘာများလဲ မိုး …”

“မိုးကြောင့် ကို့မိဘတွေနဲ့ ပဋိပက္ခဖြစ်ရမှာမျိုးပဲ”

“မိုး ဘာကိုမှ ဂရုစိုက်စရာမလိုဘူးကွာ၊ ကိုယ့်မှာအင်အား



www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိတယ်၊ သတ္တိတွေရှိတယ်၊ တစ်ခုပဲရှိတယ်မိုး … ကိုယ့်မေမေ ဒေါ်မမနှင်းကတော့ မာနကြီးတယ် မိုး …”

“ဟင် …”

ကို့မေမေက ဒေါ်မမနှင်းဖြစ်နေ၍ အထိတ်တလန့် မော်ကြည့်မိသည်။

“ကို့မေမေနာမည် … နာမည်ကဘယ်သူ …”

“ဒေါ်မမနှင်းလေ … မိုးနဲ့သိလို့လား …”

“ဟင့်အင်း … မသိပါဘူး”

ကိုက ဒေါ်မမနှင်းသားပဲ။

ဒေါ်မမနှင်းမှာ သားတစ်ယောက်ရှိတယ်ဆိုတာ သူမ သိထားသည်။

သူမနှင့်နီးစပ်သွားမှာစိုး၍ ဒေါ်မမနှင်းက အဝေးမှာပင်ထားခဲ့၏။

ရှင်က ဒေါ်မမနှင်းရဲ့သားပဲ။

ကို့လိပ်စာက သူမနေထိုင်ခဲ့ဖူးသောခြံရဲ့ လိပ်စာပင်။

သေချာနေသည်။

သူမအား အဖက်မတန်သလို ဆေးဖော်ကြောဖက် မလုပ်ခဲ့သော ဒေါ်မမနှင်းရဲ့သားက သူမကို ချစ်မြတ်နိုးနေ၏။

လက်ထပ်ခွင့် တောင်းနေသည်။





ရှင်လက်ထပ်တဲ့မိန်းမက ကျွန်မဆိုတာ သိသွားရင် ဒေါ်မမနှင်း သေလောက်အောင် ရွံ့ရှာမုန်းတီးသွားမှာပဲ ဖြစ်၏။

သူမ ကြေကွဲစွာ သူ့မျက်နှာကို ကြည့်မိနေသည်။

ကို …

ကျွန်မ ဘာဆက်လုပ်ရမှာလဲ။

ဒေါ်မမနှင်းရဲ့သားကို ကျွန်မ ဘယ်နည်းနဲ့မှ လက်ထပ်လို့ မဖြစ်တော့ဘူး။

“ကို ပြန်မယ်မိုး … မိုးရဲ့ ဆုံးဖြတ်ချက်တွေကို ကိုယ်ယုံကြည်စွာနဲ့ စောင့်နေမယ်နော်”

သူမ ဘာဖြစ်လို့များ ကို့ကို မိုးက ကိုတို့အိမ်ဖော်ရဲ့ အိမ်ဖော်မကြီးမြေးပါလို့ မပြောမိလိုက်တာလဲ။

ကျွန်မ ရှင့်ကိုချစ်တယ်။

ဒါပေမဲ့ …

ဒေါ်မမနှင်းကိုတော့ မုန်းတယ်။

ကိုသည် သူမကိုနှုတ်ဆက်ပြီး ထွက်သွားတော့သည်။

❖-------❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

သူမ ...

ကြေကွဲထိခိုက်စွာ ငိုမိသည်။

ကံကြမ္မာတွေပဲလား ...

သူမဘဝတစ်သက်တာတွင် ဘယ်တော့မှ မေ့ပျောက်မသွားနိုင်သော အကြောင်းအရာတွေသာ ဖြစ်ခဲ့သည်။

အခု ...

ဒေါ်မမနှင်းသားနှင့်မှ သူမ ဆုံစည်းခဲ့ရ၏။

မိုး ဘယ်လိုဆုံးဖြတ်ရမှာလဲ ကို။

ဟင့်အင်း ...

ဒေါ်မမနှင်းသားကို ကျွန်မ ဘယ်တော့မှ လက်မထပ်ဘူး။

မိုးစိတ်ထဲမှာ ကိုကို့စိတ်သောကတွေ မရောက်စေချင်ပါဘူး။

"တီ ... တီ"





ကိုစစ်မှူးပိုင် ပြန်လာပြီဖြစ်ကြောင်း သူမ သိလိုက်သည်။

မျက်ရည်တွေ သုတ်ပစ်လိုက်၏။

ချစ်စုလည်း လိုက်လာသည်။

ရှင်လည်း သတ္တိမရှိပါဘူး။

ပတ်ဝန်းကျင်က ရိုက်ခတ်တဲ့ဒဏ်တွေကို ရှင် မခံစားနိုင်ပါဘူး။

မမချစ်စု အသံတွေက တစ်ခြံလုံးသို့ ဖုံးလွှမ်းသွားတော့သည်။

"ဟိုကောင်မလေး မိုးစက်ပွင့်ရော ... ဘာလုပ်နေလဲ"

သူမ အိပ်ခန်းဆီသို့ဦးတည်၍ ရောက်လာသည်။

"မိုးစက်ပွင့် ... မိုးစက်ပွင့်"

"ဒေါက် ... ဒေါက် ... "

"ကောင်မလေး ... "

"ဒေါက်ဒေါက် ... "

"ဘာလုပ်နေလဲ မိုးစက်ပွင့်"

မမချစ်စု အသံတွေက အစေအပါးတစ်ယောက်ကို လာခေါ်နေသကဲ့သို့ တင်းမာခက်ထန်နေသည်။

သူမ တံခါးဖွင့်ပေးလိုက်၏။

"ကျွန်မ ရေချိုးခန်းထဲ ဝင်နေလို့ပါ မမ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်စုကလည်း မိုးစက်ပွင့်ကို ဘယ်လိုပထုတ်ရမလဲဆိုတာ စဉ်းစားနေမိသည်။

ဒီကောင်မလေးအပေါ် ကိုစစ်က စွဲလမ်းမြတ်နိုးနေ၏။

"မင်း အဝတ်အစား မြန်မြန်လဲပြီး အိမ်သန့်ရှင်းရေးလုပ်ထား"

ဒီမိန်းကလေးရဲ့ လုပချော‌မောမှုတွေက မိန်းကလေးချင်းတောင် ငေးကြည့်ရမည်။

ချစ်စု မနာလို ဝန်တိုဖြစ်မိသည်။

"လာခဲ့ ..."

သူမ ဘယ်လိုပဲနေနေ ချစ်စရာကောင်းလွန်းနေသည်။

"မိုးစက်ပွင့်"

"ရှင် ..."

"ညည်း ဘာဖြစ်လို့ ဒီမှာတွယ်ကပ်နေရတာလဲ"

"ရှင် ..."

"ကိုစစ်ကို ဂုဏ်သိက္ခာညှိုးငယ်အောင် မလုပ်စေချင်ဘူး မိုးစက်ပွင့် ..."

"ရှင် ..."

"ဘာရှင်လဲ"

ကျွန်မကလည်း မနေချင်ပါဘူးလို့ ပြောလိုက်ချင်၏။

နှုတ်ခမ်းလေးတွေက မဟ။





"ညည်းမှာ ပိုက်ဆံမရှိရင် မမပေးမယ်၊ တစ်နေရာရာကို ထွက်သွားပါလား မိုးစက်ပွင့် ..."

"ရှင်"

"ဒုက္ခပါပဲအေ"

ချစ်စုကို ဘယ်လိုပထုတ်ရမလဲဆိုတာ စဉ်းစားနေမိ၏။

ကိုစစ်ကလည်း ပြောမရ၊

ဒီကောင်မလေးကို မဖြစ်မနေ စောင့်ရှောက်ထားရမှာတဲ့။

"ကိုစစ်က ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်နော် သူ့မှာ နင်နဲ့ပတ်သက်ပြီး ဘယ်လောက်ထိသိက္ခာကျမလဲ"

"ကျွန်မ ... ကျွန်မ ..."

သူမဘဝတွင် ကိုစစ်မှုးပိုင်ကလွဲပြီး အားကိုးမရှိ။

ကိုက ဒေါ်မမနှင်းရဲ့သား ဖြစ်နေ၏။

"ညည်း ... ထွက်သွားပါ မိုးစက်ပွင့်"

ကျွန်မ ထွက်သွားဖို့ ဆုံးဖြတ်ပြီးသားပါ မမချစ်စုရယ်။

မမချစ်စုပဲ ကိုကို့ပတ်ဝန်းကျင်မှာ သင့်တော်ပါတယ်။

"လာစမ်းအေ"

သူမလက်ကိုဆွဲပြီး အောက်ထပ်သို့ ခေါ်လာခဲ့သည်။

"ညည်းဟာ အိမ်ရဲ့အစေအပါးဆိုတာ သိစေရမယ်"

ကျွန်မကလည်း ဘဝအမှန်တွေကို လက်ခံစေချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်သန့်ရှင်းရေးလုပ်ဖို့ ပြင်ဆင်လိုက်ချိန်မှာပဲ ကိုကိုရောက်လာပြီး မျက်လုံးပြူးကြီးတွေနှင့် ကြည့်သည်။

မလုပ်နဲ့ဟု မပြော။

"ကောင်မလေးကို အချောင်ခိုတဲ့စိတ်ဓာတ်တွေ မရှိအောင် ချစ်စု လေ့ကျင့်ပေးနေတာ"

သူ ကောင်မလေးကိုပဲ မကျေမနပ် ဖြစ်မိနေသည်။

ချစ်စုခိုင်းတာ လုပ်နေတာကပင် အောက်တန်းကျနေ၏။

ဒုက္ခပါပဲကွာ ...

ဒီကောင်မလေးကို ဘယ်လိုပြောဆိုဆုံးမရမှန်း မသိတော့။

သူ ဒေါသဖြစ်တာလည်း မပြောနှင့်။

ချစ်စုကိုလည်း ပြတ်ပြတ်သားသား ပြောရမှာ ခက်နေသည်။

မိုးစက်ပွင့်ပဲ ...

ဒီကောင်မလေးမှာ ဘာဖြစ်လို့ မာန်မာနတွေ ရှိမနေရတာလဲ။

"မိုးစက်ပွင့်"

"ရှင် ..."

"အိမ်မှုကိစ္စတွေ နိုင်နင်းအောင် ညည်းကို လေ့ကျင့်ပေးရမှာပဲ"





ကျွန်မ လုပ်ရမှာပဲ။

ရှင်ကတောင် ဟန့်တားပိတ်ပင်တာမျိုးတွေမှ မရှိတာ။

ချစ်စုက ရှင့်လူ။

ကျွန်မအပေါ် အနိုင်ကျင့်နေတာ ရှင်ဘာဖြစ်လို့ ကြည့်နေရတာလဲ။

"ချစ်စု"

"ဘာလဲ ကိုစစ် ..."

"ကိုယ့်အတွက် စားစရာတစ်ခုခု သွားလုပ်ပေးစမ်းပါ"

ချစ်စုကို အနားကနေ ပထုတ်ပစ်လိုက်သည်။

"မိုးစက်ပွင့်"

သူမ မော်ကြည့်မိသည်။

"မင်း ... ဘာဖြစ်လို့ ချစ်စုခိုင်းတာတွေ လုပ်နေရတာလဲ"

"ကိုကိုရော မမချစ်စုခိုင်းတာတွေ ဘာလို့မတားဆီးရတာလဲ"

သူမ မေးတဲ့မေးခွန်းကို ဘယ်လိုပြန်ဖြေရမှန်းပင် မသိ။

ဟုတ်တယ် ...

ကိုကို မတားဆီးနိုင်ဘူး။

ချစ်စုနဲ့ရင်ဆိုင်နိုင်တဲ့ အင်အားတွေ မရှိအောင် ဖြစ်နေသည်။

"ကိုကို တားတားမတားတား ချစ်စုခိုင်းနေတာ မင်းမလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲနေလိုက်”

“ကျွန်မက ကိုကို့အိမ်က အစေအပါးတစ်ယောက်ပါ”

“တော်စမ်း ...”

သူ ...

အော်ပစ်လိုက်သည်။

“မင်း သွားတော့ ...”

“ကိုကို”

“ပြော ...”

“ကျွန်မကို အိမ်ဖော်မကြီးမြေးတစ်ယောက်အဖြစ် ကိုကို လက်ခံပါ”

“လက်မခံဘူးကွာ ... အဲဒီကိစ္စကို မင်းဦးနှောက်ထဲမှာ မရှိစေရဘူး၊ အခု မင်းက ချမ်းသာနေပြီပဲ”

“အမှန်တကယ်မှ မဟုတ်တာဘဲ ကိုကို”

“မိုး”

မမချစ်စုထွက်လာတော့ ကိုကို ငြိမ်သက်သွားသည်။

ကျွန်မ လက်မခံနိုင်တာ အဲဒါပဲ ကိုကိုရယ်။

“ဟဲ့ကောင်မလေး ... လုပ်စရာရှိတာ သွက်သွက်လက်လက်လုပ်နော်”

ချစ်စုကလည်း ကောင်မလေးရဲ့နိမ့်ကျတဲ့ဘဝကို ဖော်ထုတ်





ပြောဆိုနေမိခြင်းသာ ဖြစ်သည်။

ကိုစစ်ကို မိုးစက်ပွင့်လို မိန်းမမျိုးနှင့် အဖြစ်မခံနိုင်ပေ။

“ကိုစစ်”

“ဟင် ...”

“အိမ်ပေါ်တက်မယ်”

ကိုစစ်ကိုခေါ်ပြီး အိမ်ပေါ်ထပ်တက်လာခဲ့သည်။

ကိုစစ် ဘာမှမပြောရဲ။

အပေါ်ထပ်သို့လိုက်ပြီး တက်လာသည်။

“ကိုစစ်ကို ချစ်စုတစ်ခုပြောမယ်နော်”

“ပြောလေ ...”

“ကိုစစ် ပညာအရည်အချင်းတွေ ဂုဏ်သိက္ခာတွေနဲ့ ဒီကောင်မလေးကို လက်မထပ်သင့်ဘူး”

“ချစ်စု”

“မဖြစ်ဘူး ... ကိုစစ်ကို တစ်ယောက်တည်းထားလို့ မဖြစ်တော့ဘူး”

“မိုးစက်ပွင့်က ကိုယ်လက်ထပ်မယ့် မိန်းကလေးတစ်ယောက်မဟုတ်ဘူး သူငယ်ချင်း ...”

“တကယ်လား ကိုစစ်”

ကိုယ် မဖြေချင်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စု ပါးစပ်တွေကိုတော့ သူအကြောက်ကြီး ကြောက်နေမိသည်။

"ကိုစစ်အနားမှာ ချစ်စုနေမှ ဖြစ်တော့မယ်"

ကိုယ်ကတော့ ချစ်စုရှိနေတာ စိတ်အနှောက်အယှက်ဖြစ်နေသည်။

ကိုထွန်းကြောင့်ပဲ ...

"ချစ်စုကတော့ ကိုစစ် မလုပ်သင့်တာတွေ မလုပ်မိအောင် တားဆီးပစ်ရမှာပဲ"

"မိုးစက်ပွင့် ကိစ္စကို ကိုယ်တို့မဆွေးနွေးဘဲနေရအောင်"

"မရဘူး"

"ကိုယ် တောင်းပန်ပါတယ် ချစ်စု ... အဲဒီအကြောင်းတွေကို မပြောပါရစေနဲ့"

"ကိုစစ် ချစ်စုကို လက်ထပ်ပါ ..."

ပေါ်တင်ကြီးပြောလာတဲ့ ချစ်စုကို ကိုယ် အံ့ဩစွာကြည့်မိသည်။

ချစ်စုက ဂုဏ်သရေရှိတဲ့ မိန်းကလေးဖြစ်ပေမယ့် အကျင့်စရိုက်တွေကိုတော့ လုံးဝ အထင်မကြီးပါ။

အချစ်ဆိုတာလည်း ချစ်စုနှင့်ပတ်သက်ပြီး ခံစား၍မရခဲ့။

"ကိုစစ် တစ်ယောက်တည်းနေရင် ပတ်ဝန်းကျင်မှာ မျက်နှာ





ဖော်ရဲအောင် အရှက်သိက္ခာကျရတော့မယ် ကိုစစ်ရယ်"

"မဖြစ်နိုင်ဘူး ချစ်စု"

"ဘာပြောတယ် ကိုစစ်"

"ငါ နှင့်အပေါ် သူငယ်ချင်းတစ်ယောက်လိုပဲ ခင်ချင်တယ်"

"နှင် မိုးစက်ပွင့်လို အိမ်ဖော်မကြီးရဲ့မြေးကို လက်ထပ်ချင်တာမဟုတ်လား"

ချစ်စုက ဒေါသတကြီးနှင့် အော်ဟစ်ပစ်ရေ သည်။

မင်း ဘာဖြစ်လို့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေမှာ ဝင်စွက်ဖက်ချင်နေရတာလဲ ချစ်စု။

မိုးစက်ပွင့်က ကိုယ့်နှလုံးသားထဲက မိန်းကလေး။

ခေါင်းကိုသာ ခါရမ်းပြမိသည်။

မဖြစ်နိုင်ဘူး ချစ်စု ...

သူ့ ချစ်မြတ်နိုးစွာ လက်ထပ်မည့်သူက မိုးစက်ပွင့်ပဲဖြစ်သည်။

❖.......❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၈ )

"မိုး ..."

"ရှင် ..."

"ကိုကို မိုးကို လက်ထပ်မယ်"

"ရှင် ..."

သူမ ပြုံးကျယ်ဝိုင်းစက်သော မျက်ဝန်းလေးတွေနှင့် ကြည့်မိသည်။

ကိုကို ဘာဖြစ်လာတာလဲ။

မမချစ်စု ပြန်သွားသည်နှင့် သူမထံ အရေးတကြီး ရောက်လာသည်။

"အခုပဲ တရားရုံးမှာ ကိုကိုနဲ့မိုး လက်ထပ်ကြမယ်"

"ကိုကို"

"ဟင် ..."





"ပတ်ဝန်းကျင်မှာ ကဲ့ရဲ့ရှုတ်ချမှုဒဏ်တွေကို ရင်ဆိုင်နိုင်လို့လားဟင်"

အကြည့်ချင်း ဆုံမိသွားစဉ်မှာပင် ကိုကို့မျက်ဝန်းတွေ ညို့မှိုင်းသွားသည်။

"ကိုကို ရင်ဆိုင်မယ်"

"ရှင် ..."

"ကိုကိုချစ်တာ မိုးပဲဆိုတာ တဖြည်းဖြည်းနားလည်လာရတယ် မိုး ..."

ကိုယ့်ရင်ထဲမှာ မွန်းကျပ်နေသောစကားတွေကို ဖွင့်ပြောလိုက်မိသည်။ ချစ်စုကိုတော့ ကိုယ်လက်ထပ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ ကိုကို့ဘဝမှာ ပကာသနတွေ မလိုအပ်တော့ဘူးထင်တယ်။

"မိုး"

"ရှင်"

"ကိုကို့ကို လက်ထပ်ဖို့ မိုးလက်ခံတယ် မဟုတ်လား"

မိုးစက်ပွင့် မျက်ဝန်းလေးတွေက အရောင်မဲ့လွန်းနေသည်။

အချစ်တွေနှင့် ရှုန်းလဲ့တောက်ပသင့်သည်ဟု ထင်မိ၏။

မင်းဘက်က အမြဲတမ်းအေးစက်နေတာ ကိုယ်မုန်းဆုံးပဲ။

"ပြောလေ မိုး ..."

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ပြော ..."

"မိုးက ကိုကိုလက်ထပ်သင့်တဲ့ မိန်းကလေးမဟုတ်ပါဘူး ကိုကို့သိက္ခာတွေ နိမ့်ကျသွားမှာစိုးတယ်"

ကိုကို့အပေါ် သူမ သံယောဇဉ်တွယ်မိသွားမိသည်။

အချစ်ဆိုတာတော့ မရှိသေး။

သူ ...

ကိုရန်မခ။

ကျွန်မနှလုံးသားတွေထဲမှာ စွဲလမ်းမြတ်နိုးစွာ ချစ်မိခဲ့သည်။

ကိုကို ချစ်တယ်။

ဒါပေမဲ့ ...

သူမ အမုန်းတီးဆုံး ဒေါ်မမနှင်းရဲ့သား ဖြစ်နေသည်။

"ဘာပဲဖြစ်ဖြစ် ကိုကို ဘာကိုမှ ဂရုမစိုက်တော့ဘူး၊ အားလုံးနဲ့ရင်ဆိုင်မယ်"

ကိုကို့ဘက်မှ သတ္တိရှိစွာဖြင့် ရင်ဖွင့်လာတော့သည်။

"မိုး ..."

"ရှင် ..."

"ကိုကို့ကို ချစ်လား"

"ကိုကို့ဆန္ဒတွေကို မိုးဘယ်တော့မှ မလွန်ဆန်ပါဘူး"

"မိုးဆီက အချစ်တွေ သံယောဇဉ်တွေကိုပဲ ကိုကို လိုအပ်တယ်"

ကျွန်မမှာ ရှင့်ကိုမချစ်ဘူးဆိုတဲ့အဖြေပဲ ရှိပါတယ်။

ဖွားရဲ့ဆန္ဒတွေကို ကျွန်မ ဖြည့်ဆည်းပေးတာပါ။

"ကိုကို့ကိုချစ်တယ်ဆိုတဲ့ အသံလေး မင်းနှုတ်ခမ်းလေးက ထွက်ကျလာတာ ကိုကို ကြားချင်တယ်ကွာ"

သူက ဇွတ်အတင်း မေးနေသည်။

သူမက ငြိမ်သက်နေမိ၏။

ကိုကို့ကိုချစ်တယ်ဟု အဖြေပေးရမှာ ဝန်အလေးဆုံးဖြစ်နေရသည်။

ကျွန်မချစ်တာ ရန်မခ။

ဒေါ်မမနှင်းရဲ့သားဆိုတဲ့ အကြောင်းတစ်ခုတည်းနှင့်ပဲ ကိုကို ကျွန်မ စွန့်လွှတ်လိုက်တာပါ။

"ဖြေလေ မိုး ..."

"အချစ်ဆိုတာတွေကို မပြောပါနဲ့ ကိုကို"

"ဘာ ..."

"ဖွားရဲ့ဆန္ဒအရ မိုး ကိုကို့နဲ့ လက်ထပ်ဖို့ သဘောတူပါတယ်"

"ဘာကွ"

ကိုကို့ကို သူမ ဘယ်တုန်းကမှ မချစ်ခဲ့ဘူးဆိုတာ သိထားသင့်သည်။







www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ် ...

ကျွန်မချစ်တာ ကို ...

"မိုးစက်ပွင့် ကိုယ့်ကို ဒေါသတွေဖြစ်အောင် မနှိုးဆွပါနဲ့"

သူ ...

ဒေါသတကြီးနှင့် မိုးစက်ပွင့် ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ခါပြီး မေးမိသည်။

"မင်းချစ်တာက ဟိုရန်မခဆိုတဲ့ကောင်ကို မဟုတ်လား မိုးစက်ပွင့်"

မင်းမျက်ဝန်းတွေက အဖြေပေးနေတာပဲ မိုးစက်ပွင့်ရယ်။

"ကိုကို"

"ဟာင်"

"မိုး ကိုရန်မခကို ဘယ်တော့မှ လက်မထပ်ဘူး"

သူ ...

သူမရှေ့မှာ ထိုင်မိသည်။

အကြည့်တွေက စူးစိုက်နေ၏။

"ဘယ်ယောကျ်ားကမှလည်း ငါ့ရင်ခွင်ထဲက မင်းကိုဆွဲထုတ်ပိုင်ခွင့် မရှိဘူး"

မိုးစက်ပွင့် မျက်ဝန်းထဲမှာ လှုပ်ရှားမှုတွေ ကင်းမဲ့နေသည်။

"မိုး"





"ရှင် ..."

"မိုး ကိုကို့ရင်ခွင်ထဲမှာပဲ နေမယ်မဟုတ်လား"

"မိုး ကိုကို့ဆန္ဒတွေကို ဘယ်တော့မှ မလွန်ဆန်ပါဘူး"

သူမထံမှ အချစ်တွေကို သူတောင်းဆိုစရာ မလိုပေ။

ရမှာပဲ ...

"ကိုကို"

"ပြောလေ ..."

"မိုးကို စိတ်မဆိုးနဲ့နော်၊ မိုး ကိုကို့ကို တစ်ခုလောက် အကြံပေးချင်လို့ ..."

ထိုစကားက ဆန်းနေ၍ စစ်မှူးပိုင် စိတ်ဝင်စားသွား၏။

"ပြောပါ မိုး ..."

"ကိုကို ဘာကယ်လက်ထပ်သင့်တာ မမချစ်စုပါ။ အလိုက်ဖက်ဆုံးပါပဲ"

"ဘာပြောတယ် ..."

သူ ဒေါသကိုထိန်း၍ ငြိမ်သက်လိုက်ရသည်။

မိုးနှင့် စကားမများချင်တော့။

ခေါင်းကိုသာ ခါယမ်းပြမိသည်။

ချစ်စုက အတ္တကြီး၏။

လူတွေအပေါ် နိုင်ထက်စီးနင်း ဆက်ဆံချင်တဲ့စိတ်ရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်ပဲ။

ကိုယ် အထင်မကြီးဘူး။

အချစ်ဆိုတာတွေဟူလည်း သူနဲ့ပတ်သက်ပြီး ဘယ်တော့မှ ဖြစ်လာမှာမဟုတ်။

"ချစ်စုနဲ့ကိုယ် ဘယ်တော့မှ လက်မထပ်ဘူးမိုး၊ မိုးကိုပဲ ကိုကို ချစ်တယ် ... တစ်ခုပဲရှိတယ်၊ ကိုယ် သတ္တိနည်းခဲ့တယ်"

သူ့ကိုယ်သူ အားမရ။

မင်းသား အဆင့်အတန်းရှိရှိ နေထိုင်မယ်ဆိုလျှင် ကိုကို့မျက်နှာငယ်ရမှာ မဟုတ်ဘူး။

"ကိုကို ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး၊ တစ်ခုပဲရှိတယ်၊ ကိုကို ဖြစ်စေချင်တဲ့အတိုင်းအတာအထိ မိုးဘက်က ကြိုးစားပေးပါ"

"မဖြစ်နိုင်ဘူး ကိုကို"

"ဘယ်လိုပြောလိုက်တာလဲ ... "

"လူတစ်ယောက် ပိုင်ဆိုင်ထားတဲ့ဘဝကို ကိုကိုဘယ်နည်းနဲ့မှ ချေဖျက်ပစ်လို့မရဘူး ကိုကို"

"ရတယ်ကွာ ... ကိုကို ရအောင်ချေဖျက်ပစ်မယ်"

သူ ...

ဖွတ်တရွတ်ပင်။

သူမကို သူ့အခြေအနေနှင့် ညှိယူရန် ကြိုးစားကြည့်ချင်မိ





သည်။

"ကိုကိုက ကျွန်မကို ဒီအခြေအနေမျိုးနဲ့ ဘာဖြစ်လို့ လက်မထပ်ချင်ရတာလဲ"

သူ တွေဝေသွားမိသည်။

"ကိုကို ... "

"ဟင် ... "

"မိုးကို ဒီကနေ ထွက်ခွာခွင့်ပြုပါ"

"မသွားရဘူး ... မသွားရဘူး၊ မင်း ကိုကို့အနားကနေ ထွက်မသွားရဘူး"

သူ ...

အပြင်ပြန်ထွက်သွားသည်။

သူမ ဘာမှပြန်မပြောသာတော့ဘဲ ကျန်ခဲ့တော့၏။

မျက်ရည်တွေသာ သူမ မျက်ဝန်းတွေထဲမှ လိမ့်ဆင်းကျလာသည်။

❖----------❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၉ )

"ဒီဓာတ်ပုံလေးက ဘယ်သူ့ဓာတ်ပုံလေးလဲ သား"

"မိုးစက်ပွင့် ဓာတ်ပုံလေးပါ ဖေဖေ"

"မိုးစက်ပွင့် ..."

မိုးစက်ပွင့်ဆို၍ စိတ်ဝင်တစား ဖြစ်သွားမိသည်။

မိမိ သမီးလေး ဓာတ်ပုံပဲ။

မိုးစက်ပွင့် ...

သမီးလေးနာမည် မိုးစက်ပွင့်။

"သား ဒီဓာတ်ပုံလေးကို မင်းဘယ်ကရလာတာလဲ"

သူ ...

တအံ့တသြ မေးမိသည်။

ဒီဓာတ်ပုံလေးကို သူသေသေချာချာ မှတ်မိနေ၏။

သမီးလေးပုံ။





သူ နိုင်ငံခြားသွားကာနီးတွင် ရိုက်ယူသွားခဲ့သောပုံ။

"ဖေဖေ့မှာလည်း ဒီဓာတ်ပုံမျိုး ရှိတယ် ... ကြည့်စမ်း"

ဖေဖေ့ဆီမှာလည်း မိုးစက်ပွင့်ဓာတ်ပုံလေး တွေ့သွား၍ အံ့သြသွားမိသည်။

"မိုးစက်ပွင့်က ဖေဖေ့သမီးလေးလားဟင်"

ဦးကျော်စံ ဝမ်းသာအားရ ဖြစ်သွားမိတော့သည်။

"မိုးစက်ပွင့်က ဖေဖေ့သမီးလေးပဲ၊ သမီးလေးဘယ်မှာလဲ ဖေဖေတို့ သွားခေါ်ကြမယ်"

ဦးကျော်စံသည် စီးပွားရေးအရ အောင်မြင်နေသည်။

သမီးလေးကို တင့်တင့်တယ်တယ် ထားနိုင်ပြီဖြစ်၏။

"မိုးက ဒေါ်မမနှင်းသားလဲဆိုရော သားနဲ့လက်ထပ်ဖို့ ငြင်းဆန်တော့တာပဲ"

"ဟုတ်တယ် သား ... ဖေဖေ့သမီးလေး အသေအချာပဲ"

ဦးကျော်စံ ထလိုက်၏။

သမီးလေးကို သွားခေါ်ရမှာပဲ။

"ဖေဖေ့ရင်ထဲမှာ သမီးလေးအတွက် ဘယ်လောက်သောကတွေ ခံစားနေရလဲ"

မမနှင်းနှင့်လည်း တရားဝင် ကွာရှင်းပြီးပြီဖြစ်သည်။

စည်းစိမ်ဥစ္စာတွေ ထားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မမနှင်းက ငွေပဲ။

သားကိုတော့ ချစ်မိသည်။

"မိုးစက်ပွင့်ဆီ ဖေဖေတို့ သွားကြမယ်"

"ကိုစစ်မှူးပိုင်က တွေ့ခွင့်ပေးပါ့မလား ဖေဖေ"

"ဘာဆိုင်လဲ ... မိုးစက်ပွင့်က ဖေဖေ့သမီးလေးပဲဟာ"

ဦးကျော်စံကတော့ သမီးလေးနှင့် တွေ့ချင်နေမိသည်။

ဝမ်းသာနေ၏။

"ဖေဖေက သမီးလေးအပေါ် တာဝန်မကျေခဲ့သမျှ အခု တော့ နှစ်ဆတိုးပြီး ချစ်ပြရမယ်"

မိမိရှာဖွေထားသော ပစ္စည်းတွေသည် သမီးလေးအတွက်ပဲ ဖြစ်နေ၏။

ဘာမှ ပူစရာမရှိတော့။

"မိုးစက်ပွင့်ဆီ သားတို့သွားကြမယ်လေ ဖေဖေ"

"မင်း နေခဲ့တော့သား ... ဖေဖေပဲ သွားတွေ့မယ်"

"သားလဲ လိုက်ခဲ့မယ်လေ ဖေဖေ ..."

"မလိုက်နဲ့သား ... သမီးလေးနဲ့မင်း ပတ်သက်နေတာ မင်း အမေ မမနှင်းက သဘောကျမှာမဟုတ်ဘူး"

"ဖေဖေ"

"ဘာလဲသား ..."





"မိုးကို သားလက်ထပ်ပါရစေ"

"မဖြစ်နိုင်ဘူးသား ... မမနှင်းနဲ့ ဖေဖေ ထပ်ပြီးပြဿနာ အဖြစ်မခံနိုင်ဘူး၊ သမီးလေးဘဝ အေးချမ်းပျော်ရွှင်စွာနေပါစေ သား ရယ်"

"သား လုံးဝလက်မခံနိုင်ဘူး၊ မိုးက သားချစ်သူပဲ ..."

သားကိုလည်း ဦးကျော်စံ ဘဝပျက်မှာ စိုးမိသည်။

"သား ..."

"ဟုတ် ..."

"သမီးလေးဆန္ဒအတိုင်း ဖေဖေစီစဉ်ပေးပါ့မယ်၊ လောလော ဆယ်တော့ ဖေဖေတစ်ယောက်တည်းပဲ သွားတွေ့ပါရစေ"

သားကို ဖျောင်းဖျပြီး ထားခဲ့ရတော့သည်။

စိတ်မကောင်းပါဘူး သား။

မင်းအမေ မမနှင်းနဲ့ထပ်ပြီး မပတ်သက်ချင်တာပါ။

ဦးကျော်စံ သားပေးတဲ့လိပ်စာအတိုင်း ထွက်လာခဲ့သည်။

ခြံကျယ်ကြီးနှင့် အဆောက်အဦတိုက်ကပင် ထိုသူငယ်ရဲ့ ချမ်းသာကြွယ်ဝမှုတွေကို ပြနေ၏။

သမီးလေးအပေါ် ဂရုတစိုက်ရှိသော အိမ်ဖော်မကြီး ဒေါ် အေးတင်ကိုလည်း တွေ့ချင်မိသည်။

ခြံပြင်မှာရှိသော လူခေါ်ဘဲလ်ကို နှိပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့ တွေ့ချင်လို့လဲ အန်ကယ် ..."

ခြိစောင့်ကောင်လေးတစ်ယောက်က လာမေးသည်။

"မောင်စစ်မှူးပိုင်နဲ့ တွေ့ချင်လို့ပါ"

"ခဏလေး ..."

ဦးကျော်စံ စိတ်ထဲမှာ အတော်လေး စိတ်လှုပ်ရှားနေမိသည်။

သမီးလေးက မိမိကိုတွေ့လျှင် ဝမ်းသာအားရ ဖြစ်သွားပါ့မလား။

"အန်ကယ် ဝင်ပါ ..."

မိမိတိုက်ထဲ ဝင်လာတဲ့အချိန်တွင် ဧည့်ခန်းမှာ မောင်စစ်မှူးပိုင်ထိုင်နေတာ တွေ့လိုက်ရသည်။

"ကျွန်တော့်နာမည်က စစ်မှူးပိုင်ပါ၊ အန်ကယ်က ..."

ဦးကျော်စံဆိုတဲ့ လူကြီးကို သူမတွေ့ဘူးပေ။

လူကြီးလူကောင်းတစ်ယောက်ဖြစ်နေ၍ သူလက်ခံတွေ့ခဲ့ခြင်းပင်။

"ကျုပ်က မိုးစက်ပွင့် ကုမ္ပဏီလီမိတက်က မန်နေဂျင်းဒါရိုက်တာ ဦးကျော်စံပါ"

"ဗျာ"

မိုးစက်ပွင့်ဆို၍ သူ အထိတ်တလန့် ဖြစ်သွားရသည်။





"လာတဲ့ကိစ္စကိုပြောပါ အန်ကယ် ..."

မောင်စစ်မှူးပိုင်ရဲ့ ပုံသဏ္ဌာန်ကတော့ အေးချမ်းတည်ငြိမ်ပုံပင်။

မာန်တွေ ထန်တွေက အပြည့်။

"မောင်ရင် ..."

"ဟုတ် ပြောပါ ..."

"ကျုပ်လာတဲ့ကိစ္စကတော့ သမီးလေး မိုးစက်ပွင့်နဲ့ ဒေါ်အေးတင်ကို တွေ့ချင်လို့ပါ မောင်ရင် ..."

"ဗျာ ..."

မိုးစက်ပွင့်နဲ့ဒေါ်အေးတင်ကို တွေ့ချင်တယ်ဟု ပြောနေသည်။

"အန်ကယ်က ..."

"အန်ကယ်က မိုးစက်ပွင့်ရဲ့ ဖခင်ပါ"

"ဗျာ ..."

"မောင်ရင့်ကို ကျုပ်ရှင်းပြပါရစေ"

ဦးကျော်စံက အဖြစ်အပျက်တွေကို ရှင်းပြမိသည်။

"မိုးစက်ပွင့်က ကျုပ်သမီးလေးပါ"

"ဒေါ်အေးတင်ကတော့ ဆုံးသွားပါပြီ အန်ကယ် ..."

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးတင် ဆုံးသွား၍ စိတ်မကောင်းဖြစ်ရသည်။

"မောင်ရင် ကျုပ်သမီးလေးကို တွေ့ပါရစေ"

မိုးစက်ပွင့်သည် ချမ်းသာကြွယ်ဝသော အသိုင်းအဝိုင်းက မိန်းကလေးတစ်ယောက်ဖြစ်နေ၍ အံ့သြဝမ်းသာသွားမိသည်။

"ကျုပ်သမီးလေးနဲ့ တွေ့ပါရစေ၊ မောင်ရင့်ဆန္ဒတွေအတိုင်း ဖြစ်ရပါစေမယ်"

စစ်မှူးပိုင်ကတော့ ဦးကျော်စံနှင့် တွေ့ဆုံပေးရန် သဘောတူသည်။

မင်းက ကိုယ်ဖြစ်စေချင်တဲ့ အဆင့်အတန်းတစ်ခုကို ရောက်နေပြီပဲ။

ကျေနပ်စွာ ပီတိတွေ ဖြစ်နေမိတော့သည်။

ဖေဖေတဲ့ ...

သူမအတွက် လုံးဝမထင်မှတ်ထားခဲ့သော အဖြစ်တစ်ခုသာ ဖြစ်သည်။

"ဖေဖေက သမီးဖေဖေပါ။ ဖြိုးပပဆုံးသွားပြီး သမီးလေးက ဖေဖေ့ဆီ ရောက်လာခဲ့တယ်"

ချောမောလှပလွန်းသော သမီးလေးကို မိမိရင်ထဲမှာ မြတ်နိုးနေမိသည်။

ကံကောင်းစွာ ပြန်တွေ့ရတဲ့ သမီးလေး မိုးစက်ပွင့်။





မျက်ဝန်းလေးတွေက ညှိုးငယ်နွမ်းရော်နေသည်။

အင်အားမဲ့နေ၏။

"ဖေဖေ့ရဲ့ တာဝန်မဲ့မှုတွေပါ သမီးလေးရယ်"

သူမ တကယ်ပင် အိပ်မက်တစ်ခုလားဟု ထင်နေမိသည်။

"ဖေဖေ ပြန်လာတော့ သမီးလေးသေပြီဆိုတာ မယုံလို့ ဖေဖေ မမနှင်းနဲ့ကွာရှင်းပြီး သမီးကို လိုက်ရှာနေတာ"

"ဟင် ... ဒေါ်မမနှင်းနဲ့ ကွာရှင်းလိုက်ပြီလား"

"အင်း"

သမီးလေး မျက်ဝန်းလေးတွေထဲမှာ အေးစက်နေဆဲပင် ဖြစ်သည်။

"မိုးစက်ပွင့်"

"ရှင်"

"ဖေဖေ့ကို အသိအမှတ်ပြုပါ ... ဖေဖေလို့ ခေါ်ပါလား သမီးရယ်"

ကျွန်မ ဖေဖေ ...

ဖေဖေ ...

ရင်ထဲမှာ နာကျင်နေသည်။

ကျွန်မ ဘယ်တော့မှ တွေ့ဆုံရလိမ့်မယ်လို့ မထင်မှတ်ထားခဲ့တဲ့ ဖေဖေ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရယ် ...

တကယ်ပဲ။

ဖေဖေနဲ့သမီး တွေ့နေရတာလား။

အိပ်မက်တွေတော့ မဟုတ်ပါဘူးနော်။

ဖေဖေ့မျက်နှာပြင်ပေါ်မှာ သမီးနှင့်ဆင်တူသော မျက်လုံး နှာတံတွေကို တွေ့နေရသည်။

ကျွန်မဖေဖေပဲ။

"သမီး ..."

"ရှင် ..."

"ဖေဖေလို့ ခေါ်ပါကွယ်"

ဖေဖေ့မျက်နှာပြင်ကို အားကိုးတကြီး မော်ကြည့်

ကျွန်မဘဝတွင် အားကိုးတွယ်တာရာ သွေးသား တစ်ယောက် ရှိနေပါသေးလား။

"ဖေဖေ"

"သမီးရယ် ..."

ဖေဖေ့ရင်ခွင်ထဲသို့ သူမ တိုးဝင်ဖက်တွယ်ထားမိသ

ကြေကွဲဝမ်းနည်းစွာဖြင့် တသိမ့်သိမ့်ရှိုက်ငိုပစ်လိုက်

"မောင်စစ်မှူးပိုင် ..."

"ပြောပါ အန်ကယ် ..."





"သမီးလေးကို အန်ကယ်ပြန်ခေါ်သွားပါရစေ၊ မင်းဆန္ဒကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါ"

မိုးစက်ပွင့်သည် အိမ်ဖော်မကြီးတစ်ယောက်ရဲ့မြေး မဟုတ်တော့ပေ။

သူဌေးကြီး ဦးကျော်စံရဲ့သမီး။

"သမီးလေးနဲ့နေဖို့ ကျုပ်တိုက်နဲ့ခြံလဲ ဝယ်ထားပြီးပြီ ... မောင်ရင့်ကိုတော့ ကျုပ်ကျေးဇူးတင်ပါတယ်၊ ဒါကြောင့် မောင်ရင့်ဆန္ဒကိုပဲ ကျုပ် ဦးစားပေးပါ့မယ်"

စစ်မှူးပိုင် နှုတ်ခမ်းတွေက ပြောမထွက်ရဲ။

"ဒါဆို အန်ကယ် ပွင့်ပွင့်လင်းလင်းပဲပြောမယ် ... မောင်ရင်နဲ့သမီးလေးနဲ့ လက်ထပ်ဖို့စီစဉ်ထားတယ် မဟုတ်လား"

"ဟုတ်ပါတယ် အန်ကယ် ..."

စစ်မှူးပိုင်က တက်ကြွစွာဖြင့် အဖြေတစ်ခုကို အမြန်ဆုံးပေးလိုက်သည်။

မိုးစက်ပွင့်ကို လက်ထပ်ဖို့ သူ့ဘဝမှာ အလိုအပ်ဆုံးဖြစ်ခဲ့၏။

"အန်ကယ် သဘောတူတယ်"

ကျွန်မ ငြင်းဆန်ချင်သည်။

အော်ဟစ်ပြီး ကန့်ကွက်ပစ်ချင်တဲ့ဆန္ဒတွေ ပြင်းပြစွာပြ ပေါ်လာရ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးကိုတော့ အန်ကယ် ... ခေါ်သွားမယ်နော် မောင်ရင်"

"ကျွန်တော် လိုက်ပို့ပါ့မယ်၊ အန်ကယ် အရင်ပြန်နှင့်ပါ — မကြာခင် အန်ကယ်နေတဲ့ဆီ လာပို့ပေးပါ့မယ်"

မိုးစက်ပွင့်ကို သူစိတ်မချသေး၍ ရုတ်တရက်ကြီး မပြန်ချင်သေးပေ။

"အန်ကယ်ပြန်မယ် ... လိပ်စာပေးခဲ့မယ်နော်"

"ဟုတ်ကဲ့"

ဖေဖေက သူမကို အားပေးစကားတွေပြောပြီး ပြန်သွားခဲ့သည်။

ကျွန်မ ဘယ်လိုဆုံးဖြတ်ရမလဲ။

ကို ...

ကိုရန်မခ။

ကျွန်မ အချစ်တွေက ကို့ထံမှာပဲ ရှိနေသည်။

ဒေါ်မမနှင်းရဲ့သား။

ခေါင်းထဲမှာ နောက်ကျိရှုပ်ထွေးသွားရ၏။

❖-------❖

အခန်း ( ၂၀ )

ဖေဖေ ဝယ်ထားတဲ့ တိုက်အသစ်ဆီသို့ သူရောက်လာခဲ့သည်။

မိုးစက်ပွင့် တစ်ယောက်တည်း ရှိနေ၏။

"မိုး"

"ဟင်"

"မင်းဘဝလေး အခုလိုတွေ့ရတာ ကိုယ်အရမ်းဝမ်းသာတာပဲကွာ"

ကိုယ့်ရင်ထဲမှာရှိနေတဲ့စကားတွေပါပဲ မိုးစက်ပွင့်ရယ်။

မင်းကို တွေ့တွေ့ချင်း ကိုယ့်နှလုံးသားတွေထဲမှာ ကြီးမားတဲ့ သံယောဇဉ်တွေနဲ့ ချစ်မြတ်နိုးခဲ့ရတာပါ။

"ကျွန်မ လက်ထပ်တော့မယ်"

"မင်း ဆုံးဖြတ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကံကြမ္မာက အဆုံးအဖြတ်ပေးလိုက်တာပါ ကို"

မိုးလည်း ကံကြမ္မာကို မုန်းတီးနာကြည်းနေသလိုပါပဲ။

ကျွန်မ ချစ်တာ ကို။

အမှန်တရားတွေကို ကျွန်မ ဘာဖြစ်လို့ မဆုံးဖြတ်နိုင်တာလဲ။

ကိုနှင့်ကျွန်မ အကြည့်ချင်း ဆုံမိသွားရသည်။

ဖေဖေ မရှိ။

ကိုကိုကလည်း မင်္ဂလာကိစ္စတွေနှင့် အလုပ်များနေသည်။

ကျွန်မ စိတ်မဝင်စားမိ။

ထိုအချက်နှင့်ပင် ကိုကိုနှင့်ကျွန်မ အမြဲတမ်း စကားများခဲ့ရသည်။

"မိုး ..."

"ရှင် ..."

"မင်း ... ကိုစစ်မှူးပိုင်အပေါ် မချစ်ဘူး မဟုတ်လား"

"ဟုတ်တယ် ... ကိုကိုက တစ်ကိုယ်ကောင်းသိပ်ဆန်လွန်းတယ်၊ ဂုဏ်ပကာသနတွေကို မက်မောလွန်းတယ်"

ကိုစစ်မှူးပိုင်အား ကျွန်မ လုံးဝအမှတ်မပေးချင်။

"မင်း ဘာဖြစ်လို့ လက်ထပ်ဖို့ ဆုံးဖြတ်ရတာလဲ"

"ကံကြမ္မာအရလေ"





"မင်း လက်မထပ်ရဘူး မိုး ..."

"ဒီစဉ်နေပြီ"

"မိုး ..."

မိုး လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်မိသည်။

"ဖယ်ပါ ကို ..."

သူမ ရုန်းပစ်မိသည်။

ကိုစစ်မှူးပိုင်က ...

သဝန်ကြောင်တတ်သော ယောကျ်ားတစ်ယောက် ဖြစ်နေ

တွေ့သွားရင် မလွယ်။

"မင်းဘဝတစ်လျှောက်လုံး စိတ်သောက ရောက်ရလိမ့်မယ် ..."

ကို့မျက်နှာကို ကျွန်မ ဖျတ်ခနဲ မော့ကြည့်မိသည်။

ကျွန်မ ဘဝ တစ်လျှောက်လုံး ဒုက္ခတွေ၊ သောကတွေ ခဲ့ရတာပဲ။

မထူးပါဘူး။

ဖေဖေက မမနှင်းသားနဲ့ သမီး ဘယ်တော့မှ လက်မထပ်ပါ

ကိုကတော့ ကျွန်မကို ငဲ့ညာထောက်ထားစွာဖြင့် လက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို သွတ်ပေးသည်။

"ကို မှားသွားတယ်မိုး … မင်းစိတ်တွေကို အကျပ်အတည်း ဖြစ်အောင် မလုပ်သင့်ဘူး"

သူ …

အလိုက်သိရမည် ဖြစ်သည်။

မိုးနှင့်ပတ်သက်ပြီး သူအများကြီး ကိုယ်ချင်းစာရမည်ဖြစ်၏။

မေမေက မင်းကို ဘာလို့အထင်သေးနေရတာလဲ။

မင်းကို ဒေါ်မမနှင်းသားတစ်ယောက်အနေနဲ့ ကို မပတ်သက်ချင်ဘူး။

"ကိုယ် ပြန်တွေ့မယ် မိုး … "

ရက်တရက်ကြီး ပြန်မယ်ပြော၍ မိုးစိတ်ထဲ တစ်မျိုးကြီးဖြစ်သွားရ၏။

"ဟုတ်ကဲ့"

"ဖေဖေ့ဆီတော့ ကိုယ်မကြာခဏ လာတတ်နေတာပဲ၊ ဒီစစ်မှုထမ်းပိုင် နားလည်မှု ပေးနိုင်မှာပါနော်"

"ကျွန်မကတော့ ဘာတစ်ခုမှ အာမခံချက် ပေးနိုင်မှာ မဟုတ်ဘူး"

"မင်းက အခုကတည်းက ယောက်ျားကို ကြောက်နေရပြီး မိုးစက်ပွင့် … "





သူ …

အစ်ကိုတစ်ယောက်ကဲ့သို့ နောက်ပြောင်ပြီး ထွက်သွားခဲ့သည်။

"တီ … တီ"

"တီ … "

ကိုကို ရောက်လာသည်။

ကိုရန်မခနှင့် ခြံဝမှာ တွေ့ဆုံသွားမှာ သေချာ၏။

ရှင် သဝန်ကြောင်တော့မှာပဲ။

စွတ်စွဲပုတ်ခတ်မှုတွေနှင့် ကျွန်မကို ပြဿနာရှာတော့မှာပဲ။

သူမ တွေးထင်ထားတဲ့အတိုင်းပင် သူ့မျက်နှာပြင်က သုန်မှုန်နေသည်။

တင်းမာတဲ့ မျက်ဝန်းတွေနှင့် ကျွန်မ မျက်ဝန်းတွေ ဆုံမိသွား၏။

"ဟိုကောင် ဘာလာလုပ်တာလဲ"

"လာလည်တာပါ"

"ဘာကွ … "

"ဒုက္ခပါပဲ … သူက ဖေဖေ့ဆီ အမြဲတမ်း လာနေကျပဲကိုကို"

သူ လုံးဝမကျေနပ်ဘဲ ဒေါသတွေပဲ ပေါက်ကွဲနေမိသည်။

မင်း ညာတာပဲ မိုးစက်ပွင့်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူကလည်း မင်းချစ်သူ။

လုံးဝ မရှိးသားဘူး။

“မိုးစက်ပွင့်”

သူ့အကြည့်တွေက စူးဝါးစွာ ဒေါသတကြီး ဖြစ်နေရတာ သူမ အံ့ဩမိသည်။

“ဒီကောင်နဲ့ မင်း နှစ်ပါးသွားနေကြတာ မဟုတ်လား”

“ရှင်နော်”

သူမစိတ်တွေက ထိန်းချုပ်ထားသည့်ကြားမှ လွတ်ထွက်ချင်သွားသည်။

“ဒီတိုက်က ဖေဖေ့တိုက်၊ သူက ဖေဖွေ့သားလေ၊ ကျွန်မ ရောက်မလာခင်တည်းက သူဝင်ထွက်သွားလာနေကျပဲ”

ကျွန်မဘက်မှ အမှန်တရားကို ရှင်းပြပေမယ့် လက်မခံ။

“ဒီတိုက်မှာ အရင်က ဝင်ထွက်တာကို ကိုယ်နားမလည်ဘူး မိုးစက်ပွင့် ... မင်းအဖေနဲ့ နေစရာမလိုဘူး၊ အခုပဲ ကိုကိုနဲ့လိုက်ခဲ့ရမယ်”

“ကျွန်မ ဖေဖေက လက်ခံမှာမဟုတ်ဘူး”

“မင်း လက်ခံလား ...”

သူ့အကြည့်တွေကို ရင်ဆိုင်နိုင်ရန် အတော်လေး ကြိုးစားနေရသည်။





မင်း လက်ခံလားတဲ့။

ကျွန်မ ငြင်းဆန်မှာမဟုတ်ဘူးဆိုတာ သူသိပြီးသားပဲ။

“ပြောလေ ...”

“ကျွန်မ တောင်းပန်ပါတယ် ကိုကို ... ဖေဖေက အခုမှ နဲ့ တွေ့ဆုံခွင့်ရခဲ့တာပါ”

သူက ခေါင်းကို ခါရမ်းပစ်သည်။

“လက်မခံနိုင်ဘူး ... ရန်မခဆိုတဲ့ကောင်က မင်းအဖေကို ကြောင်းပြပြီး မင်းနဲ့ပတ်သက်ဖို့ ကြိုးစားမှာပဲ”

“ကျွန်မ ရှင်နဲ့လက်ထပ်ပြီးရင် ရှင့်နောက်လိုက်နေဖို့ ဖေဖေ တာတူပြီးသားပဲ”

“မရဘူး ... မင်းဘာအကြောင်းမှ ပြမနေနဲ့တော့၊ ကိုကိုနဲ့ ဲ လိုက်ခဲ့ ...”

“မလိုက်ဘူး”

“ဘာ ...”

“အရင်က ကျွန်မမှာ အဖေမရှိဘူး၊ အခု အဖေတစ်ယောက် နေပြီ၊ ရှင်လုပ်ချင်တိုင်း မလုပ်ပါနဲ့ ...”

“မင်းကို မင်းအဖေဆီမှာ ထားလို့မဖြစ်တော့လို့ပေါ့ကွာ၊ ယ်ကွာ ... မင်းနဲ့ အခုပဲ တရားရုံးမှာ လက်ထပ်မယ်”

သူ့ စိတ်ထဲမှာ ရှုပ်ထွေးနောက်ကျိစွာဖြင့် ဒေါသတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲပစ်ချင်နေမိတာတော့ အမှန်ပဲ ဖြစ်သည်။

မိုးစက်ပွင့်ကို သူဌေးသမီးဖြစ်အောင် လုပ်ကြံဖန်တီးပြီး လက်ထပ်ယူဖို့ ကြိုးစားနေသည်ဟု ချစ်စုက စွတ်စွဲသေး၏။

လုပ်ငန်းစီးပွားဘက်တွေကလည်း လှောင်ပြောင်ရယ်မောစရာတစ်ခုအဖြစ် သူ့ကိုတွေ့တိုင်း ပြောဆိုနေတတ်ကြသည်။

"မင်းသိပ်ပြီး ကြီးကျယ်ခမ်းနားမနေစမ်းပါနဲ့၊ မင်းနဲ့ လက်ထပ်ဖို့ ငါဘယ်လောက်ထိ သတ္တိတွေ မွေးခဲ့ရသလဲ"

သူ့ဘက်က အနစ်နာခံ နစ်နာဆုံးရှုံးမှုတွေကို ပြောနေသည်။

"ပတ်ဝန်းကျင်မှာ ဘယ်လောက်ထိ ဂုဏ်သိက္ခာတွေ ကျဆင်းနေရလဲ၊ အဲဒါတွေ မင်းသိရဲ့လား"

သူမ ရင်ထဲမှာ ဒေါသတွေ ပေါက်ကွဲသွားရ၏။

ရှင် အလကားလူပဲ။

စိတ်ဓာတ်သေးသိမ်အောက်တန်းကျတဲ့လူ။

❖........❖

အခန်း ( ၂၁ )

စီးပွားရေးလုပ်ငန်းတွေ ကျဆင်းလာသောအခါ ဒေါ်မမနှင်းစိတ်သောကတွေ အကြီးအကျယ် ရောက်ရတော့သည်။

ကိုကျော်စံ အောင်မြင်နေ၏။

အစွမ်းအစရှိတဲ့ ယောကျ်ားတစ်ယောက်အနေနဲ့ လုပ်ငန်းတွေ အောင်မြင်နေတာ ဆန်းလား။

မိမိပဲ ...

သားက အခုမှ စီးပွားရေးလုပ်ငန်းတွေထဲ ဝင်ကာစဖြစ်သည်။

ဖခင်နှင့် လက်တွဲမဖြုတ်သင့်ပေ။

မိမိ အတ္တကြီးတာပဲ။

ကိုကျော်စံ့သမီးလေးကို လက်မခံဘဲ စွန့်ပစ်ထားခဲ့မိသည်။ နှိမ်ချ ဆက်ဆံခဲ့၏။

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မှားပြီ ...

ကိုကျော်စံကလည်း မိမိအပေါ် တာဝန်ကျေလွန်း
ယောကျ်ားပါပဲ။

ရှာဖွေသမျှ စည်းစိမ်ဥစ္စာတွေကို ပေးအပ်ခဲ့သည်။

"သား ... "

"ဗျာ မေမေ ... "

"မင်းဖေဖေဆီ မသွားတော့ဘူးလား"

"မသွားချင်ဘူး မေမေ ... မိုးစက်ပွင့်နဲ့ ဆုံမိမှာ သ
အကြောက်ဆုံးပဲ"

မိုးစက်ပွင့်နှင့် မပတ်သက်မိအောင် အတတ်နိုင်ဆုံး ကြိုး
နေရသည်။

ဖေဖေ့ဆီလည်း မသွားတော့။

"မိုးစက်ပွင့်က လက်ထပ်တော့မယ် မေမေ"

"ဘယ်သူနဲ့ လက်ထပ်မှာလဲ သား ... "

မိုးစက်ပွင့် လက်ထပ်မယ့်သူကို ဒေါ်မမနှင်း သိလို
သည်။

မိမိထက် ချမ်းသာသောလူပဲ။

ဖိတ်ခြင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်သင့်သည်ဟု တွေးမိ
သည်။





ကိုကျော်စံလည်း လုပ်ငန်းတွေ အောင်မြင်လာနေ၏။

"မိုးစက်ပွင့် အိမ်ထောင်ရေး သာယာငြိမ်းချမ်းဖို့ သား အတတ်နိုင်ဆုံး မပတ်သက်မိအောင် နေရမယ် မေမေ ... "

"မေမေ မှားတယ်သား ... "

"ဘာဖြစ်လို့လဲ မေမေ ... "

"ကိုကျော်စံဟာ အစွမ်းအစရှိတဲ့ ယောကျ်ားတစ်ယောက်ပါ သား"

"ဗျာ ... "

မေမေ့ထံမှ ရှိုးကျူးစကားတွေထွက်လာ၍ ရန်မခ ဝမ်းသာ ကျေနပ်သွားမိသည်။

"ဖေဖေက စိတ်သဘောထား ပြည့်ဝပါတယ် မေမေ ... ယောကျ်ားပီသတယ်၊ မေမေ့အပေါ်လည်း တာဝန်ကျေခဲ့တာပါပဲ"

"မေမေ မှားသွားတယ်၊ တကယ်ဆို မေမေ့ရဲ့ အတ္တကြီးမှု တွေကြောင့် အိမ်ထောင်ရေး၊ လူမှုရေး၊ ဒုက္ခတွေ ဂုဏ်သိက္ခာကျ ဆင်းမှုတွေ ခံစားရတာပါ"

"ဟင် ... မေမေ တကယ်ပြောတာလား"

သူ ...

အံ့ဩမိသည်။

အေးစက်နေတဲ့ သွေးနှလုံးသားတွေ ပူနွေးလာရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ရဲ့ အတ္တကြီးမှုတွေကြောင့် မိသားစုဝင်တွေအားလုံး ဒုက္ခရောက်ကြရတယ်၊ အပြုံပြုံအကွဲကွဲတွေ ဖြစ်ကြရတယ်"

ဒေါ်မမနှင်း နောင်တတွေရစွာဖြင့် ပြောနေမိသည်။

"သားဖေဖေနဲ့ သွားတွေ့ပါကွယ်"

သူ ...

ဖေဖေနှင့်ပင် မတွေ့ဆုံတော့ဘူးဟု ဆုံးဖြတ်ထားပြီးသား ဖြစ်သည်။

မထူးတော့ ...

လုပ်ငန်းခွင်ထဲမှာပဲ သွားတွေ့ရန် စိတ်ကူးရသွားသည်။

မိုးက ကိုယ့်ညီမလေးပဲ။

ဖေဖေ့ဆီရောက်တော့ မျက်နှာမသာမယာဖြစ်နေသော ဖေဖေ့ကို တွေ့လိုက်ရသည်။

"ဖေဖေ"

"သား ..."

သားကို တွေ့လိုက်ရသဖြင့် ဦးကျော်စံ မျက်ဝန်းတွေ ရွှန်းလန်းတက်ကြွသွားရတော့သည်။

"ဖေဖေ နေမကောင်းဘူး သား ..."

"ဟုတ်လား ဖေဖေ ... ဒါကြောင့်လဲ သားက စိတ်မချတာ"

ဦးကျော်စံ နေလည်းသိပ်မကောင်းပေ။





သမီးလက်ထပ်မယ့် မောင်စစ်မှူးပိုင် စိတ်တွေကိုလည်း သဘောမကျမိ။

မိမိလည်း အတ္တကြီးမားသော မိန်းမတစ်ယောက်ကို လက်ထပ်မိ၍ အိမ်ထောင်ရေး အဆင်မပြေမှုတွေ စိတ်သောကတွေ ခံစားခဲ့ရသည်။

မဖြစ်ဘူး ...

တားဆီးရမယ်။

သမီးကိုပင် အတ္တကြီးမားစွာ ဖခင်ထံမှ အတင်းခေါ်ယူနေ သည်။

မိမိသမီးလေးပဲ ...

လုံခြုံမှု အပြည့်ရှိသော ဖခင်ရင်ခွင်မှာ အေးချမ်းစွာနေစေလို သည်။

"သမီးလေးရဲ့ အိမ်ထောင်ရေးကလည်း အဆင်ပြေမယ် မထင်ဘူးသား"

"ဗျာ"

သားတစ်ယောက်ပဲ တိုင်ပင်စရာရှိနေသည် မဟုတ်လား။

"ခက်တာက သမီးကိုယ်တိုင် မောင်စစ်မှူးပိုင်နဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ပြီးသား ဖြစ်နေတယ်"

ဒေါ်အေးတင်ရဲ့ဆန္ဒကို ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သူမ ဖြည့်စွမ်းမည်တဲ့။

"ဖေဖေ ..."

"ပြောလေ သား ..."

"မေမေက ဖေဖေ့ကို တောင်းပန်ချင်လို့တဲ့"

"ဟင် ..."

ဦးကျော်စံကလည်း ဘာပဲဖြစ်ဖြစ် မိသားစုကို အဆင်ပြေစေချင်သည်။

ဒေါ်မမနှင်းရဲ့ စိတ်သဘောထား ပြောင်းလဲမှုအတွက် ဝမ်းသာမိ၏။

"မမနှင်းရဲ့ ပြောင်းလဲမှုအတွက် ဝမ်းသာမိပါတယ်ကွယ်၊ ဖေဖေ အမြဲတမ်း မျှော်လင့်ခဲ့တဲ့ကိစ္စပဲ"

"ဖေဖေ လက်ခံတယ်နော်"

"သားရယ် ... ဖေဖေ့စိတ်တွေက အမြဲတမ်း လူတွေကိုခွင့်လွှတ်တယ်၊ သမီးလေးနဲ့ပတ်သက်ပြီးလဲ မမနှင်းရဲ့သဘောထား ပြောင်းလဲရဲ့လား"

"မိုးစက်ပွင့်ကို မေမေက တောင်းပန်ချင်နေတယ် ဖေဖေ"

"ဝမ်းသာပါတယ်ကွယ်၊ အင်း ... မမနှင်းကသာ စိတ်သဘောထား တည်ကြည်ရိုးဖြောင့်ခဲ့ရင် မိသားစုဝင်တွေ ဘယ်လောက်အထိ ပျော်ရွှင်ချမ်းမြေ့စရာကောင်းလိုက်မလဲ"





အတိတ်တွေကို မတွေးချင်။

မမနှင်းကြောင့် မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်လာရသည်။

သမီးလေးလည်း သောကတွေ ဘယ်လောက်အထိရောက်ခဲ့ရလဲ။

"သမီးလေးမိုးဘဝ အခုထိ မတည်ငြိမ် မအေးချမ်းသေးဘူးသား"

"သားလည်း မိုးနဲ့လုံးဝ မပတ်သက်မိအောင် ကြိုးစားနေပါတယ် ဖေဖေ"

"သားလိုစိတ်ဓာတ်မျိုးကိုတော့ ဖေဖေ ချီးကျူးပါတယ်"

"မေမေက တောင်းပန်ချင်နေတာ ဖေဖေ"

"သမီးလေးနဲ့ မောင်စစ်မှူးပိုင်လက်မှတ်ထိုးမယ့်နေ့မှ တွေ့ကြတာပေါ့ သားရယ် ..."

သား ပြန်သွားသည်။

ဦးကျော်စံကတော့ သမီးလေးကိုပဲ စိတ်မကောင်းဖြစ်ရသည်။

ဘယ်လိုတားဆီးရမှန်း မသိအောင် ဖြစ်နေ၏။

အိမ်ပြန်ရောက်တော့ သမီးလေးကို တွေ့ရသည်။

မောင်စစ်မှူးပိုင်လည်း ရောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အန်ကယ့်ကို စောင့်နေတာပါ"

"ပြောပါ မောင်ရင် ..."

"မိုးကို ကျွန်တော့်တိုက်မှာပဲ ထားတော့မယ် အန်ကယ်"

"ဘာကွယ့် ..."

ဦးကျော်စံ စိတ်ထဲမှာ ဒေါသတွေဖြစ်လာရ၏။

"မိုးကို ဒီမှာထားလို့ စိတ်မချလို့ပါ"

"ကျုပ်က သမီးလေးရဲ့အဖေပဲ မောင်ရင် ... မင်းတို့လက်ထပ်ပွဲကိုလဲ သဘောတူထားတာပဲ"

စစ်မှူးပိုင်ကတော့ မိုးစက်ပွင့်ကို အလွှတ်မပေးချင်တော့ပေ။

ဟိုလူနှင့် ကင်းမှာမဟုတ်။

ပတ်သက်ဆက်ဆံမှာစိုးမိ၍ မိုးကိုခေါ်သွားရမည်ဖြစ်သည်။

"ကျုပ်သမီးလေးကိုတော့ မောင်ရင်ခေါ်မသွားပါနဲ့၊ ကျုပ်ရင်ခွင်ထဲမှာပဲထားပါ ... မကြာခင် မောင်ရင့်နောက်ကို လိုက်ရတော့မှာပဲကွယ်"

"မဖြစ်နိုင်ဘူး အန်ကယ် ... ကျွန်တော်ပြန်ခေါ်သွားမယ်၊ ဒီမှာ လုံးဝ စိတ်မချဘူး"

ဦးကျော်စံ တားဆီးနေရပေမယ့် မောင်စစ်မှူးပိုင်က လက်မခံ။





ဖွတ်အတင်း ခေါ်သွားသည်။

"သမီးလိုက်သွားမယ် ဖေဖေ ... အရာအားလုံး ကံကြမ္မာလို့ပဲ သတ်မှတ်ထားပါတော့"

"မဟုတ်သေးပါဘူး သမီး ... မောင်စစ်မှူးပိုင်ရဲ့ ဆန္ဒတွေက တစ်ဖက်သတ်ဆန်လွန်းနေပြီ"

သူမ ...

လိုက်သွားဖို့ပဲ ဆုံးဖြတ်မိ၏။

သူ့ဆန္ဒပဲ။

ကျွန်မ ကံကြမ္မာတွေကိုပဲ ရိုးမည်ဖွဲ့ပစ်လိုက်မိသည်။

"သွားမယ် ကိုကို ... ကိုကို့နောက်ကို ကျွန်မ လိုက်မှာပါ၊ ကိုကို့ဆန္ဒတွေအတိုင်း အားလုံးဖြစ်စေရမယ်"

ဒေါ်အေးတင်ကြောင့် မင်းစိတ်တွေ အခုလိုဖြစ်နေတာမဟုတ်လား။

မင်းသိတယ်။

ငါ့ကို မချစ်ဘူးဆိုတာ သိတယ်။

"ကျွန်တော်တို့လက်ထပ်ပွဲမှာ ကျွန်တော့်အချစ်တွေကို သက်သေပြမယ် ... အန်ကယ် ကျေနပ်မှာပါ"

မိုးစက်ပွင့်ကိုခေါ်ပြီး သူ့တိုက်သို့ ပြန်လာခဲ့သည်။

"မင်းကိုလက်ထပ်မယ်၊ မင်းဟာ ငါပိုင်ဆိုင်တဲ့ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲ ဖြစ်စေရမယ်”

သူ ...

လက်ထပ်ပွဲကိစ္စ စီစဉ်သည်။

မိတ်ဆွေအပေါင်းအသင်းတွေရဲ့ ထိုးနှက်ချက်က ပို၍ပြင်းထန်လာ၏။

အမိက ...

ချစ်စုပဲ။

စီးပွားဘက်တွေက သူ့အား တားဆီးနေကြသည်။

“ငယ်ရွယ်တဲ့ မိန်းကလေးတစ်ယောက်ကို ဘာဖြစ်လို့ လက်ထပ်ချင်ရတာလဲ ကိုစစ် ... နင့်ဘဝမှာ လိုက်ဖက်တင့်တယ်မယ့် ဇနီးမယားတွေ အများကြီး ရွေးချယ်ခွင့်ရှိနေတာပဲဟာ”

သူ့ကို တွေဝေသွားစေတဲ့စကားတွေသာ ဖြစ်သည်။

ကောင်မလေးဘက်မှ သူ့ကို မချစ်မနှစ်သက်တာတော့ အမှန်ပဲဖြစ်သည်။

“မင်း နောက်မကျသေးဘူးနော် စစ်မှူးပိုင်၊ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးရသေးတာမှ မဟုတ်တာ”

သူ တွေဝေသွားသည်။

မနက်ဖြန် ...

မိုးနှင့်လက်ထပ်ရတော့မည်။





လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးကြရန် မိုးစက်ပွင့်ဖခင်တိုက်မှာ စီစဉ်ထားသည်။

မိုးကိုတော့ ဖခင်ဆီ ပြန်အပ်ထားခဲ့သည်။

မင်းကို ချစ်တယ် မိုး၊ မြတ်နိုးတယ်။

ကိုကို သတ္တိမရှိဘူး။

တကယ်တမ်း လက်ထပ်ရမယ်ဆိုကော့ စစ်မှူးပိုင်သတ္တိမရှိတော့ဘဲ တွန့်ဆုတ်နေမိသည်။

❖--------❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၂ )

မိုးစက်ပွင့် အလှအပတွေ ပြင်ထားသည်။

ဒီနေ့ ...

ကိုစစ်မှူးပိုင်နှင့် သူမ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးရမည်။

လူကြီးတွေ စုံနေသည်။

ဒေါ်မမနှင်းက ပွဲတက်ခဲ့ပြီး စိန်တစ်ဆင်စာ လက်ဖွဲ့၏။

"သမီးလေးကို ရက်စက်ခဲ့မိတာတွေ ... နှိမ်ချဆက်ဆံခဲ့တာတွေအားလုံး မေမေ တောင်းပန်ပါတယ်"

သူမကတော့ ဒေါ်မမနှင်းရဲ့ တောင်းပန်မှုအတွက် ဝမ်းသာပီတိတွေ ဖြစ်သွားမိသည်။

ဖေဖေ့ဘဝကို အထီးမကျန်စေချင်၍ ဖြစ်၏။

ကိုနှင့် ဒေါ်မမနှင်းတို့ ဖေဖေ့အနားမှာ ရှိနေနိုင်သည်။





သူမကတော့ ယောက်ျားတစ်ယောက်ရဲ့ စိတ်သဘောထားသေးသိမ်အောက်တန်းကျမှုကြောင့် မိသားစုနှင့် တွေ့ဆုံနိုင်ခွင့်မရှိပေ။

"မိုး"

"ရှင်"

"မေမေကို ခွင့်လွှတ်တယ်ဆိုရင် မေမေလို့ ခေါ်ပါလားကွယ်"

ဒေါ်မမနှင်း နောင်တကြီးစွာဖြင့် မိုးကိုဖက်ကာ ပြောမိသည်။

လှပတင့်တယ်လွန်းတဲ့ မိန်းကလေး။

"မေမေ"

"သမီးလေးရယ်"

လူတွေအားလုံး ဝမ်းသာပျော်ရွှင်နေကြသည်။

မိသားစုဝင်တွေအားလုံး ပြန်ပြီး စည်းလုံးညီညွတ်သွားကြတာပဲ။

"မောင်စစ်မှူးပိုင်လဲ ရောက်မလာသေးပါလား သမီး"

သူ ရောက်မလာသေးပေ။

ညကလည်း သူမထံမလာဘဲ အရက်တွေသာ အလွန်အကျွံသောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်စာချုပ်မှာ အသိသက်သေတွေအဖြစ် လက်မှတ်ထိုးကြမယ့် လူကြီးတွေပင် တဖွဲဖွဲ ရောက်လာကြသည်။

သတ်မှတ်ထားသော မင်္ဂလာအချိန်ပင် ကျော်လွန်လာ၏။

"ဘယ်လိုလဲ ဦးကျော်စံ ... ကျွန်တော်တို့မှာ အလုပ်ကိစ္စတွေ ရှိသေးတယ်"

"ခဏလေး သည်းခံပါဗျာ ... မောင်စစ်မှူးပိုင် ဘာဖြစ်နေလဲ မသိဘူး၊ သွားခေါ်နေပါတယ်"

သားဖြစ်သူကိုယ်တိုင် ကားနှင့်သွားခေါ်နေသည်။

လူကြီးတွေကိုခေါ်ပြီး စောင့်ခိုင်းထားရတာပင် အားနာစရာပင်ဖြစ်နေ၏။

မိုးစက်ပွင့်ကတော့ တစ်စုံတစ်ခုအတွက် အဟန့်အတား ဖြစ်နေပြီဟု ထင်မိသည်။

ကိုစစ်မှူးပိုင်က သစ္စာရှိတဲ့ ယောကျာ်းတစ်ယောက်မဟုတ်။

သူမအား လက်ထပ်ဖို့အတွက် အနစ်နာခံရသည်ဟု ထင်မှတ်နေသည်။

ကျွန်မ ကံဆိုးတယ်။

ကိုယ်ချစ်မြတ်နိုးတဲ့သူတွေနဲ့ ပေါင်းသင်းနေထိုင်ခွင့်တွေ မရှိတော့ဘူးလားဟု တွေးမိနေသည်။ ငိုချင်လာ၏။

မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ စို့တက်ချင်လာသည်။





ကိုစစ်မှူးပိုင် ဆန္ဒတွေအတိုင်း လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးကြရန် စီစဉ်ထားခဲ့၏။

ရှင် ဘယ်မှာလဲ အရက်တွေပဲ မူးနေပြီလား။

"မင်းနဲ့လက်ထပ်ဖို့ ငါ့အသိုင်းအဝိုင်းတွေက သဘောမတူခဲ့ကြဘူး မိုး ..."

လွန်ခဲ့သော နှစ်ရက်လောက်က သူပြောခဲ့တဲ့စကားတွေသာဖြစ်သည်။ သူမနှင့် ပြဿနာ တက်ခဲ့ကြ၏။

"မင်း သိပ်ပြီးကြီးကျယ်မနေစမ်းပါနဲ့ မိုးစက်ပွင့် ... မင်းဟာ ငါ့ဘဝအတွက် ဝဋ်သိက္ခာကျဆင်းရမယ့် မိန်းမတစ်ယောက်ပဲ"

"ဟုတ်တယ် ... အဲဒါ အမှန်ပဲ၊ ကိုကို ကျွန်မနဲ့လုံးဝလက်မထပ်သင့်ဘူး၊ ကျွန်မကြောင့် ကိုကိုဘဝတွေကို အနစ်မွှန်းမခံပါနဲ့"

"အေး ... ငါတွေဝေနေတယ်၊ စဉ်းစားနေတယ်၊ အဲဒါက မင်းနဲ့လက်ထပ်သင့် လက်မထပ်သင့်ဘဲ"

"လက်မထပ်သင့်ဘူး"

"ငါဘာဖြစ်လို့ မင်းနဲ့ဇွတ်အတင်း လက်ထပ်ချင်နေရတာလဲ၊ မင်းက နောက်ခံသမိုင်းကြောင်း မကောင်းတဲ့မိန်းမပဲ မိုးစက်ပွင့်"

သူသည် တစ်ညလုံး သူမကို ထိခိုက်နစ်နာစေမည့်စကားတွေပဲ ပြောနေသည်။

နိမ့်ကျတဲ့ဘဝတွေကိုပဲ ဖော်ထုတ်ပြောဆိုနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မိုးစက်ပွင့်"

သူမ မျက်ဝန်းတွေအား ထိုးဖောက်မတတ် စိုက်ကြည့်သည်။ တစ်ကိုယ်လုံးအား တင်းကျပ်စွာ ဖျစ်ညှစ်ဆုပ်ကိုင်ထား၏။

"မင်း ငါ့ကိုမချစ်ဘူး မဟုတ်လား မိုးစက်ပွင့်"

ရှင်ကရော ကျွန်မ နှလုံးသားတွေထဲကို နူးညံ့တဲ့ချစ်ခြင်းမေတ္တာတွေ တိုးဝင်ပြည့်နှက်လာအောင် ဖန်တီးခဲ့လို့လား"

နာကြည်းကြေကွဲမှုတွေပဲ ဖွတ်အတင်း တိုးဝင်စေခဲ့တယ်။

"မိုး"

အကြည့်ချင်း ဆုံမိနေသည်။

"ငါ့ကို ချစ်လား"

နာကြည်းခါးသီးစရာကောင်းလွန်းတဲ့ မျက်ရည်ဝေါက်တွေပဲ သူမ မျက်ဝန်းတွေထဲမှ လိမ့်ဆင်းကျလာသည်။

သူမက ငြင်းဆန်သည်။

မပြောခဲ့ပေ ...

သူက သူမ တစ်ကိုယ်လုံးကို ကြမ်းတမ်းစွာ လှုပ်ခါနေသည်။

"မင်းလို နိမ့်ကျတဲ့ကောင်မလေးတစ်ယောက်ဆီက ချစ်ခြင်းမေတ္တာတွေ တောင်းခံနေမိတာ ငါမှားနေပြီကွ"

သူ ...

အော်ဟစ်နေသည်။





သူမအား အထင်သေးနိမ့်ကျတဲ့စကားတွေ ပြောခဲ့၏။

"မင်းသွားတော့ ... မင်းနဲ့ပြောစရာ ဘာအကြောင်းမှမရှိတော့ဘူး၊ မင်းအဖေဆီ ပြန်တော့"

ဖေဖေ့ဆီ သူမ ပြန်ရောက်လာချိန်တွင် လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးဖို့ စီစဉ်ပြီးသား ဖြစ်နေ၏။

သူ့ဘက်ကလည်း မဖျက်။

သူမကတော့ ရှင်ထားရာနေ စေရာသွားဖို့ ဆုံးဖြတ်ထားပြီးသားပဲ။

"မိုး"

"ဟင် ... ဖေဖေ"

"ဘယ်လိုလုပ်မလဲ"

ဖေဖေ့မျက်နှာပေါ်မှာ စိတ်ထိခိုက်ကြေကွဲဟန်တွေ ပြည့်ဝနေသည်။

"မောင်စစ်မျိုးပိုင်ကို ရှာမတွေ့တော့ဘူး သမီး"

ဧည့်သည်တွေကို စောင့်ခိုင်းထားရတာ အားနာစရာဖြစ်နေသည်။

ကျွန်မ ဘာဆက်လုပ်ရမလဲ။

ပွဲဖျက်ရုံပဲပေါ့။

အကြောင်းတစ်ခုခုဖြစ်နေရင်လည်း အကြောင်းကြားသင့်



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ဖေဖေက ပြောသည်။

ထိုအချိန်တွင် ကျွန်မထံ သူ ဖုန်းဆက်သည်။

"မင်းလို ကောင်မလေးတစ်ယောက်ကို လက်ထပ်ဖို့ ငါ့မှာ သတ္တိမရှိဘူး မိုးစက်ပွင့်၊ အလှအပလေး တစ်ခုတည်းမှာ ငါ တိမ်းညွတ်ယစ်မူးသွားတာပဲ၊ တကယ်တမ်းကျတော့ ငါ့ဂုဏ်သိက္ခာအတွက် မင်းကို လက်မထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ ..."

"ဟင် ... ရှင် ... ရှင် ..."

"လက်ထပ်ပွဲကို ဖျက်ပစ်လိုက်ပြီ မိုးစက်ပွင့်၊ ဒါပဲ ..."

သူမ ဖုန်းလေးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။

"ဘာပြောတယ် သမီး ... လက်ထပ်ပွဲကို ဖျက်လိုက်တယ်တဲ့လား"

ဖေဖေ့အမေးကို သူမ ခေါင်းညိတ်ပြီး ဖြေမိသည်။

ရင်ထဲမှာ မွန်းကျပ်ဆို့နစ်လာ၏။

ရှင် တကယ့်ကို အထောက်အထား အညှာအတာမရှိ အတ္တကြီးလွန်းတယ်။

မိန်းကလေးတစ်ယောက်ရဲ့ အရှက်နဲ့သိက္ခာကို မငဲ့ကွက်တဲ့လူ။

လက်ထပ်ပွဲကို အစောကြီးကတည်းက ဖျက်သိမ်း၍ရပါလျက် ...





"မိုး ..."

ကို ရောက်လာသည်။

ဧည့်သည်တွေကို ဖေဖေက တောင်းပန်စကား ပြောနေ၏။

အားလုံးနီးပါး ထပြန်သွားကြတော့သည်။

သူ့ရင်ထဲမှာ ဆို့နေ၏။

"မိုးရယ် ..."

သူမ မျက်ဝန်းတွေထဲမှာ မျက်ရည်ပေါက်တွေ လိမ့်ဆင်းကျလာသည်။

"သမီးလေး ဘာမှအားမငယ်နဲ့နော်၊ ဖေဖေ မေမေနဲ့ ရန်မခလဲ့ရှိတာပဲ"

ဧည့်သည်တွေလည်း မရှိကြတော့ပေ။

ဖေဖေနှင့်မေမေလည်း စိတ်မကောင်းစွာဖြင့် သူမအနားမှ ထွက်သွားကြတော့သည်။

"မိုး"

"ဟင် ..."

"အနားယူလိုက်တော့နော်"

သူမအား ကိုရန်မခက ဖေးမတွဲခေါ်လာခဲ့သည်။

ခြေလှမ်းတွေက အင်အားတွေ မဲ့နေသလို ချည့်နဲ့နေလေ၏။

ကိုရန်မခက သူမအား ဖေးမတွဲယူထားၡသာ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘဝ တစ်လျှောက်လုံး အေးချမ်းတည်ငြိမ်တော့မှာပါ မိုးရယ်"

ကိုရန်မခရဲ့ လက်တွေကိုတော့ သူမ အားကိုးတကြီးတင်းကျပ်စွာ ဆုပ်ကိုင်ထားမိတော့သည်။

သင်းမြတ်နိုး

BURMESE CLASSIC

www.burmeseclassic.com